


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး(၃)ပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့် စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မင်းစက္က

ဥမ္မတ္တက မောင်ပုတ္တ

www.burmeseclassic.com

www.burmeseclassic.com

မင်းစက္က - ဥမ္မတ္တက မောင်ပုတ္တ

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၁၀၀၃၁၀
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၇၆၀၂၁၀
ထုတ်ဝေခြင်း - (ပထမအကြိမ်)
၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၃၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးဌေးအောင် (၀၇၃၂၅)
ဖြူစင်ပုံနှိပ်တိုက်
အမှတ် (၂၀၄)၊ ၃၁ လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးလှနိုင် (မြိတ်စာပေ)
အမှတ် (၆၆)၊ ဗိုလ်ဥတ္တမလမ်း။
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး - မြိတ်စာပေ (ဖုန်း-၇၀၄၄၉၀)
၂၂၁၊ ၃၁ လမ်း (အထက်)၊ ရန်ကုန်
စီစဉ်သူ - ကိုလှနိုင် (မြိတ်)
အထက်မြန်မာပြည် - နဂါးစာပေ (မန္တလေး)
ဖြန့်ချိရေး - ထွန်းဦးစာပေ (မန္တလေး)

၈၉၅.၈
မင်းစက္က
ဥမ္မတ္တက မောင်ပုတ္တ / မင်းစက္က - ရန်ကုန်။
မြိတ်စာပေ ၊ ၂၀၁၀ ။
၂၅၆ - စာ ၊ ၁၂ × ၁၇.၅ စင်တီ။
(၁) ဥမ္မတ္တက မောင်ပုတ္တ

## ကအခန်း ( ၁ )
## စံအော်နှံ့အိုင်ကြီး

"ဂျိမ်း . . . ဂျိမ်း . . . ဂျိမ်း"

မိုးထစ်ချုန်းသံများက အဆက်မပြတ်ပင် ထွက်ပေါ်လာခဲ့သည်။ လျှပ်နွယ် လျှပ်ပန်းများက ဖျိုးဖျိုးဖျစ်ဖျစ်နှင့် မြည်နေကြကာ ဝင်းခနဲ လက်ခနဲ ကောင်းကင်ထက်ဝယ် အစင်းကြောင်းကြီးများက လက်သည်းခြစ်ရာကြီးများပမာ ခဏခဏပေါ်လာကြသည်။ တိမ်တောင် တိမ်လိပ်ကြီးများကလည်း ငုက်ခါးတောင်ကြီးများပမာ မည်းမှောင်နေကြလျက် အေးယပ်


www.burmeseclassic.com

www.burmeseclassic.com



ထပ်အရစ်ရစ် ဆင့်ကာ ဆင့်ကာ တက်နေကြသည်၊ မိုးအောက်မြေပြင် မြင်ကွင်းအားလုံးသည်လည်း အမှောင်တစ်ဝက် ဖုံးလွှမ်းကာ မကြည်လင်တော့ . . ၊

လေပြင်းကလည်း တိုက်ခတ်လာသည်။ သစ်ပင်ကြီးငယ်များမှာ ယိမ်းထိုးနေကြသည်။ မိုးမရွာမီ လေက အရင်လာသည်။

"ဝေါ . . . ဝေါ . . . ဝေါ . . . ဝေါ"

မရေးမနှောင်းပင် မိုးက လေနှင့်အတူပါလာခဲ့လေတော့သည်။ တစ်ခဏအတွင်းမှာပင် ရေစီးကြောင်းများဖြစ်ပေါ်လာခဲ့ကြသည်။ မိုးရေများသည် မြင့်ရာမှ နိမ့်ရာသို့ လျင်မြန်စွာပင် စီးဆင်းသွားကြလေသည်။ အိုင်များ၊ ချောင်း၊ ကန်များ၊ တွင်းများထဲသို့ ရောက်ကုန်ကြသည်။ ညနေစောင်းချိန်ကလည်း ဖြစ်ပြန်၊ မိုးမှောင်ကြီးကလည်း ကျပြန်မို့ မိုးချုပ်မြန်သကဲ့သို့ပင် ထင်မိကြရသည်။

ယင်းအချိန်တွင် . . .

လူတစ်ယောက်သည် မိုးရေထဲမှာ အေးဆေးစွာပင် လျှောက်လာသည်။

"ဂျိမ်း . . . ဂျိမ်း . . . ဂျိမ်း"

မိုးခြိမ်းသံတွေက မြေပြင်ကို သိမ့်သိမ့်တုန်သွားစေသည်။





လျှပ်တွေကလည်း တဝင်းဝင်းနှင့် ပြိုးပြက်လိုက်တိုင်းမှာ . . .

"ဂျိမ်း . . . ဂျိမ်း . . . ချွင်"

မြေပြင်တစ်နေရာကို မိုးကြိုးပစ်ချသည်။ ထိုအခါ ပိုပြီးတော့ ကျယ်လောင်သောအသံကြီးများက နားကွဲမတတ် ဆင့်ကဲ ဆင့်ကဲပင် ထွက်ပေါ်လာသည်၊ ထိုသူသည် လျှပ်လက်သည်ကိုလည်း ဂရုမစိုက်၊ မိုးခြိမ်းသံ၊ မိုးကြိုးပစ်ချသံများကိုလည်း ဂရုမစိုက်၊ မကြားသလိုပင် ခြေလှမ်းမှန်မှန်နှင့်သာ လျှောက်လာနေသည်၊ လေက တအားတိုက်လွှန်းသည့်အခါ သွားရခက်နေသည်၊ ထိုအခါ သစ်ပင်ကြီးတစ်ပင်အောက်ကို ဝင်ပြီးတော့ မိုးခိုနေတတ်သည်၊ သည်လိုနှင့် မိုးခိုလိုက်၊ ဆက်သွားလိုက်နှင့် လိုရာခရီးကို မရောက်နိုင်သေးဘဲ လမ်းမှာသာလျှင် အချိန်က ကုန်နေလေတော့သည်။

သူသည် လယ်ကွင်းပြင်အနီးရှိတောစပ်ကိုရောက်လာခဲ့လေပြီ။ တောစပ်နှင့် မလှမ်းမကမ်းတွင် နွံတောကြီးတစ်ခုက ရှိနေသည်၊ နွံဗေးများ ဖြစ်ကြသည်၊ တစ်ခါတစ်ရံ နွားများ၊ ခွေးများ ထိုနေရာကို အမှတ်မထင်ရောက်လာကြပြီး နွံနစ်တတ်ကြသည်၊ လူက အတွေ့ဦးလျှင် ကယ်တင်၍ရသည်၊ အတွေ့နောက်ကျက အသက်ဆုံးရှုံးကြရလေသည်။ ပဲရိုးမလိုနေရာမျိုး၊ ရိုးမအခြေ၌ မိုးကြီးများအဆက်မပြတ် ဆပ်ပြင်းပြင်းရွာချ

www.burmeseclassic.com



လိုက်လျှင် မကြာမတင်မှာပင် မတ်စောက်သော ချောင်းဇောက်ကြီးများမှ ရေများက တရဟောပင် ဆင်းလာတတ်ကြသည်။

ရေစီးအားကလည်း ကြောက်စရာကောင်းလှသည်။ အချို့အပိုင်းများတွင် ရေစီးနှင့်ပါလာကြသော ရွှံ့များက အနယ်ကျပြီး နွံအိုင်ကြီးအဖြစ်သို့ ပြောင်းလဲသွားတတ်ကြသည်။ ဝံအော်နွံအိုင်ကြီးသည် ဤနားတစ်ဝိုက်တွင် နာမည်ကြီးသည်။ တစ်ခါက ဝက်ဝံကြီးတစ်ကောင်သည် နွံအိုင်ကြီးမှန်းမသိဘဲ ပြေးသွားမိရာ နစ်မြုပ်သွားဖူး၏။ အလန့်တကြားနှင့် ရုန်းကန်သော်လည်း အောက်မှ စုပ်ဆွဲထားသလိုဖြစ်နေခြင်းကြောင့် လုံးလေ မြုပ်လေ တဖြည်းဖြည်းနှင့် နစ်ဝင်သွားခဲ့သည်။ ဝက်ဝံကြီးသည် သေဘေးကြောင့် ကြောက်ရွံ့ပြီးတော့ အော်နေသည်။ မည်သူကမှလည်း မကယ်ရဲ။ ကယ်ရန်လည်း မတတ်နိုင်။ ဒီလိုနှင့် ရုန်းလေမြုပ်လေဖြစ်ခဲ့ရာ နောက်ဆုံးမှာတော့ နွံတောကြီး၏အောက်ကို စုံးစုံးမြုပ်သွားခဲ့လေသည်။ ယင်းဝက်ဝံကြီးကို အစွဲပြုပြီး ဝံအော်နွံအိုင်ကြီးဟု ခေါ်တွင်ခဲ့ကြလေ၏။

■

ပုတ္တသည် မိုးက သဲကြီးမဲကြီးနှင့် ရွာနေသော်လည်း ချမ်းစီးရမှန်းလည်း မသိပေ။ သူ့ဘာသာသူ သွားချင်ရာကို လျှောက်သွားနေသည်။





သို့သော် ရှေ့မှာ ဝံအော်နွံအိုင်ကြီးရှိနေသည်ကိုတော့ သိသည်။ ယင်းနေရာကို ရှောင်ကွင်းပြီးတော့သွားရမည်။ ဒါလောက်ကတော့ နားလည်သည်။ သူ နမော်နမဲ့မနိုင်ပါ။

"ဂျိမ်း . . . ဂျိမ်း"

မိုးခြိမ်းသံကြီးများက နားကွဲမတတ် ဆင့်ကဲ ဆင့်ကဲပင် ထွက်ပေါ်လာသည်။ လျှပ်ရောင်တွေကလည်း ဝင်းခနဲ လက်ခနဲ လေကလည်း တစ်ချက် တစ်ချက်မှာ ခပ်ကြမ်းကြမ်းပင် တိုက်ခတ်နေလျက် ပုတ္တသည် နွံအိုင်ကြီးကို ကျောပေးကာ ရွာဘက်ကို ဦးတည်ပြီးတော့ သွားမည်အပြု သူ့နားထဲမှာ အသံတစ်သံကို ကြားလိုက်ရသလိုပင်။ ဆွဲဆွဲငင်ငင်နှင့် အော်နေသံမျိုးဖြစ်သည်။ မိုးသံ လေသံများထဲမှာ ဖောက်ပြီးတော့ ထွက်ပေါ်လာသည့်အသံ။

ပုတ္တက နားပါးသည်။ နွံအိုင်ကြီးဘက်ဆီက ထွက်ပေါ်လာသော အသံပင်ဖြစ်သည်။ မိုးသံလေသံများနှင့်အတူ ရောဖနှောဖနေသောအသံဝဲလ်ပေါင်းစုံကိုလည်း သူ ခွဲခြားပြီးတော့ သိသည်။ ဤကား ပုတ္တ၏မွေးရာပါ ထူးခြားချက်။ သတ္တဝါတစ်ကောင်ကောင် ဒုက္ခရောက်နေပြီကို သူ သိလိုက်သည်။ မှောင်ကလည်း မှောင်စပြုနေပြီ။ သူ့လမ်းသူဆက်သွားလျှင် ကောင်းမလား၊ အသံထွက်ပေါ်လာရာဘက်ဆီကို သွားလျှင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မလားဟု စိတ်ကို ပိုင်းဖြတ်၍မရ။

သူ့ခြေလှမ်းတွေက ရွာဘက်ဆီသို့ ဦးတည်လိုက်သည်။ လေး
ငါး လှမ်းလျှောက်သွားပြီးကာမှ အော်ညည်းနေသောအသံက သူ့နားထဲ
ကို တိုးဝင်လာခဲ့ပြန်သည်။ ခြေလှမ်းတွေ တန့်သွားခဲ့ရသည်။ စဉ်းစားမနေ
တော့ဘဲ ချက်ချင်းပင် နောက်ကြောင်းကို ပြန်လှည့်သွားသည်။ ဖိနှပ်မပါ
သူ့ခြေလှမ်းတွေက ပိုပြီးတော့ သွက်လက်လာသည်။ ညည်းညူသံသည်
လည်း သူနှင့် ပိုပြီးတော့ နီးကပ်လာခဲ့သည်။ သည်လိုနှင့် နွံအိုင်ကြီး ပိုပြီး
တော့ ချဉ်းကပ်လာခဲ့ပြီဖြစ်ရာ သစ်ပင်ကြီးတစ်ပင်၏အနားကိုရောက်
သော် ရပ်တန့်လိုက်သည်။ ဤနေရာသည် နွံအိုင်ကြီး၏အစ ကုန်းမြင့်
နေရာပင်ဖြစ်သည်။

သို့သော် မသိသူဆိုလျှင် နွံအိုင်ကြီးနှင့် တစ်ပြေးတည်းဖြစ်နေ၍
တစ်ဆက်တည်း တစ်စပ်တည်းဟု ထင်မိရသည်။ မိုးကလည်း သည်းထန်
စွာပင် ရွာသွန်းလျက်ရှိနေသည်။

"ဂျိမ်း . . . ဂျိမ်း"

မိုးခြိမ်းသံများကလည်း ဆင့်ကဲ ဆင့်ကဲပင် ထွက်ပေါ်လာသည်။
ပုတ္တသည် သစ်ပင်ကြီးကို လက်နှင့်ထောက်ကာ နွံအိုင်ကြီးဘက်ကို လှမ်း
ပြီးတော့ ကြည့်လိုက်သည်။ မမှောင့်တမှောင် အချိန်လေးမို့ မြင်ကွင်းက





မပီဝိုးတဝါး၊ မိုးမှောင်ကျခဲ့၍လည်း မိုးချုပ်မြန်ခဲ့သည်ဟု ထင်ရသည်။ နွံအိုင်ကြီးထဲမှာ ဘာကိုမှမမြင် နားကိုပိုမိုအာရုံစူးစိုက်ပြီး စွင့်ထားမိသည်။ မိုးသံလေသံများကြားထဲမှာ ညည်းညူသံကို ကြားနေရဆဲ။ ထို့ကြောင့် တစ်နေရာကို လျှောက်သွားကြည့်သည်။

အသံက ပိုပြီးတော့ ပီသလာသည်။ နီးကပ်လာသည်။ သူ အားတက်လာမိသည်။ ခေတ္တရပ်လိုက်ပြီး နွံအိုင်ကြီးဘက်ကို ကြည့်မိလိုက်ပြန်သည်။ သူ့မျက်လုံးတွေက ငါးပေအကွာလောက်ဆီကို ရောက်သွားခဲ့သည်။ ဖြူဖြူသဏ္ဌာန်တစ်ခုကို မြင်တွေ့လိုက်ရသည်။

"ဘာပါလိမ့်"

သူ့မျက်လုံးတွေကို အစွမ်းကုန်ပြူးပြဲပြီးတော့ကြည့်သည်။ မလွဲပါ။ ဖြူဖြူသဏ္ဌာန်တစ်ခုပင်။ ယင်းအချိန်မှာ ဝင်းခနဲ လက်ခနဲ ဖြစ်သွားသည်။ လျှပ်က ပြက်လိုက်သည်။ ထိုအခါ ထိုဖြူဖြူသဏ္ဌာန်ကို ထင်းခနဲ မြင်လိုက်ရလေပြီ။

"ဟင် . . . ဆင် . . . ဆင်လေး . . . ဆင်ဖြူလေးတစ်ကောင်ပါ လား"

နွံထဲမှာနစ်နေသောသတ္တဝါလေးသည် အခြားမဟုတ်။ ဆင် သားငယ်လေးတစ်ကောင်ဖြစ်နေသည်။ သို့သော် ထွက်ပြူစပြူနေသော



www.burmeseclassic.com

www.burmeseclassic.com



အစွယ်နှစ်ချောင်းသည် အဖြူရောင်မဟုတ်ဘဲ နက်နေသည်။ ဆင်စွယ်နက်များဖြစ်ကြသည်။ ဆင်ကလေးသည် နွံထဲတွင် နစ်နေနေလျှာ . . . ပေါင်ရင်းများသို့တိုင် ရောက်နေပြီဖြစ်သည်။ ကြောက်လန့်တကြားနှင့် ရုန်းကန်အော်ဟစ်နေသောကြောင့် မကြာမီမှာပင် နွံထဲသို့ တစ်ကိုယ်လုံး စုံးစုံးမြုပ်သွားနိုင်သည်။

ပုဏ္ဏသည် ပထမသော် ဆင်ဖြူလေးကို ဘယ်လိုကယ်တင်ရမှန်း မသိ။ ထို့နောက် သူသည် တစ်ခုခုကို သတိရသွားသည်။ နောက်ကြောင်းကို ပြန်လှည့်ပြီးတော့ပြေးသွားခဲ့သည်။ တစ်ခဏအကြာတွင် သူ ပြန်ရောက်လာသည်။ သူ တစ်နေရာမှ ဖြတ်တောက်လာသော နွယ်ကြိုးများကို သုံးပင်လိမ်ပူးကာ ကြိုးကွင်းပြုလုပ်သည်။ ထို့နောက် ဆင်ဖြူလေးဆီသို့ ပစ်ထည့်လိုက်လေသည်။ ပထမအကြိမ်တော့ မစွပ်မိ။ မှန်းဆပြီးတော့ ပစ်ရသောကြောင့် လိုရာကို မရောက်။ လွဲချော်သွားခဲ့သည်။

ထိုစဉ်မှာပင် . . .

"ဂျိမ်း . . . ဂျိမ်း"

မိုးကြိုးသွားက ထစ်ချုန်းလိုက်သည်။ လျှပ်တွေက ပြိုးခနဲ ပြက်ခနဲ လင်းလက်လိုက်သည်။ ပုဏ္ဏ၏လက်ထဲမှ ကြိုးကွင်းက လျှပ်ရောင်၏ အကူအညီဖြင့် ဆင်ဖြူလေးဆီကို ရောက်သွားခဲ့သည်။ လည်ပင်းမှာ





တွက်တိပင် သွားရှစ်စွပ်သည်။ ပုဏ္ဏသည် သစ်ပင်ကို ခြေကန်ပြီး ကြိုးကို ဆွဲသည်။ သုံးလေးကြိမ်ဆွဲသည်အထိ ထူးခြားချမလာ။ ဆင်ဖြူကလေးနှင့် ဘယ်လောက်မှဝေးသည်မဟုတ်။ နွံက အောက်မှနေ၍ ဆင်ဖြူကလေး၏ ခြေထောက်များကို စုပ်ယူထားသောကြောင့်ပင် ဖြစ်သည်။

ပုဏ္ဏကလည်း သူမတူသော ခွန်အားဗလကို ပိုင်ဆိုင်သူဖြစ်သည်။ လက်မောင်းကြွက်သားကြီးတွေ ထောင်ထလာသည်အထိ အားစိုက်ပြီးတော့ဆွဲသည်။ ဆင်ဖြူကလေးကိုလည်း မညှာနိုင်တော့။ တစ်ခဏအကြာတွင် ထူးခြားမှုဖြစ်ပေါ်လာခဲ့သည်။ ဆင်ဖြူကလေးကလည်း သူ့ကိုကယ်တင်နေမှန်းသိသွားဟန်တူသည်။ သူလည်း အားစိုက်ပြီးတော့ ရုန်းသည်။ ခြေထောက်များကို ကြိုးစားပြီးတော့ ကြွသည်။ ပုဏ္ဏသည် နွယ်ကြိုးဖြတ်သွားမည်ကို စိုးရိမ်မိသည်။ ဆင်ဖြူကလေးကား တဖြည်းဖြည်းနှင့် ပါလာခဲ့လေပြီ။ တစ်လက်မချင်း တစ်လက်မချင်း ရွေ့လာခဲ့လေပြီ။ ပုဏ္ဏလည်း အားတက်သွားခဲ့ရသည်။ သူသည် ရှိသမျှခွန်အားများကို ညှစ်ပြီးတော့ သုံးသည်။ အံကြိတ်ထားရသည်အထိပင်။

သုံးပေလောက်အထိ ရွေ့လျားကာ ရောက်လာသည်။ ကုန်းမြေနှင့် သိပ်မကွာလှမ်းတော့။ တစ်ပေလောက်အကွာအဝေးသို့အရောက်တွင် ပုဏ္ဏသည် မောပန်းလာသည်ဖြစ်၍ တစ်ခဏနားမည်ကြံသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အရှိန်တန့်လိုက်လျှင် ဆင်ဖြူကလေးက တစ်ဖန်ပြန်ပြီးတော့ နစ်မြုပ်သွားနိုင်သည်။ ထိုသို့ စဉ်းစားမိလိုက်သည်နှင့် မနားတော့ ကြိုးကို ဆက်ပြီးတော့ ဆွဲသည်။

ဆင်ကလေးသည် ရှေ့လက်(ရှေ့ခြေ) နစ်ဖက်က နွံမှလွတ်ကာ ကုန်းမြေကိုပင် ထောက်နိုင်ခဲ့လေပြီ။ သို့သော် ဖြစ်ချင်လာတော့ ဆင်ဖြူကလေးသည် ကုန်းပေါ်ကိုရောက်သည်အထိ ရောက်အောင်မတက်နိုင်တော့။ ကလေးသာသာအရွယ်မို့ အားလျှော့လိုက်ဟန်တူသည်။ ထို့ကြောင့် ပုဏ္ဏသည် ဆင်ဖြူကလေး၏ ရှေ့ကိုရောက်အောင် တိုးသွားလိုက်သည်။ ထိုအခါ ဆင်ဖြူကလေးသည် သူ၏နှာမောင်းဖြင့် ပုဏ္ဏ၏ခါးကို ရစ်ပတ်လိုက်သည်။ အားယူပြီး နောက်ခြေထောက်နစ်ချောင်းကို ရုန်းကန်လိုက်သည်။ ပုဏ္ဏကလည်း အလတ်စားသစ်ပင်လေးတစ်ပင်ကို လက်တစ်ဖက်နှင့် ဖက်ထားလိုက်ရသည်။ သို့မဟုတ်လျှင် သူ၏ကိုယ်က ဆင်ဖြူလေး၏နောက်သို့ ပါသွားလိမ့်မည်ဖြစ်သည်။ ဆင်ဖြူကလေးက လည်း သေဘေးကိုသိ၍ အလွတ်ရုန်းသည်။ နောက်ဆုံးမှာတော့ နောက်ခြေတစ်ဖက်က နွံထဲမှလွတ်သွားပြီး ကုန်းမြေမာပေါ်ကို ထောက်လာနိုင်ခဲ့သည်။ နောက်ထပ်ကျန်သည့်ခြေတစ်ချောင်းအတွက်က မခဲယဉ်းတော့ပါ။

ဒီလိုနှင့် ဆင်ဖြူကလေးသည် ကုန်းမြေပေါ်ကို လုံးဝရောက်သွား





ခဲ့လေသည်။ ထိုအခါကျမှ ပုဏ္ဏသည် စိတ်လျှော့ချလိုက်ကာ ခြေပစ် လက်ပစ် ဖြစ်သွားခဲ့ရသည်။ မိုးစက်မိုးပေါက်များက သူ့ကိုယ်ပေါ်ကို ကျဆင်းနေကြလျက်။ သူသည် မောပန်းသွားကာ ပါးစပ်ကို ဟပြီးတော့ အသက်ရှူနေမိသည်။ ဆင်ဖြူကလေးကိုပင် သူ မကြည့်နိုင်တော့ စိတ်ချသွားသည့်အပိုင်းလည်း ပါနေ၍ဖြစ်သည်။ ဆင်ဖြူကလေး နွံနစ်ပြီးမသေနိုင်တော့။ အသက်ဘေးအန္တရာယ်မရှိတော့။

"ဂျိမ်း . . . ဂျိမ်း . . . ဂျိမ်း"

မိုးကား စုပ်စုပ်ချုပ်ခဲ့လေပြီ။ သို့သော် ရွာသောမိုးကား မစဲသေး။ အားကောင်းနေဆဲ။ အရှိန်အဟုန်မြင့်နေဆဲ။ ပုဏ္ဏသည် ပက်လက်အနေအထားဖြင့် မျက်လုံးတွေကို မှိတ်ထားမိလိုက်သည်။ သူ့နားထဲမှာ ထူးခြားမှု တစ်ခုခုရှိနေသည်။ မိမိထံသို့ ချဉ်းကပ်လာကြသောအရာများ ရှိနေသည်ဟု ခံစားလာရသည်။ လျှပ်တွေကလည်း ပြက်လိုက်သမှ အတောမသတ်။ လင်းခနဲ ထင်းခနဲ။

စိတ်မှာ မလုံမလဲနှင့် မျက်လုံးတွေကို ဖွင့်ကြည့်မိလိုက်သည်။ ထိုအခါ သူ့မျက်လုံးတွေက ပြူးကျယ်သွားခဲ့မိသည်။ အံ့ဩထိတ်လန့်သွားခဲ့ရသည်။ ဆင်ကြီးတစ်ကောင်က သူ့ကို အပေါ်မှမိုးကာ ကြည့်နေသောကြောင့်ပင်တည်း။ ထို့ကြောင့် ရုတ်တရက် လူးလဲပြီးတော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။ သို့တိုင်အောင် ကြီးမားသောဆင်မကြီးသည် မမိုတ်မသုန်သော မျက်လုံးများဖြင့် သူ့ကိုကြည့်နေလျက်ရှိသည်။ ဆင်ဖြူကလေးသည်လည်း ဆင်ရိုင်းမကြီး၏အပါးကို ရောက်နေသည်။ ယခုအချိန်တွင် ပုဏ္ဏသည် ဆင်သားအမိနှင့် အနီးကပ်ဆုံးနေရာမှာရှိနေလေသည်။

လျှပ်တစ်ချက်ပြက်လိုက်စဉ်မှာ အမှတ်မထင်မြင်တွေ့လိုက်ရသော အခြေအနေကြောင့် အံ့အားသင့်သွားခဲ့ရပြန်သည်။ အထိတ်တလန့်လည်း ဖြစ်သွားခဲ့ရပြန်လေသည်။ အကြောင်းမှာ ကောင်ရေငါးဆယ်ထက်မနည်းရှိနေသော ဆင်ရိုင်းတော်တော်များများသည် မိမိ၏အနားတွင် ရောက်နေကြသောကြောင့်ပင်တည်း။

"ဆင်ရိုင်းတွေ... ဆင်ရိုင်းတွေ အများကြီးပါပဲလား။ ငါ့ကို ရန်မူကြတော့မယ်ထင်တယ်။ ငါ... ငါ... ဒီဆင်ကလေးကို အန္တရာယ်ပေးမလို့မဟုတ်ပါဘူး။ သူ နွံထဲမှာနစ်နေတဲ့အတွက် ကယ်တင်လိုက်တာပါ။ ယုံပါ... ယုံပါ"

နှုတ်မှ အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြောနေမိသည်။ ဆင်ရိုင်းကြီးများသည် ပုဏ္ဏကို ဘေးမှ ပန်းပြီးတော့ ဝိုင်းထားကြသည်။ ရန်ရှာလျှင်လည်း မည်သို့မှပြေး၍မလွတ်နိုင်တော့။ သူ ပြေး၍ရနိုင်သည့်ဘက်သည် နွံတောကြီးသာ ရှိတော့သည်။ သို့သော် ဆင်ရိုင်းမကြီးသည် သူမ၏ နှာ





မောင်းကြီးကို ပုဏ္ဏ၏ကိုယ်ပေါ်သို့ ထိတွေ့စေပြီး တရှူရှူနှင့်လုပ်နေသည်။ ပုဏ္ဏသည် အသက်ကိုအောင့်ထားမိသည်။ ဆင်ဖြူကလေးကလည်း ပုဏ္ဏ၏ ကိုယ့်ကို နှာမောင်းဖြင့် ထိတွေ့ကာ တရှုံ့ရှုံ့နှင့်လုပ်နေသည်။ ကျန်ဆင်များစွာကတော့ မလှုပ်မယှက်ဖြင့် အခြေအနေကို စောင့်ကြည့်နေကြသည်။

တစ်ခဏအကြာတွင် ဆင်ရိုင်းမကြီးသည် နောက်ဆုတ် နောက်ဆုတ်နှင့် သားငယ်ကို ခေါ်ဆောင်သွားခဲ့လေသည်။ လျှပ်ရောင်ဖြိုးဖြိုးဖြက်ဖြက်အလင်းရောင်အောက်မှာ ရိုးမတောနက်ကြီးထဲသို့ ဝင်သွားကြသည်ကို နောက်ဆုံး တွေ့မြင်လိုက်ရလေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )
## ရှာကျော်ပုဏ္ဏ

"ဟော့ကောင် . . . ပုဏ္ဏ ငါ လမ်းလျှောက်ရတာ ညောင်းလို့ ကုန်းပိုးပြီးတော့ခေါ်စမ်း"

"ဟုတ် . . . ဟုတ်ကဲ့ . . . အစ်ကို"

ပုဏ္ဏသည် ဝက်သိုးဆီကို ပြေးသွားခဲ့သည်။ နာမည်နှင့်လိုက်အောင် ခန္ဓာကိုယ်က ဝဝဖိုင့်ဖိုင့်နှင့် ဝက်တစ်ကောင်၏ကိုယ်လုံးကြီးပမာ။ အနားကိုရောက်လာသည့်ပုဏ္ဏက ခါးကိုကိုင်းပေးလိုက်သည်။ ဝက်သိုး





သည် ပုဏ္ဏ၏ကျောကုန်းပေါ်ကို မဟုတ်ဘဲ ဇက်ပေါ်မှ ခွပြီးတော့ ထိုင်လိုက်သည်။

"အီး"

ပုဏ္ဏသည် ဝက်သိုး၏ကိုယ်ကို မနည်းမပြီးတော့ ထရသည်။

"ဟော့ . . . မြင်း . . . သွားစမ်း"

ဝက်သိုးသည် ပုဏ္ဏ၏ခေါင်းကို ပုတ်ပုတ်ပြီးတော့ သွားနိုင်းသည်။ သူ့ကိုယ်လုံးကြီးက ကြီးမားလွန်းနေ၍ မနိုင့်တနိုင်ထမ်းထားရကာ ခြေလှမ်းကလည်း လှမ်းနေရသေးသည်။

"ဟေး . . . ပုဏ္ဏကွ . . . ပုဏ္ဏ . . . အားတင်းထား"

ဘေးမှ ဝက်သိုး၏သူငယ်ချင်းများက ဝိုင်းပြီးတော့ အားပေးကြသည်။

"ဟော့ကောင် . . . ပုဏ္ဏ . . . မင်း ငါ့ဆီကိုရောက်အောင်လာရင် မင်းကို ထန်းလျက်ခဲနဲ့ ပဲကြီးလှော်ဝယ်ကျွေးမယ်ကွ"

ကြောင်နီက ပုဏ္ဏကို မက်လုံးပေးလိုက်သည်။

"မင်း . . . တကယ်ပြောတာလား ကြောင်နီ"

"တကယ်ပေါ့ကွ။ မင်းလည်း စားချင်တယ်မဟုတ်လား"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



ပုတ္တသည် ဝက်သိုး၏ကိုယ်လုံးကြီးကို အားတင်း၍ထမ်းကာ ကြောင်နိုဆီကို ရောက်အောင်သွားနေသည်။ ဒီလိုနှင့် ကြောင်နိုဆီကို ရောက်သွားခဲ့သည်။

"ကဲ . . . ရောက်ပြီ၊ ပေးလေ။ ထန်းလျက်ခဲနဲ့ပဲကြီးလော့်"

ထိုအခါ ဝက်သိုးက . . .

"ဟော့ကောင် . . . ပုတ္တ . . . တစ်ခေါက်ပြန်သွားဦး။ ဟိုကို ပြန်ရောက်မှ မင်းစားချင်တာကို ကျွေးမယ်"

"ဟုတ်တယ်။ ဝက်သိုးပြောတဲ့အတိုင်းပဲ။ စောစောကထွက်လာခဲ့တဲ့နေရာကိုပြန်သွားလိုက်ဦး"

ကြောင်နိုကပါ ပြောသည်။ ပုတ္တမျက်နှာကိုလည်း မထီတရီ လှောင်ပြောင်သောမျက်နှာပေးဖြင့် ကြည့်နေလိုက်သေးသည်။

"ဟော့ကောင်...ပုတ္တ...သွားလေကွာ။ ငါပြောနေတာ မကြားဘူးလား"

ဝက်သိုးက ပုတ္တ၏ခေါင်းကို ခပ်ကြမ်းကြမ်းပင်ပုတ်ပြီး ပြောလိုက်သည်။ ပုတ္တ ဒေါသထွက်သွားသည်။

"အစ်ကိုပြောခဲ့တာ ဒီအထိပဲရောက်အောင်ပို့ဖို့ပဲ။ ပြန်လှည့်ဖို့ မပါဘူး။ ကြောင်နို မင်းက ငါ့ကို အစာကျွေးမယ်ဆိုပြီး မကျွေးဘဲ တစ်





ခေါက်ပြန်သွားခိုင်းတယ်။ ငါ့ကိုညာတယ်"

"အေး . . . ဟုတ်တယ်။ မင်းကို ငါညာပြောတာ။ မင်းက သူများခိုင်းဖတ်။ အရူးပဲ။ ဒါကြောင့် တူတူတန်တန်လုပ်ပြီး ငါက ကျွေးရမှာလား"

ပုတ္တသည် ကြောင်နိုကို မျက်ထောင့်ကြီးနီပြီးတော့ ကြည့်နေသည်။ ဘာမှပြန်မပြောတော့ . . .

"ဟော့ကောင် . . . ပုတ္တ . . . မင်း ပြန်လှည့်လေကွာ။ ငါပြောတာကို နားမထောင်ဘူးလား။ ကဲကွာ . . . ကဲကွာ"

ဝက်သိုးသည် ပုတ္တ၏ခေါင်းကို ဝိုပြီးကြမ်းတမ်းစွာဖြင့် ပုတ်နေလေတော့ရာ ပုတ္တမှာ သည်းမခံနိုင်တော့ဘဲ . . .

"ဟင်"

"ဟင်"ခနဲဆိုကာ ကိုယ်ပေါ်မှ ပစ်ပေါက်ချလိုက်လေတော့သည်။

"ဘုတ်"

"အား" "အင့်"

ဝက်သိုးမှာ ဝက်တစ်ကောင်အောက်ကိုပစ်ကျသွားခဲ့သလိုမရှိ မဆန့်စံသွားခဲ့ရသည်။

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဝက်သိုးတစ်ယောက်တော့ ဝက်ကျမကျဘဲ ခွေးကျကျသွားတယ်ဟေ့။ အရူးလုပ်တာခံလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်"

ကြောင်နိုက လက်စုပ်လက်ဝါးတီးကာ ရယ်သည်။ ဘေးမှ အပေါင်းအသင်းများကလည်း အော်ဟစ်ပြီးတော့ လှောင်ပြောင်ကာ သရော်ကြသည်။

"ဝက်သိုးမျက်နှာကလည်း ရှုံ့မဲ့သွားလိုက်တာ။ လူမိသွားတဲ့ ကြွက်သူခိုးကျနေတယ်။ ဟား ... ဟား ... ဟား ... ဟား"

ပုတ္တသည် ပြောင်လှောင်ရယ်မောသံများကြောင့် အာရုံနောက်လာသည်။ ကြောင်နိုဆီကို ပြေးဝင်သွားခဲ့သည်။

"မင်းလည်းပါတယ်"

"ဟင် ... မင်း ... မင်း ... ပော့ကောင် ... ပု ... ပုတ္တ"

ကြောင်နို အထိတ်တလန့် ဖြစ်သွားခဲ့ရသည်။ သို့သော် ပုတ္တသည် ကြောင်နိုခါးကို ဆွဲကိုင်မြှောက်ကာ ပစ်ပေါက်ထည့်လိုက်လေသည်။

"အား"

ကြောင်နိုလည်း ချုံတစ်ခုထဲသို့ ကားခနဲဆို ပစ်ကျသွားခဲ့ရသည်။ ဝက်သိုးသည်လည်း မျက်နှာကြီး ရှုံ့မဲ့ကာ နေရာမှထလာသည်။

"မင်းကများ ငါ့ကို ဒီလိုလုပ်ရဲသလား"

ပုတ္တကို လက်သီးနှင့်ထိုးသည်။





"ခွပ်"

သို့သော် ...

ပုတ္တမှာ အထိုးခံရသည့်တိုင် မျက်နှာတစ်ချက်မပျက်။ သားရေတုံးကြီးကို ထိုးလိုက်ရသည့်အလား ဝက်သိုး၏လက်တစ်ဖက်သည် ထုံကျင်သွားခဲ့ရလေသည်။

"အား ... ကျွတ် ... ကျွတ်"

ပုတ္တသည် ဝက်သိုး၏နဖူးကို သူ့နဖူးနှင့် ပစ်ဆောင့်ထည့်လိုက်သည်။

"ခွပ်"

"အောင်မယ်လေး ... သေပါပြီဗျ"

ဝက်သိုးက ငယ်သံပါအောင် အော်ထွက်သွားသည်။ မတ်တတ်မရပ်နိုင်တော့ဘဲ အောက်ကိုထိုင်ကျသွားသည်။ ခေါင်းထဲမှာလည်း ချာချာလည်အောင် မူးထွက်သွားသည်။ နဖူးကို လက်ဖြင့်အုပ်ကာ ပွတ်သပ်နေသည်။ ပုတ္တကတော့ ဘာမှမဖြစ်သလိုပင် ဝက်သိုးနှင့် ကြောင်နိုတို့၏ မျက်နှာကိုသာ တင်းမာသောမျက်နှာထားဖြင့် ခါးထောက်ကာ ကြည့်နေသည်။

ကြောင်နိုသည် ပုတ္တကို အခဲမကျေ။ သူ့မျက်လုံးတွေက လင်း



www.burmeseclassic.com

www.burmeseclassic.com



ဘေးရှိ ဂဝံအုတ်အပိုင်းလေးတစ်ခုဆီကို ရောက်သွားသည်၊ ကောက်ကိုင်လိုက်ပြီး ပုတ္တကို ပစ်ပေါက်မည်အံပြု …

"ဟေ့ကောင် … ကြောင်နို … မင်း ရပ်လိုက်စမ်း"

လူတစ်ယောက်၏အသံက အမှတ်မထင် ထွက်ပေါ်လာခဲ့သည်။ ကြောင်နို၏လက်က လေထဲမှာ တန်းလန်းကြီးဖြစ်သွားသည်။ ပုတ္တလေး၏အနားမှာ ကပ်ပြီးတော့ ရပ်လာသူတစ်ယောက်။

"မင်းရဲ့လက်ထဲကပစ္စည်းနဲ့ ပုတ္တကို ပစ်ပေါက်လိုက်လို့ ထိသွားရင် ဘာဖြစ်သွားမယ်ထင်သလဲ ကြောင်နို"

"ဒီကောင်က ကျွန်တော့်ကို ကိုင်ပေါက်တယ်"

"ကျွန်တော့်နဖူးကိုလည်း သူ့နဖူးနဲ့တိုက်တယ်"

နှစ်ယောက်စလုံးက တိုင်တန်းကြသည်။

"မင်းတို့က ပုတ္တလေးကို အနိုင်ကျင့်၊ နှိပ်စက်ကြတာ ငါဝေးဝေးကတည်းကမြင်တယ်။ မင်းတို့လွန်တယ်"

"မဟုတ်ဘူး … အစ်ကိုကြီး။ သူ … သူက …"

"တော်တော့။ အပိုတွေပြောမနေကြနဲ့။ နောက်ကို ဒါမျိုး ငါမမြင်ချင်ဘူး။ မင်းတို့ သွားကြတော့"

နှစ်ယောက်စလုံး မကျေမနပ်နှင့် ထွက်သွားခဲ့ကြသည်။ သူက





ကိုကြည့်ပြီး ကသိုလ်ချာ၏ကာလသားခေါင်းဖြစ်သည်။

"ပုတ္တ … မင်းကို ဒီကောင်တွေ နိုင်းတိုင်းလျှောက်လုပ်မနေနဲ့။ သူတို့နဲ့ဝေးဝေးရှောင်။ ကြားလား …"

"ဟုတ်ကဲ့ … အစ်ကိုကြီး"

"အေး … အေး … ပြန်တော့။ မင်းအမေက မင်း ဘယ်မှာရှိမှန်းမသိလို့ ဟိုမေး ဒီမေးနဲ့လုပ်နေတယ်"

ပုတ္တလေးသည် အိမ်ဘက်ဆီကို ပြန်ပြေးသွားခဲ့လေသည်။

■

"သားရေ"

"ဗျာ … အမေ"

ပုတ္တလေးသည် ခြံထဲမှာ ဆော့ကစားနေရာက မီးခင်ဆီကို ပြေးလာခဲ့သည်။ လုံချည်ကွင်းသိုင်းနှင့်ဖြစ်သည်။

"ဟဲ့ … သား … လုံချည်ကို ဝတ်လေ။ ဘာဖြစ်လို့ကွင်းသိုင်းထားရတာလဲ"

"ဘောင်းဘီဝတ်ထားပါတယ် အမေရဲ့"

"ဒါတော့ ဒါပေါ့သားရယ်။ ကြည့်မကောင်းပါဘူး။ ဟင် … အမေ



www.burmeseclassic.com

www.burmeseclassic.com



ကွက်ပေးထားတဲ့ ပါးကွက်တွေလည်း ပျက်ကုန်ပြီ။ သားက တအားဆော့တာကိုး။ အမေက သားကို သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်ပေးထားတာ။ ခုတော့ ပေပေရေရေနဲ့ . . . ဖြစ်ကုန်ပြီ"

"အမေက သားကို သူများနဲ့မဆော့ရဘူးဆို၊ ခု သားတစ်ယောက်တည်း ဆော့နေရတာ၊ ဒါလောက်တော့ ရှိမှာပေါ့"

"ဩော် . . . သားရယ်၊ တစ်ယောက်တည်း ဆော့လည်း ငြိမ်ငြိမ်လေးဆော့ရတယ်၊ ဖုတ်အလူးလူးနဲ့ဆိုတော့ တစ်ကိုယ်လုံး ရစရာမရှိတော့ဘူးပေါ့"

"အမေ သားကို ခေါ်တာ ဘာနိုင်းမလို့လဲ"

"နိုင်းမလို့မဟုတ်ဘူး၊ ကျွေးစရာရှိလို့သားရဲ့၊ ဟောဒီမှာ သားအကြိုက် ကြာဇံကြော်ထားတယ်၊ စားလိုက်ဦး"

"အမေ ခွံ့ကျွေး"

"သားရယ် . . . သား အသက်က မငယ်တော့ဘူးနော်၊ ဆယ့်နှစ်နှစ်ရှိပြီ၊ သားကိုယ့်အားကိုယ်ကိုးဖို့တော်ပြီ"

"အင်း . . . ဟုတ်တယ်။ ကျွန်တော့်ဘာသာ ကျွန်တော်ပဲ စားတော့မယ်"

ပုဏ္ဏလေးက ကြာဇံကြော်ပန်းကန်ထဲသို့ လက်နှိုက်မည်ပြုရာ





"ဟဲ့ . . . ဟဲ့ . . . သား . . . လက်မဆေးဘဲနဲ့ ဒီလိုမနှိုက်ရဘူးလေ၊ ကဲပါ . . . အမေပဲ ခွံ့ပြီးတော့ကျွေးပါ့မယ်"

ဒေါ်ကြည်ပြာသည် ကြာဇံကြော်ကို ဇွန်းနှင့်ခပ်ကာ ပုဏ္ဏလေးကို ခွံ့ကာကျွေးသည်၊ ပုဏ္ဏလေးသည် မိခင်ခွံ့ကျွေးသော ကြာဇံကြော်ကို ပါးစပ်ကလေးဟကာ ဟကာ ပြုံးရွှင်စွာ စားလျက်ရှိသည်။ ဒေါ်ကြည်ပြာသည် သားကိုကြည့်ပြီး ရင်ထဲမှာ မကောင်း ဖြစ်လာခဲ့ရသည်။

"ဩော် . . . ငါ့သားလေး ဒီလိုဘဝမျိုးကိုရောက်နေရရှာတယ်။ လူတကာက ကျပ်မပြည့်တဲ့ကလေးလို့ ပြောနေကြတာကို ငါကြားရတိုင်း ရင်နာရတယ် သားရယ်၊ သား . . . လူစဉ်မီမီဘဝမျိုးရောက်သွားတာကို အမေမြင်ချင်လိုက်တာ"

တွေးရင်း မျက်ရည်များပင် ဝဲလာခဲ့မိသည်။ ပုဏ္ဏလေးကတော့ မိခင်၏ရင်တွင်းခံစားချက်ကို မသိရှာ။ ကျွေးသမျှကို ပါးစပ်ထဲ ပလုတ်ပလောင်းဖြင့် စားနေလေသည်။ ပုဏ္ဏသည် အမိဝမ်းမှ ကျွတ်လာခဲ့ပြီးကတည်းက ဝိုရယ်၊ ရယ်ဟယ်နဲ့ အမူအရာအမျိုးမျိုးရှိခဲ့သည်၊ ခြောက်လသားအရွယ်ရောက်မှ စိတ်မမှန်သောသူတစ်ယောက်ဆိုသည်ကို သိလာခဲ့ရသည်။ ထိုအခါ မိဘနှစ်ပါးမှာ ရင်ကျိုးကြရလေသည်။ ထမင်းစားတတ်စ အရွယ်တွင် ခွံ့ကျွေးလိုက်သောအစာများသည် ဝါးနေရင်းက ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



အပြင်ကို ပြန်ပြန်ပြီးတော့ ထွက်လာတတ်လေသည်။ ကလေးက စိတ် မမှန်ရသည့်အထဲ ထိုသို့ဖြစ်သဖြင့် မိဘများမှာ ပိုပြီးတော့ စိတ်ဆင်းရဲကြ ရလေသည်။ တတ်ကျွမ်းနားလည်သော သမားတော်ကြီးတစ်ဦးကို ပြ ကြည့်ရာ . . .

"ကလေးက သူငယ်နာပါတယ်။ အဲဒါကိုတော့ ငါ ပျောက် အောင်ကုပေးနိုင်တယ်။ သူ့ကံ ကိုယ်ကံပဲ။ မစိုးရိမ်ပါနဲ့"

သမားတော်က ကလေးကိုသနားပြီးအခကြေးငွေမယူဘဲ ဆေး ကုပေးသည်။ လျှာပွတ်ဆေးများ၊ သောက်ဆေးများ ပေးသည်၊ တစ်လ အတွင်းမှာ ပျောက်ကင်းသွားခဲ့လေသည်။

"ဆရာကြီး ကျွန်တော်တို့ကလေး စိတ်မမှန်တာကို ကု ကုပေး နိုင်မလား။ ကျွန်တော်တို့သားလေးကိုကြည့်ပြီး ရင်ထဲမှာ မချိလွန်းလို့ပါဗျာ"

"ကလေးဟာ . . . ဝဋ်နာ ကံနာပါလာတာကွယ့်။ ငါ မကုပေးချင် လို့ မဟုတ်ဘူး"

"ဟင် . . . ဒါ . . . ဒါဆို ကုလို့မရဘူးပေါ့။ ဟုတ်လား . . . ဆရာ"

သမားတော်ကြီးသည် ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက် လေသည်။ ထိုအချိန်ကစပြီး ဆရာပေါင်းစုံနှင့် ဆက်လက်ပြီးတော့ ကုပေ မယ့်လည်း မထူးခြားခဲ့။ ယခုအသက်သို့သာ တိုင်လာခဲ့လေသည်။





သို့သော် ပုတ္တလေးသည် အခြားသောကလေးများထက် ပိုပြီးတော့ သန်မာသည်။ လူပုံက နွံနွံနှင့် အကြမ်းပတမ်းခံနိုင်သည်။ စိတ်သဘော ထားကောင်းသော်လည်း မဟုတ်လျှင် မခံတတ်သော ဗီဇမျိုးပါလာခဲ့ သည်။ အရိုးများသည် သံချောင်းကဲ့သို့ မာကျောလှသည်။

ပုတ္တကို သူတစ်ပါးက ညာပြီးနိုင်းလည်း နားမလည်။ တကယ် ထင်ပြီးတော့ လုပ်ကိုင်ပေးတတ်သည်။

"ငါ့သားကို သကောင့်မသားတွေက ညာပြီးတော့ ဟိုနိုင်း သည် နိုင်းကြနဲ့။ ဘာမှနားမလည်တဲ့ကလေးအပေါ်မှာ အခွင့်ကောင်းယူကြ တယ်။ နောက်တစ်ခါ ဒီလိုသတင်းမျိုးကြားကြည့် ငါနဲ့တွေ့မယ်"

ဦးမြသာက မကျေမနပ်နှင့် ကြိမ်းဝါးလိုက်သည်။ ဦးမြသာက ရွာထဲတွင် ပြောရဲဆိုရဲရှိသည်။ မဟုတ်မခံတတ်သူ၊ မှန်သည်ထင်လျှင် သူကြီးသြဇာကိုပင် ဖီဆန်ရဲသူ။ ထို့ကြောင့် သူ့ကိုသူကြီးလည်း ရှိန်သည်။

■

တစ်ရက်တွင် မောင်ပုတ္တသည် ဘုန်းတော်ကြီးကျောင်းထဲကို ရောက်နေသည်။ ဦးမြသာက ခြံထွက်ငှက်ပျောနိုင်ကို ဆရာတော်အား သွားကပ်နိုင်းသည်။ ပုတ္တသည် ငှက်ပျောနိုင်ကို ကပ်အပြီး ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



အောက်ကိုဆင်းလာစဉ် ကျောင်းသားများက . . .

"ဟေ့ကောင် . . . ပုတ္တ . . . မင်း ဟောဒီသစ်ပင်ပေါ်ကိုတက်ပြီး ရေတွင်းထဲကို ခုန်ချရဲသလားကွ"

"မင်းက ကြောက်ပဲ။ အလကားသတ္တိမရှိတဲ့ကောင်"

"ဟေ့ကောင် . . . မင်း ငါ့ကို ဒီလိုမပြောနဲ့။ ငါ ခုန်ချရဲတယ်။ မင်း ငါ့ကို ဘာကျွေးမလဲ"

"မုန့်ဖက်ထုပ်ကျွေးမယ်။ ဟောဒီမှာ . . ."

"အေး . . . ကောင်းပြီ။ မင်းကတိတည်ပေ့စေနော်"

"အေးပါ . . . မင်းသာ ရဲရဲကြီးခုန်ချစမ်းပါ"

ပုတ္တသည် ရေတွင်းနှင့်ကပ်လျက်ရှိ ကံ့နစိုးပင်ကြီးပေါ်ကို တက်သွားသည်။ ထို့နောက် ဘာမပြော ညာမပြောနှင့်ပင် ကိုင်းထက်မှနေ၍ ရေတွင်းထဲသို့ ခုန်ချလိုက်လေတော့သည်။

"ဘွမ်း"

ရေတွင်းထဲကို တန်းပြီးတော့ ကျသွားသည်။ သို့သော် ပုတ္တလေးမှာ ရေတွင်းထဲမှပြန်ပြီးတော့ မတက်နိုင်ဘဲရှိနေရသည်။

"ဟာ . . . ပုတ္တလေး ရေတွင်းထဲကပြန်ပြီးတော့ မတက်နိုင်တော့ဘူး"





အပေါ်မှ ဝါးလုံးရှည်ကြီးတစ်လုံးချပေးလိုက်မှ ပြန်ပြီးတော့ တက်လာနိုင်လေတော့သည်။ ပုတ္တလေးအိမ်ကိုပြန်ရောက်တော့ မိခင်မှာ ထိုသတင်းကို ကြားပြီဖြစ်ရကား . . .

"ဟင် . . . နင် သူများမြှောက်ပေးတိုင်းလုပ်ဦး။ ရေတွင်းထဲကို ကျပြီး ကံကောင်းလို့မသေတယ်။ ဟုတ်လား . . . ကဲဟယ် . . . ကဲဟယ်"

ဒေါ်ကြည်ပြာက ပုတ္တလေးကို ကရုဏာဒေါသောဖြင့် ရိုက်သည်။ ထိုအခါ ကျောကော့ပြီးတော့ ခံလိုက်ရလေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )
## ငှက်ခါးရွာကလက်ဝှေ့ပွဲ

ပုဏ္ဏကို ရွာထဲတွင် အမြဲလိုလို အနိုင်ကျင့်တတ်ကြသော ဝက်သိုး၊ ကြောင်နီတို့အုပ်စုသည့် ကာလသားခေါင်းကိုဩဘာနှင့် ပုဏ္ဏ၏ ဖခင် ဦးမြသာတို့၏ စောင့်ကြည့်မှုကြောင့် ကိုယ်ထိလက်ရောက် အနိုင်မကျင့်ရဲကြတော့။ ထို့ကြောင့် နေမသိထိုင်မသာဖြစ်နေကြရသည်။ တစ်နေ့သော် ကုသိုလ်ရွာနှင့် ကပ်လျက်ရှိသော ငှက်ခါးရွာတွင် ဘုရားပွဲရှိသည်။ ဇာတ်ပွဲထည့်၍ စည်ကားဦးမည်ဖြစ်သည်။





ထို့အပြင် "လက်ပမ်းပေါင်းခတ်ပွဲ" (လက်ဝှေ့ပွဲ) လည်း ပါမည်ဖြစ်သည်။ အဖိတ်နေ့က စပြီး ၅ ရက်တိုင်တိုင် ကျင်းပမည့်ပွဲဖြစ်သည်။ ရပ်ဝေးမှလည်း လှည်းများဖြင့်လာကြ၏။ ညဘက်ပွဲမကာမီ နေ့ဘက်တွင် လက်ဝှေ့ပွဲကို ကျင်းပသည်။ ပုဏ္ဏသည်လည်း ငှက်ခါးရွာကို မနက်ကတည်းက ရောက်နေသည်။ စတုဒီသာရုံတွင် မုန့်တီ(မုန်ဟင်းခါး) စား၏။ အဝစားထား၍ မနက်စာလည်း ပြီးသွား၏။

လက်ဝှေ့ပွဲမှာလည်း ဝါသနာအရ လာရောက်ကြည့်ရှုကြသူတွေ များ၏။ မကြာမီ ဗေထိသံတခြိမ်းခြိမ်းနှင့် လက်ဝှေ့ပွဲကား စ၏။ ရွာသားအချင်းချင်းလည်း ထိုးသတ်ကြ၏။ ဟိုရွာ ဒီရွာ၊ ဟိုနယ် ဒီနယ်မှ စိန်ခေါ်ပွဲများသည်လည်း ရှိကြ၏။ အသီးသီးထိုးသတ်သွားကြသည်။ နိုင်သူနိုင်၊ ရှုံးသူက ရှုံး၊ အလဲလဲ အကွဲကွဲနှင့် နာနပ်ယူကြရသူများရှိကြသလို သတိမေ့သွားကြသူများလည်း ရှိကြသည်။

နေ့လယ်တွင် ပွဲက ခဏနားသည်။ ညနေဘက်တွင် ပွဲပြန်စသည်။ လူငယ်ပွဲ၊ ကလေးပွဲများဖြစ်သည်။ လူငယ်ပွဲ သုံးလေးပွဲထိုးပြီးသွားသောအခါ ကလေးပွဲ စ.သည်။ အသက် ၁၀ နှစ်မှ ၁၂ နှစ်အထိ ထိုးကြမည့်ကြားပွဲများဖြစ်ကြသည်။ ပုဏ္ဏသည် လက်ဝှေ့ပွဲကို စိတ်ဝင်စားသည်။ လူကြီး၊ လူငယ်ပွဲများကိုလည်း တိုင်ရာမထ ကြည့်သည်။ ယခု ကလေးပွဲ



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း စိတ်ဝင်စားနေမိသည်။ သူနှင့်ရွယ်သူများ ထိုးသတ်ကြသောပွဲမို့ အောက်မှကြည့်နေသူ သူကိုယ်တိုင်လည်း စိတ်ဓာတ်က တက်ကြွနေမိသည်။ အလိုလိုနေရင်း သွေးဆူနေလေသည်။

မကြာမီ ကလေးပွဲများ စ.သည်။ တစ်ပွဲပြီးတစ်ပွဲ ပြီးဆုံးသွားသည်။ သို့ရှိခိုက် ဝက်သိုးနှင့်ကြောင်နိုတို့သည် ပုတ္တလေး၏ အနားကို ကပ်လာပြီး . . .

"ဟေ့ကောင် . . . ပုတ္တလေး . . . မင်း စိတ်ဝင်စားနေတယ် မဟုတ်လား။ ဝင်ထိုးပါလားကွ"

"အင်း . . . ထိုးချင်တယ်။ ဘယ်သူ့ကိုပြောရမလဲ မသိဘူး"

"လွယ်ပါတယ်ကွာ။ ငါတို့ ပြောပေးမှာပေါ့။ ကဲ . . . လာ"

ပုတ္တလေးကို လက်ဝှေ့ပွဲကို ဦးစီးသောလူကြီးများရှိရာကို ခေါ်သွားခဲ့ကြသည်။

"ဦး . . . သူက လက်ဝှေ့ထိုးချင်လို့တဲ့"

ပွဲလူကြီးသည် ပုတ္တလေးကို ကြည့်ပြီး . . .

"မင်း . . . မင်းက လက်သီးထိုးဖူးလို့လားကွယ့်"

သူ့ကို ဝက်သိုးနှင့်ကြောင်နိုက လမ်းမှာ သင်ကြားပေးခဲ့သည် ဖြစ်၍ မထိုးဘူးသော်လည်း . . .





"ဟုတ်ကဲ့ . . . ကျွန်တော် ထိုးဖူးပါတယ်"

"မင်း . . . ဘယ်ရွာကလဲ"

"ကုသိုလ်ရွာကပါ"

"ဟေ . . . ကုသိုလ်ရွာက ဟုတ်လား။ မင်းရဲ့မိဘတွေက ဘယ်သူတွေလဲ"

ပုတ္တလေး ကြောင်အမ်းအမ်းဖြစ်သွားခဲ့ရသည်။ ရုတ်တရက် မေ့နေသည်။ နာမည်ကို မမှတ်မိ။

"သူ . . . သူက မိဘမရှိပါဘူးခင်ဗျာ။ ဘုန်းကြီးကျောင်းမှာ နေတာပါ"

ဝက်သိုးက သွက်လက်စွာပင် ဝင်ပြောသည်။

"ကောင်းပြီ . . . မင်းကို ထိုးခွင့်ပြုတယ်။ ဒါဟာလည်း အပျော်အားကစားတစ်ခုပဲ။ နိုင်ရင် ဆုတော်ငွေငါးကျပ်ရမယ်။ မင်း ဘယ်သူနဲ့ ထိုးချင်သလဲ"

"ဟောဒီကောင်နဲ့ထိုးမယ်"

ခပ်လုမ်းလှမ်းတွင် ထိုင်နေသော ကလေးတစ်ယောက်ကို လက်ညှိုးထိုးပြလိုက်သည်။ ဤသည်လည်း ဝက်သိုးတို့က ပုတ္တလေးကို မည်သူနှင့်ထိုးဟု ကြိုတင်၍ ပြထားသောကြောင့်ပင်။ လက်ဝှေ့တာဝန်ခံ


www.burmeseclassic.com

www.burmeseclassic.com



လူကြီးများသည် ပုတ္တလေး လက်ညှိုးထိုးလိုက်သောသူကို ကြည့်ပြီးတော့ မျက်လုံးပြူးသွားခဲ့ရသည်။

"ဟေ ... သူနဲ့ထိုးမှာ ဟုတ်လား။ မင်း သူ့အကြောင်းကို မသိဘူးလား။ ဒီကောင်လေးက လက်သီးထိုးကောင်းလွန်းလို့ ဘယ်သူကမှ မထိုးရဲရှိနေတာ။ ပြီးတော့ ဒီအရွယ်လေးနဲ့ သူ့နယ်မှာ နာမည်ကြီးကွယ့်။ သူက ..."

"အိုဗျာ ... ဘာပဲဖြစ်ဖြစ် သူနဲ့ပဲထိုးမယ်"

"မဟုတ်ဘူးလေ။ မင်း ... စဉ်းစား ..."

"မရဘူး။ ထိုးမယ်ဗျာ။ ထိုးမယ်"

ပုတ္တလေးက ဇွတ်ပင် တောင်းဆိုနေလေတော့ရာ အားလုံးက ညှိနှိုင်းကြသည်။ ထို့နောက် အဖြေတစ်ခုထွက်လာခဲ့လေ၏။

"ကောင်းပြီ ... ဒါလောက်တောင်ဖြစ်လှတာ မင်းကို ဒီကောင်လေးနဲ့ ထိုးခွင့်ပြုတယ်။ ဒါပေမဲ့ ငါတို့ မင်းရဲ့အခြေအနေကို စောင့်ကြည့်နေကြမယ်။ မင်းရဲ့လက်ရည် ဘယ်လောက်ရှိတယ်ဆိုတာ ငါတို့ မသိကြဘူး။ ဒီတော့ စမ်းကြည့်တာပေါ့ကွာ။ အခြေအနေမဟန်ရင်တော့ ပွဲကို ချက်ချင်းရပ်ပစ်လိုက်မှာနော်"

"အိုဗျာ ... စိမ်လိုက်။ ကျွန်တော့်ကြောင့် ပွဲကို မရပ်စေရဘူး"





ပုတ္တလေးက အရဲကိုးလွန်းနေသည်။ သူ့ဘေးမှ မြှောက်ပေးနေကြသူများကလည်း ရှိနေကြသည် မဟုတ်ပါလား။ ဒီလိုနှင့် ပုတ္တလေးသည် လက်ဝှေ့ဝိုင်းထဲကို ရောက်သွားခဲ့လေ၏။

■

လက်ဝှေ့ဝိုင်းသည် မြေပြင်ပေါ်မှာဖြစ်သည်။ အောက်မှာ သဲများကို ဖြူးထားသည်။ ဘေးပတ်ပတ်လည်မှာတော့ လေးဖက်လေးတန် ကြိုးများဖြင့် တန်းကာ ကာရံထားလေသည်။ ကြားပွဲသပ်သပ် ထိုးကြမည်ဆိုလျှင် လူတွေက စိတ်ဝင်စားသွားခဲ့ကြသည်။ ထိုးမည့်သူနှစ်ယောက်မှာ နဂါးလေးနှင့် ပုတ္တလေး ဟု သိသွားကြသည်နှင့် ...

"ဟာ" "ဟင်"

ဟာခနဲ ဟင်ခနဲဖြစ်သွားခဲ့ကြသည်။ အကြောင်းမှာ နဂါးလေးနှင့်ထိုးမည့်သူမရှိ။ အခုမှ ပုတ္တဆိုသည့် လူငယ်လေးတစ်ဦးက အူကြောင်ကြောင်နှင့် ပေါ်လာသောကြောင့်ပင်။

"ဟာ ... ဒီကောင်လေးတော့ ဘုမသိ ဘမသိနဲ့ ကြိုးဝိုင်းထဲဝင်လာတယ်။ နဂါးလေးအကြောင်း မသိဘူး ထင်တယ်"

"အေးဗျာ ... သူ့ကိုကြည့်ရတာ မလည်မဝယ်နဲ့။ ဝိုင်းပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မတားကြဘူးထင်ပါရဲ့။ သေတော့မှာပဲ"

အားလုံးက ပုတ္တအတွက် စိုးရိမ်နေကြသည်။ သနားနေကြသည်။ အချို့ကတော့ နဂါးလေးက ပုတ္တကို ရက်ရက်စက်စက်ထိုးသတ်မည့်မြင်ကွင်းကို ကြည့်ချင် မြင်ချင်နေကြသည်။ နဂါးလေးသည် ကြိုးဝိုင်းထဲကို ရှုတည်တည်မျက်နှာဖြင့် ဝင်လာသည်။ တစ်လောကလုံးကို ဂရုမစိုက်ဟူသော အမူအရာမျိုးနှင့်ပင်။

"မင်းက လက်ဝှေ့ဘယ်နှပွဲထိုးဖူးလို့လဲ။ ငါ့နာမည်ကို မကြားဖူးဘူးလား။ ဘာတဲ့ . . . ပုတ္တ . . . ဟုတ်လား။ အေး . . . မင်းကြည့်ရတာ မြောက်ကြွမြောက်ကြွနဲ့။ ဒါလောက်တောင် ကြွနေတဲ့ကောင် နတ်ပြည်ကို ပို့ပေးရမှာပေါ့ကွာ"

"အပိုတွေပြောမနေနဲ့။ ငါက မင်းနဲ့ပွဲထိုးချင်နေတာ"

ပုတ္တက ဒါလောက်ပဲပြောသည်။ နဂါးလေးသည် အံကို တင်းတင်းကြိတ်ထားသည်။ ဒိုင်လူကြီးက ခွင့်ပြုလိုက်သည်နှင့် နဂါးလေးက ရုတ်တရက် ခြေနှင့်ပတ်ကန်ထည့်လိုက်သည်။

"ဖြောင်း"

ကန်ချက်က နသယ်ကို ပြင်းထန်စွာရိုက်မိသွားသည်။ ပုတ္တ တစ်ချက်တော့ လည်ထွက်သွားသည်။





"ဟင်" "ဟာ"

အားလုံးကတော့ ပုတ္တလေး ပစ်လဲကျသွားပြီ။ နဂါးလေး၏ ခြေပတ်ရိုက်ချက်တစ်ချက်တည်းနှင့် ပထမအချီအစမှာပင် ပွဲသိမ်းသွားနိုင်သူဟု ထင်လိုက်ကြသည်။ သို့သော် အခြေအနေက သူတို့ထင်သလိုမဟုတ်။ ပုတ္တလေးသည် လည်ထွက်သွားသောကိုယ်ကို ချက်ချင်းပြန်ပြီးတော့ ထိန်းလိုက်သည်။ သူသည် ဘာမှမဖြစ်သလိုပင်။

"ဟာ . . . ဒီကောင်လေး"

ထိုအခါ ပုတ္တလေး၏ အခြေအနေကိုကြည့်ပြီး အားလုံး အံ့အားသင့်သွားခဲ့ကြသည်။ တော်တော့်ကို အကြောမာသည့် ကောင်လေးဟု ထင်မိလိုက်ကြသည်။ နဂါးလေးသည် ပုတ္တက သူ့ကန်ချက်ကို မဖြုံသည့်အတွက် စဉ်းစား၍မရနိုင်အောင်ပင် ဖြစ်သွားခဲ့ရသည်။ ထိုသို့ တွေဝေနေဆဲမှာပင် ပုတ္တသည် နဂါးလေးဆီကို ပြေးဝင်သွားကာ နဖူးချင်း ပစ်တိုက်ထည့်လိုက်သည်။

"ခွပ်"

"အား"

နဂါးလေးသည် အမှတ်မထင် ခံလိုက်ရသောကြောင့် ဆိုးရွားသော နာကြင်မှုကို ခံစားသွားခဲ့ရသည်။ မျက်လုံးတွေက ဘာမှမမြင်တော့



www.burmeseclassic.com

www.burmeseclassic.com



သလို ဖြစ်သွားသည်။ ထိုသို့ ချာချာလည်လျက်ရှိနေစဉ်တွင် ပုတ္တလေးသည် နောက်ထပ် လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

"ခွပ်"

"အား"

နဂါးလေးသည် ဘာမှမတတ်နိုင်တော့ဘဲ အရုပ်ကြိုးပြတ်ပစ်လဲကာ ကျသွားခဲ့လေတော့သည်။ မလှုပ်မယှက်၊ ငြိမ်သက်သွားလျက် ပွဲကြည့်ပရိသတ်များသည် ပထမတော့ ကြောင်ပြီးတော့ ကြည့်နေကြသေးသည်။ နောက်တော့မှ အဖြစ်မှန်ကို လက်ခံသွားကြလေတော့ရာ..

"ဟင်" "ဟာ"

အာမေဋိတ်သံများက အသီးသီးပင် ထွက်ပေါ်လာခဲ့ကြလေသည်။ နဂါးလေး ရှုံးသွားခဲ့လေပြီ။ ယုံကြည်နိုင်ဖို့ခက်ခဲသည့်ကိစ္စမျိုးပမာ ဖြစ်နေကြရသည်။ သတိလစ်နေသော နဂါးလေးကို ဝိုင်းပြီးတော့ နာနပ်ယူနေကြရသည့်တိုင် တော်တော်နှင့် သတိပြန်လည်မလာနိုင်။

"အားပါးပါး တော်တော့်ကို သွက်တဲ့ကောင်လေးပါလားဟေ့"

ထိုအခါကျမှ ပုတ္တလေးကို ဝိုင်းပြီးတော့ ချီးကျူးကြလေသည်။

"ကုသိုလ်ရှာသားလေး ပုတ္တတဲ့ဟေ့နော်။ တစ်နယ်သား နဂါးလေးကို အလဲသိုးလိုက်ပြီဟေ့"





ဒိုင်လူကြီးများကလည်း ပုတ္တလေး၏စွမ်းရည်ကို အံ့အားသင့်၍ မဆုံးကြ။ ဆုတော်ငွေ ၅ ကျပ် ချီးမြှင့်ခြင်းခံရလေသည်။ ဝက်သိုးနှင့် ကြောင်နိုတို့သည် ပုတ္တလေးကို ချောက်တွန်းခဲ့သော်လည်း သူ မခံရဘဲ နာမည်ကြီးနဂါးလေးကို မမျှော်လင့်ဘဲ အနိုင်သတ်နိုင်ခဲ့သည့်အတွက် မယုံကြည်နိုင်အောင်ပင် ဖြစ်သွားခဲ့ကြရသည်။

"ဒီကောင် နဂါးလေးလက်ချက်မိပြီး နာနပ်ယူရလိမ့်မယ်လို့ ထင်နေတာ။ ခုတော့ ဒီကောင် ကံကောင်းသွားပါလား"

"အေး...ဟုတ်တယ်။ ဘာပဲဖြစ်ဖြစ်ကွာ ဒီကောင့်ဆီက ၅ ကျပ်တိုတော့ ရအောင်ယူရမယ်ကွ။ ဟေ့ကောင် ...ပုတ္တလေး အဲဒီငွေ ၅ ကျပ် ငါတို့ကိုပေးစမ်း"

"ဘာလုပ်မလို့လဲ။ ဒါ ကျွန်တော်ရတာပဲဟာ"

"ဟေ့ကောင် ... ပေးဆိုမပေးဘူးလား"

ဝက်သိုးက လုယူမည်ပြုရာ ပုတ္တလေးက ဝက်သိုး၏မျက်နှာကို လက်သီးနှင့် ဖိတ်ထိုးပစ်လိုက်သည်။

"ခွပ်"

"အား"

"ဟင် ... မင်း ... မင်းက တော်တော်လူပါးဝနေပါလားကွ"



www.burmeseclassic.com

www.burmeseclassic.com



ကြောင်နိုသည် ပုတ္တ၏အရည်အချင်းကို မေ့သွားသည်။ စိတ်ပေါက်ပေါက်နှင့် အသားလွှတ်ဝင်ထိုးရာ . . .

"ရွပ်"

"အား"

ပုတ္တလေး၏လက်သီးချက်မိသွားခဲ့ရပြန်သည်။ ကြိုးဝိုင်းအပြင်ဘက်မှ ထိုးသော နောက်တစ်ပွဲကို ရွှေပွဲလာပရိသတ်များက ထိုက်တန်စွာ ကြည့်လိုက်ကြရခြင်းပင်။ သူများနစ်နာစေရန် အားပေးအားမြှောက်ပြုလုပ်ခဲ့သော ဝက်သိုးနှင့်ကြောင်နိုတို့သည် ကိုယ့်ရှုးကိုယ်ပတ်ကာ နောက်ဆုံးမှာတော့ ဒဏ်ပြန်ခံလိုက်ကြရလေသည်။

■

"အမေ . . . အမေ . . . ကျွန်တော် လက်ဝှေ့ထိုးတာ နိုင်လို့ဆုတော်ငွေ ငါးကျပ်ရခဲ့တယ်။ ဟောဒီမှာ။ အမေ ဈေးသုံးဖို့ယူ"

ပုတ္တလေးသည် ခြံထဲကို ဝမ်းသာအားရပြေးဝင်လာခဲ့သည်။ သို့သော် ဒေါ်ကြည်ပြာသည် ငှက်ခါးရွာဘုရားပွဲတွင် လက်ဝှေ့ထိုးခဲ့သော ပုတ္တလေး၏အကြောင်းကို မကြာသေးမီကပင် ကြားခဲ့ပြီးဖြစ်သည်။

"လာခဲ့စမ်း . . . ဟော့ကောင်။ နင် သူများမြှောက်ပေးတိုင်း





လျှောက်လုပ်တယ်။ နင် တစ်ခုခုဖြစ်လာရင် မကောင်ဘူးလား။ နောက်ကို ကိုယ့်စိတ်ထင်ရာကိုလုပ်ဦးမလား။ ဟင် . . . ကဲဟာယ် . . . ကဲဟာယ်"

ဒေါ်ကြည်ပြာသည် ပုတ္တလေးကို ကြိမ်လုံးနှင့်ဆီးပြီးတော့ ရိုက်လေတော့သည်။

"ရှမ်း . . . ရှမ်း . . . ရှမ်း"

"အား . . . အား . . . အောင်မလေး နာတယ် အမေရဲ့ နောက်ကို ဒီလိုမလုပ်တော့ပါဘူးဗျ"

ပုတ္တလေးမှာ ကျောကော့အောင်ခံလိုက်ရသဖြင့် မချိမဆန့်နှင့် အော်နေလေတော့သည်။ ငါးကျပ်တန်လေးကိုကိုင်ပြီးတော့ မအေဆီပြေးလာခဲ့သော ပုတ္တလေးခမျာ မျက်နှာမရ ခြေထောက်ရကာ မအေ၏ဆီးပြီးတော့ အရိုက်ခံလိုက်ရလေသည်။

"ဟဲ့ . . . ဟဲ့ . . . မကြည်ပြာရယ် ဘာလိုလိုက်တာလဲကွယ်။ ကိုယ့်သားလေးတစ်ယောက်တည်းရှိတာ။ ဒီလို ရက်ရက်စက်စက် ရိုက်ရသလား။ အကျိုးအကြောင်းပြောပြပြီးတော့ ဆုံးမမှပေါ့။ ဖြစ်မှဖြစ်ရလေကွယ်"

အိမ်နီးနားချင်းများက မနေသာ၍ပြေးလာခဲ့ကြသည်။ ထိုအခါ ဒေါ်ကြည်ပြာမှာ ကြိမ်လုံးကို ပစ်ချပြီး ရှုံ့ချကာငိုလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မသားလေးကိုစိတ်မနှံ့တဲ့သူဆိုပြီး ဝိုင်းပြီးအနိုင်ကျင့်ချ ကြတယ်။ ဒါ သေလမ်းကိုပို့တာ။ မတော်လို့များ တစ်ခုခုဖြစ်သွားခဲ့ရ ကျွန်မ ရင်ကျိုးရမှာ . . . ဟီး"

"ပုဏ္ဏလေးက လိမ္မာပါတယ်ဟယ်၊ ဒါလောက်အဆိုးကြီ မဟုတ်ပါဘူး။ ကလေးပဲ . . . နားမလည်တာလည်းရှိမှာပေါ့၊ သေသေ ချာချာ ဆုံးမရင်မှတ်ထားမှာပါ။ နောက်လိုဒီကို အလွန်အကျွံမလုပ်ပါ ဟယ်။ သား . . . ပုဏ္ဏလေး . . . သားကို ဘယ်သူတွေက ဘယ်လိုပဲ မြှောက် ပေး မြှောက်ပေး မလုပ်ရဘူးနော်၊ စဉ်းစားပြီးမှ ဆုံးဖြတ်၊ ကြားလား"

"ဟုတ်ကဲ့ပါ . . . ကြီးမေ။ ကျွန်တော် နောက်ကို ဒီလိုမလုပ်တော ပါဘူး"

ပုဏ္ဏလေးကလည်း ငိုသည်။ အသားနာ၍ငိုခြင်းမဟုတ်၊ သ အမေငိုနေသည်ကို မကြည့်ရက်၍ ဝမ်းနည်းပြီးတော့ ငိုမိရခြင်းပင တကယ်တော့ ပုဏ္ဏလေးသည် စိတ်မှန်သူတစ်ယောက်မဟုတ်၊ သ တစ်ပါးက ဂရုစိုက်တာမျိုးကို ခံယူချင်သူဖြစ်သည်၊ အနစ်နာခံမှ သူ့ကြ အရေးလုပ်ကြမည်ဟုယူဆထားကာ မည်သူကပဲခိုင်းခိုင်း လိုက်လျော ရခြင်းပင်။

❖ ❖ ❖



# အခန်း ( ၄ )
# ထူးဆန်းသောအလှူခံပုဂ္ဂိုလ်

ပုဏ္ဏလေး၏ကျောပြင်ပေါ်မှာ အရှိုးရာများက ထင်နေသည်။ ဒေါ် ကြည်ပြာသည် ဖျာပေါ်မှာ မှောက်လျက်သားရှိနေသော ပုဏ္ဏလေး၏ ကျောထက်က ဒဏ်ရာများကို နနွင်းဖြင့်သိပ်ပေးနေလေသည်။ ပုဏ္ဏလေး ကာ စပ်ဖျင်းဖျင်းဝေဒနာကို ခံစားနေရသော်လည်း မျက်နှာတစ်ချက်မပျက်။ သည်းကာခံနေလေသည်။

"အမေက သားကို မုန်းလို့ရိုက်တာမဟုတ်ဘူး။ သားက မိုက



www.burmeseclassic.com

www.burmeseclassic.com



စကားကို နားမထောင်ဘဲ ထင်ရာလျှောက်လုပ်နေလို့ ဆုံးမတာ။ ကိုယ့်ကို ရှောက်တွန်းတဲ့သူတွေအပေးမှာ ယုံစားလွန်းတာက ခက်တယ်"

"အမေရော ဒီကောင်တွေက သားဆီက ပိုက်ဆံကိုလိုချင်လို့ ဝင်လုတာ၊ ဘယ်ရမလဲ။ လက်သီးစာကျွေးပစ်လိုက်တာပေါ့"

မိခင်ပြောသည်က တခြား၊ သူ ပြန်ပြောသည်က တခြား၊ ဒေါ်ကြည်ပြာမှာ စိတ်မကောင်းလည်းဖြစ်မိရသည်၊ ယူကျုံးမရလည်း ဖြစ်မိရသည်။

"ဒီအတိုင်းသာဆို ငါတို့မျက်စိနှစ်လုံး မှိတ်သွားရင် ဘယ်လိုလုပ်မလဲ၊ သားကို သူများတစ်တွေက ပိုပြီးတော့အနိုင်ကျင့်ကြမှာပေါ့။

"သားကို အနိုင်ကျင့်ရဲကျင့်ကြည့်ကြပါလား၊ ကိုင်ပေါက်ပစ်လိုက်မှာပေါ့"

သားအမိနှစ်ယောက် ပြောဆိုနေကြသည်ကို မလှမ်းမကမ်းမှ အကဲခတ်ကာကြည့်နေသော ဦးမြသာက . . .

"ဒါလောက်ကြီးလည်း ပူမနေပါနဲ့ကွာ၊ သားက ကိုယ့်လမ်းကိုယ်တွင်ပြီးတော့လျှောက်မယ့်လူပါ။ တစ်ချိန်ကျ ကညီမစမယ့်သူ ပေါ်လာပါလိမ့်မယ်"

"အဲသလိုဖြစ်ရင်တော့ ကောင်းတာပေါ့တော်"





"ငါလည်း ဟိုဝက်သိုးနဲ့ ကြောင်နိုကို သွားပြောခဲ့ပြီးပြီ၊ နောက်ကို ဒီလိုလုပ်ရင် ငါနဲ့တွေ့မယ်လို့၊ ပြောမယ့်သာပြောရတယ်။ ဒီကောင်နှစ်ကောင်ရဲ့မျက်နှာတွေလည်း ရောင်ကိုင်းနေတာပဲ။ သည့်ထက် ပြောမထွက်တော့ဘူး၊ သားလက်ချက်မိသွားတာ၊ သူတို့အဖြစ်နဲ့သူတို့ကိုး"

"ရှင်က သားကို တမင်မြှောက်ပင့်ပြီးတော့ပြောသလို ဖြစ်နေတယ်၊ သူတစ်ပါးထိနိုက်ဒဏ်ရာရသွားတာကို အားရတယ်။ ကျေနပ်တယ် ဆိုတဲ့ စိတ်မျိုးဝင်သွားရင် မကောင်းဘူး"

"ငါ ဒီလိုသဘောမျိုးနဲ့ပြောတာ မဟုတ်ပါဘူးကွာ။ ငါလည်း ကိုယ့်သားလမ်းမှားကို ရောက်သွားမှာကို ဘယ်လိုလားပါ့မလဲ မကြည်ပြာရယ်"

အများနှင့်မတူ တမူထူးခြားစွာ ဉာဏ်ရည်မမီပဲ မွေးဖွားလာခဲ့သည်၊ သားအတွက် မိခင်မှာ အချိန်ရှိသ၍ ခံစားနေရသည်၊ သူမ၏ ခံစားမှုသည် ဦးမြသာထက်တော့ ပိုသည်၊ မိမိဝမ်းနှင့်လွယ်ပြီးတော့ မွေးခဲ့ရသည့် မိခင်တစ်ယောက်ပေကိုး။

■



www.burmeseclassic.com

www.burmeseclassic.com



ပုတ္တလေးကို စာသင်၍မရ။ ယခုအချိန်အထိ ကကြီးတစ်လုံး နားမလည်သေး။ သင်ယူလည်း ကပေါက်တီကပေါက်ချာ ဟိုရောက် ဒီ ရောက်။ နှုတ်က ပြောချင်ရာပြော ဆိုချင်ရာဆိုနေသည်။

"တမတတ်တဲ့သူဟာ အကန်းနဲ့တူတယ် သားရဲ့။ အမေ သင်ပေးတာကို သား သေသေချာချာလိုက်ပြီးတော့ သင်ပါ"

"အမေကလည်း သား မကန်းပါဘူး။ ဟောဒီမျက်လုံးတွေက မြင်နေတာပဲ။ အမေ့ကိုရော၊ ဟောဟိုက သစ်ပင်တွေရော၊ နွားတွေကို ရော မြင်နေရတယ်လေ"

"ဩော် ... သားရယ် မျက်လုံးနဲ့အရာဝတ္ထုတွေကို မြင်နေရတာ မျိုးပြောတာ မဟုတ်ဘူးကွယ့်။ ပညာကိုပြောတာ။ ပညာတတ်မှ အသိ ဉာဏ်တိုးတက်မယ်။ ဉာဏ်ပညာကြီးမှ ကိုယ့်ကို သူများက လှည့်စားလို့ မရနိုင်မှာကွယ့်"

"အသိဉာဏ်ဆိုတာ ဘာကိုခေါ်တာလဲ အမေ။ သူက ဘယ်မှာ နေတာလဲ"

ထိုအခါ မကြည်ပြာမှာ သက်ပြင်းချမိရသည်။ မည်သို့ပင် နည်း လမ်းကျကျပြောပြော အဟောသိကံကိုပင် ရောက်သွားခဲ့ရသည်ပါတကား

■





တစ်ရက်တွင် ပုတ္တလေးသည် မိမိ၏ခြံထဲမှာပင်ရှိနေစဉ် ...

"အလှူခံ ... အလှူခံ"

အလှူခံဆို၍ အိမ်ရှေ့ကိုလှမ်းကြည့်မိလိုက်သည်။ ထိုအခါ အသက်ငါးဆယ်ကျော်ခန့်ရှိ လူကြီးတစ်ယောက်ကို မြင်တွေ့လိုက်ရ သည်။ မျက်နှာထားက ဆိုးသည်။ ကြမ်းတမ်းသောရုပ်ရည်ရှိသည်။ မျက်လုံးက နီကြောင်ကြောင်၊ နှုတ်ခမ်းက ထူထူ၊ နာတံကတော့ ပြေပြစ် တာ ဖြောင့်စင်းနေသည်။ ညစ်ထပ်ခြောက်သယောင်းနေသော ဆံပင်များ က ရှည်လျားကာ ကုပ်သို့တိုင် ရောက်နေသည်။

အကျီအဖြူကို အတွင်းက စွပ်ကျယ်လိုမျိုး အပေါ်ထပ်ကာ ဝတ် ဆင်ထားသည်။ လုံချည်က အဖြူခံမှာ လေးထောင့်အနက်ကွက်တုံးများ ဖော်ထားသည်။ သို့သော် အဆင်က မပီတော့။ ဟောင်းနွမ်းနေသည်။ လက်ထဲတွင် မောင်းထောင်ခွက်ကြီးတစ်လုံးကို ကိုင်ထားသည်။ ရင်မှာ ပိုက်ထား၏။ ပုတ္တလေးသည် ထိုလူကြီးဆီကို ပြေးသွား၏။ လက်ထဲမှာ တော့ စားလက်စဘိန်းမုန့်က တန်းလန်း။

"အဘိုး ... ကျွန်တော့်မှာ ပိုက်ဆံမရှိဘူး။ မုန့်ပဲရှိတယ်"

"အေး ... ရှိတာကိုပဲ လှူကွယ့်။ အဘိုးက မငြင်းပါဘူး"

ထိုအခါ ပုတ္တလေးသည် ဘိန်းမုန့်ကို မောင်းထောင်ခွက်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ထည့်လိုက်သည်။ လူကြီးသည် ပုတ္တလေး၏ခေါင်းကိုကိုင်ပြီး . . .

"သာဓု . . . သာဓု . . . သာဓု"

သာဓုခေါ်ကာ ထွက်သွားခဲ့လေသည်။ ထိုလူကြီးသည် မည်သည့်ခြံရှေ့မှာမှ မရပ်။ အလှူမခံဘဲ ရွာအရှေ့ပိုင်းကို ဆက်ပြီးတော့ ထွက်သွားခဲ့လေ၏။ ဒေါ်ကြည်ပြာသည် အိမ်ရှေ့မှာ စကားပြောသံများလိုလို ကြားလိုက်ရ၍ ခြံအနောက်ဘက်မှ ထွက်လာခဲ့သည်။ ခြံတံခါးဝမှာ ပုတ္တလေးကိုပဲ တွေ့လိုက်ရသည်။

"သား . . . စောစောကစကားပြောနေတာ မဟုတ်လား။ ဘယ်သူနဲ့လဲ"

"ဘိုးဘိုးတစ်ယောက်ပါ အမေ။ အလှူခံလို့ သားစားနေတဲ့ ဘိန်းမုန့်ကိုပဲ လှူလိုက်တယ်"

"သားရယ် . . . အမေ ဘိန်းမုန့်ဖုတ်ထားတာ သိမ်းထားပါသေးတယ်။ ယူပြီး လှူလိုက်ရင် ရသားနဲ့။ ကိုယ်စားနေတာကို လှူလိုက်ရတယ်လို့။ အားနာစရာကြီး"

"အဲသလိုဆိုရင် ငရဲကြီးတတ်လား အမေ"

"ငရဲမကြီးပါဘူးကွယ်။ ကုသိုလ်လည်း ရပါတယ်။ လှူချင်တဲ့ဆန္ဒရှိရင် လှူသာလှူလိုက်။ ဟုတ်ပြီလား။ နောက်ဆိုရင် အလှူခံရောက်





လာရင် အမေ့ကိုခေါ်နော်။ အမေမရှိရင် ဓာကာလေးစောင့်ပါဦးခင်ဗျာလို့ ပြောပြီး အိမ်ထဲမှာဝင်ယူ၊ လှူလိုက်၊ ကြားလား"

"ဟုတ်ကဲ့"

ဒေါ်ကြည်ပြာက သားကိုမှာပြီး ထွက်သွားမည်ပြုရာ . . .

"ဩော် . . . အမေ"

"ဟင် . . . သား ဘာလဲ"

"ဘိန်းမုန့်ရောင်းပါလား အမေ"

"ဟင် . . . သားကလည်း အိမ်စားဖို့ပဲလုပ်တာ။ လုပ်ရောင်းတော့လည်း ဘယ်သူက ဝယ်စားမှာမို့လဲ။ ဘိန်းမုန့်သည်တွေက အများကြီး"

"အမေကလည်း ရောင်းတာရောင်းပါ"

ပုတ္တလေးက တိုက်တွန်းသည်။ ဒေါ်ကြည်ပြာသည်လည်း ဘိန်းမုန့်ဖုတ်ရောင်းချင်စိတ် ဖြစ်ပေါ်သွား၏။ နောက်တစ်နေ့တွင် အိမ်ရှေ့မှာ ဘိန်းမုန့်ဖုတ်ကာ ရောင်းသည်။ ဖြတ်သွားဖြတ်လာများက ဝယ်စားကြသည်။ သတင်းကြားနှင့် လာရောက်ဝယ်စားကြသည်။ ရောင်းကောင်းသည်။ နေ့လယ်ပိုင်းနားပြီး ညနေပိုင်း ဆက်ရောင်းသည်။ ရောင်းရသည်။ စားကောင်းလွန်းလို့ဆို၍ ချီးမွမ်းသွားကြသည်။ ထိုတစ်လအတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘိန်းမှုန့်ရောင်းရသည့်အမြတ်ငွေ နွားတစ်ကောင်ဖိုးမက ရှိလေသည်။ ဦးမြသာသည်ပင်လျှင် အံ့အားသင့်မိရသည်။ သည့်နောက် လူတွေက ဘိန်းမှုန့်ကို ငြိုးငွေ့သွားခဲ့ကြပြန်သည်။ ထိုအခါ မရောင်းတော့ဘဲ ရပ်နားလိုက်ရသည်။

■

တစ်ရက်တွင် . . .

"အလှူခံ . . . အလှူခံ"

ခြံဝမှအသံတစ်သံကို ကြားလိုက်ရပြန်သည်။ ထိုအချိန်တွင် ပုတ္တလေးသည် အိမ်ရှေ့ဖိနပ်ချွတ်မှာ ထမင်းကြော်ထိုင်စားနေ၏။

"ဟာ . . . ဘိုးဘိုး"

ပုတ္တလေးသည် ပန်းကန်ကိုကိုင်ကာ အိမ်ပေါ်မှ ပြေးဆင်းသွား၏။ ထိုပုဂ္ဂိုလ်ကြီးသည် ယခင်တစ်ခေါက်ကလိုပင် မောင်းထောင်ခွက်ကြီးကို ရင်မှာပိုက်ထား၏။

"အဘိုး . . . ကျွန်တော့်ကို အမေကမှာထားတယ်၊ ဘိုးဘိုးလာရင် စားလက်စကို မလှူနဲ့တဲ့။ အိမ်ပေါ်မှာ လာယူပြီးတော့ လှူတဲ့၊ ခဏကလေးစောင့်ဦးနော်"





"သားပင်ပန်းပါတယ်ကွာ။ အိမ်ပေါ်ကို တက်ရဦးမှာ၊ မင်းရဲ့လက်ထဲကဟာပဲ လှူလို့မရဘူးလား"

"ရ . . . ရပါတယ်။ ဒါပေမဲ့ ကျွန်တော်စားလက်စဖြစ်နေတယ်။ ငရဲကြီးမှာစိုးလို့"

"ငရဲမကြီးပါဘူးကွာ"

"ဒါဖြင့် . . . လှူတယ်"

ပုတ္တလေးသည် မောင်းထောင်ခွက်ထဲကို ထမင်းကြော်များလောင်းထည့်လိုက်သည်။

"သာဓု . . . သာဓု . . . သာဓု"

ထိုလူကြီးသည် သာဓုခေါ်ပြီး နေရာမှထွက်သွားခဲ့လေ၏။ ဒေါ်ကြည်ပြာသည်လည်း အိမ်ရှေ့မှ လူသံကြောင့် ရောက်လာ၏။

"ဘယ်သူလဲ . . . သား"

"အလှူခံ အမေ၊ ဟိုးအရင်ကလာတဲ့ ဘိုးဘိုးကြီး။ သားက လှူဖို့အတွက် အိမ်ပေါ်ကို ပြန်တက်ပြီးယူမယ်ပြောတော့ ရတယ်တဲ့။ သားစားနေတဲ့ ထမင်းကြော်ကိုပဲ အလှူခံလို့ သား လှူလိုက်တယ်"

"အို"

ဒေါ်ကြည်ပြာသည် သူမ မမြင်လိုက်ရသည့်လူကြီးကို သိနား



www.burmeseclassic.com

www.burmeseclassic.com

သွား၏။ ကလေးဆီက စားလက်စထမင်းကြော်ကိုပင် မအောင့်အည်းနိုင်ဘဲ အလှူခံသွားခဲ့သည် မဟုတ်ပါလား။

"အမေ . . . ထမင်းကြော်ရောင်းပါလား"

"ဘာရယ် . . . သား ထမင်းကြော်ရောင်းပါလား။ ဟုတ်လားသားရယ်။ အမေတို့ရဲ့နေရာက ချောင်ကျတာ။ ထမင်းကြော်ကို ဘယ်သူက လာစားမှာလဲ"

"အမေကလည်း ရောင်းသာရောင်းပါ။ ဝယ်စားကြမှာပါ"

ပုတ္တလေးက ရေစက်သူပမာ တိုက်တွန်းသည်။ ထိုအခါ ဒေါ်ကြည်ပြာသည်လည်း ထမင်းကြော်ရောင်းချင်စိတ်ဖြစ်ပေါ်လာလေ၏။ နောက်တစ်နေ့တွင် ထမင်းကြော်ကြော်ကာ ရောင်း၏။ ပဲပြုတ်၊ ကြက်သွန်နီဆီချက်၊ လက်ဖက်ခြောက်ကောင်းကောင်းနှင့် ရေနွေးကြမ်းတည်ခင်းပြီး ရောင်းသည်။ တစ်ယောက်က ဝင်စား၏။ အရသာတွေ့သွား၏။

"ဟာ . . . မကြည်ပြာရောင်းတဲ့ ထမင်းကြော်က တော်တော်စားကောင်းတာပဲ။ ပဲပြုတ်ကလည်း အိအိလေး။ ဆီချက်ကလည်း အန့်ကလေးတသင်းသင်းနဲ့။ ရေနွေးကြမ်းကလည်း လဖက်ခြောက်ခါးခါးခတ်ထားလို့ တော်တော့်ကို အဆင်ပြေတာပဲ"

ထမင်းကြော်စားကောင်းကြောင်းသတင်းက တစ်ယောက်က





အစ တစ်ရာဆိုသလို ပျံ့နှံ့သွား၏။ သူလို ကိုယ်လို ကြော်ရောင်းနေတဲ့ ထမင်းကြော်ပဲ။ မကြည်ပြာရဲ့ထမင်းကြော်က ဘာများပိုပြီး ထူးခြားနေလို့လဲဟု ဟုတ်.မဟုတ် သိချင်စိတ်ဖြင့် လာစားကြ၏။ အမှန်တကယ်ပင် စားကောင်းနေသည်။ အချို့က နှစ်ပန်းကန်၊ သုံးပန်းကန် စားကြသည်။ လက်မလည်အောင် ရောင်းရ၍ ကိုမြသာနှင့် ပုတ္တလေးပင် အငြိမ်မနေရ။ ဝိုင်းပြီးတော့ ကူကြရသည်။

သည်လိုနှင့် တစ်လကြာသောအခါ အရောင်းပါးသွား၍ မရောင်းတော့ ရပ်လိုက်ရသည်။ တစ်လရောင်းခဲ့ရသော ထမင်းကြော်မှ ရသော ဝင်ငွေသည် နောက်ထပ် နွားတစ်ရှဉ်းနှင့် လှည်းတစ်စီးကို ဝယ်နိုင်ခဲ့လေသည်။ သည်လိုနှင့် ထိုလူကြီး အလှူခံရောက်လာတိုင်း လှူခဲ့သော ကောက်ညှင်းထုပ်၊ ငှက်ပျောသီးမုန့်၊ မုန့်လက်ကောက် စသည် စသည်တို့ကို လုပ်ပြီး ရောင်းတိုင်း ရောင်းကောင်းခဲ့သည်။

ရခဲ့သောအမြတ်ငွေများသည် အိမ်ဖြစ်နိုင်ခဲ့သည်။ လယ်ငါးဧက ဝယ်နိုင်ခဲ့သည်။ နဂိုက လက်ထဲမှာ ငွေပိုငွေလျှံမကိုင်ဖူးခဲ့ကြသော မိသားစု ယခုတော့ ငွေပိုငွေလျှံများကို သိမ်းထားနိုင်ခဲ့သည်။ မကြည်ပြာသည်ပင် ရွှေဆွဲကြိုးလေးတစ်ကုံးကို လုပ်နိုင်ခဲ့လေပြီ။ သို့သော် တစ်ခုတည်းကို စွဲစွဲမြဲမြဲရောင်း၍မရ။ တစ်မျိုးပြီးတစ်မျိုး ပြောင်းပြီးတော့ရောင်းမှသာ အကျိုး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ထွန်းခဲ့လေသည်။

လူတွေကလည်း ပုတ္တာလေးတို့ မိသားစု အကျိုးပေးပုံကို ကြည့်ပြီး အံ့အားသင့်နေမိကြသည်။ သို့သော် စီးပွားရယ်လို့တော့မဟုတ်။ အဖြစ်ထွန်းကြီးလည်း မဟုတ်၊ အနေအစားချောင်လည်ရုံမျှသာ။ ကိုယ်ပိုင်လယ်လေးနှင့်ဖြစ်လာခဲ့ပြီး သူတို့လယ်က စပါးအထွက်ကောင်းကာ ကိုင်းချိန်မှာ မြေပဲစိုက်၊ ဖရဲခင်းလေး၊ ကြံခင်းလေးလုပ်ပြန်တော့လည်း အကျိုးပေးခဲ့သည်။ သို့သော် သူတို့မိသားစုသည် ခေါင်းထဲမှာ အမြဲစွဲနေသည်က တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့သော အလှူခံပုဂ္ဂိုလ်ကြီးပင်။

"မကြည်ပြာ ငါတို့ ဒီလိုအခြေအနေမျိုးကို ရောက်လာခဲ့တာ ထူးခြားတယ်ကွယ့်။ သားလေးပုတ္တာ သူစားသမျှအထဲက ဟိုပုဂ္ဂိုလ်ကို လှူလိုက်တာ။ အဲဒီနေ့ကစပြီး ငါတို့လည်း စီးပွားဖြစ်လာခဲ့ကြတာပဲ"

"ဟုတ်တယ် . . . ကိုမြသာ။ သား လှူလိုက်တဲ့ အစားအစာတွေကိုပဲ လုပ်ပြီးတော့ရောင်းခဲ့တာ၊ အဲဒီအစားအစာတွေကပဲ ရောင်းကောင်းပြီး မုန့်စု မတ်စုနဲ့ ဒီလိုအခြေအနေမျိုးကို ရောက်လာခဲ့တာ၊ အဲဒါ စဉ်းစားစရာပဲနော်"

"ငါတို့လည်း အဲဒီအလှူခံပုဂ္ဂိုလ်ကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးလိုက်ဘူးနော်။ ဘာပဲဖြစ်ဖြစ် သူ့ကိုအကြောင်းပြုပြီးတော့ ဒီလိုအခြေ





အနေမျိုးကို ရောက်လာခဲ့တာ။ ကျေးဇူးရှိတယ်။ တစ်ကြိမ်လောက်တော့ တွေ့ချင်တယ်။ ကျကျနနကျွေးမွေးပြုစုချင်တယ်"

"ဟုတ်တယ်။ ကျွန်မလည်း အဲဒီလိုစိတ်ကူးမျိုးရှိတယ်"

သို့သော် သူတို့ကျေးဇူးဆပ်လိုသော ပုဂ္ဂိုလ်သည် ကုသိုလ်ရှာကိုရွှေးဝရောက်မလာတော့။ လပေါင်းများစွာ ကြာသည်အထိ ပျောက်နေသည်။ ထိုလူကြီးကို ကျေးဇူးတင်ထိုက်သည့်သူဟု သတ်မှတ်ထားသော ဦးမြသာနှင့် ဒေါ်ကြည်ပြာတို့သည်ကား ရက် လတွေ ကြာသွားခဲ့သည့်တိုင် မမေ့ခဲ့။

တစ်နေ့နေ့ကျရင် တွေ့ခွင့်ရမှာပဲဟု။ ဆုံဆည်းခွင့်ရမှာပဲဟု ယုံကြည်ထားသည်။ ပုတ္တာလေးကတော့ ထိုလူကြီးကို သတိလည်းမရ။ တမ်းလည်းမတမ်းတ၊ တစ်ခါမှလည်း မစပ်စုပေ။ တစ်ခုရှိသည်ကား ထိုလူကြီးနှင့်ဆုံတွေ့ကာခဲ့ပြီးသောအချိန်ကစပြီး ပုတ္တာလေး အပြင်ကို သိပ်မထွက်တော့။ စကားလည်း နည်းသွားခဲ့လေသည်။ တွေ့ကရာ တရွှတ်ရွှတ်တ စကားမျိုးလည်း မပြောတော့။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )
## ဥဒေါင်းတောကြီး

ကုသိုလ်ရွာနှင့် သုံးဖာလုံသာသာဝေးသောနေရာတွင် ဥဒေါင်းတောကြီးရှိ၏။ ယခင်က ဥဒေါင်းများ အတော်ပေါများရာ တောကြီးဖြစ်၍ ကုသိုလ်ရွာသားများသည် ယင်းတောကြီးထဲမှ ဥဒေါင်းများကို မဖမ်းဆီး၊ မသတ်ဖြတ်၊ လှပသောဒေါင်းကြီးများကို မသတ်ဖြတ်ရက်ကြသောကြောင့်လည်း ဖြစ်၏။ ထို့ကြောင့် ဒေါင်းများမှာ ပွားချင်တိုင်းပွား၊ ပေါချင်တိုင်း ပေါနေကြလေတော့သည်။ သို့သော် နယ်ချဲ့အုပ်စိုးသော ခေတ်ကာလဖြစ်၏။ မြန်မာ့အုပ်ချုပ်ရေးကာလ ပျက်ယွင်းနေသောအချိန်။





မြန်မာ့မြေ တိုင်းတစ်ပါးနယ်ချဲ့တို့၏ ဖိနှိပ်အောက်ကို ရောက်နေသောအချိန်တွင် သူတို့ခြယ်လှယ်သမျှကို ခံနေကြရ၏။ မျက်နှာဖြူအချို့သည် ဒေသခံမှုဆိုးအချို့ကို ခေါ်လာပြီး တောထဲဝင်ကာ သားကောင်များကို ပစ်ခတ်ကြသည်။ ထိုအခါ ဒေါင်းများသည်လည်း များစွာပင် သေကြေကြရလေသည်။

ဒေါင်းသားများကို စားကြသောသူအချို့သည် တစ်နည်းမဟုတ် တစ်နည်း အန္တရာယ်ဆိုး၊ ရောဂါဆိုးများနှင့် တွေ့ကြုံကြရသည်။ ယမကာနှင့် တွဲပြီးတော့ စားကြသောကြောင့်၊ သောက်ကြသောကြောင့် အစာအဆိပ်သင့်ကာ သေဆုံးကြခြင်းလည်း ဖြစ်နိုင်သည်။ တောနက်ထဲမှာ စခန်းချကြ၍ သားကောင်ကြီးများ၏ အန္တရာယ်တိုးကြကာ သေဆုံးကြရသည်။ သို့သော် ဒေသခံများကတော့ တောစိုးကြီးများပိုင်ဆိုင်ကြသော ဒေါင်းများကို ပစ်ခတ် သတ်စားကြ၍ ကျိန်စာသင့်ကာ ဘေးဆိုးအမျိုးမျိုးနှင့် ကြုံတွေ့ကြရသည်ဟု ဆိုကြသည်။

မျက်နှာဖြူများသည် ဒေါင်းများကို မျိုးဖြုတ်ရန် မှဆိုးအင်အားဖြင့် တောထဲကို ဝင်ကြသည်။ သို့သော် ဒေါင်းတစ်ကောင်တလေကိုမှပင် မတွေ့ကြရတော့ပေ။ ထိုအခါ တောစိုးကြီးများက ဒေါင်းများကို ဝှက်ထားကြသည်ဟု ဆိုကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် ပုတ္တလေးတစ်ဦးတည်း အိမ်ရှေ့မှာ ဆော့ကစား နေစဉ် . . .

"လူလေး"

တစ်ဦးတစ်ယောက်၏ခေါ်သံကြောင့် လှည့်ကြည့်မိလိုက်သည်။

"ဟင် . . . ဘိုးဘိုး"

သူ တွေ့လိုက်ရသည်ကား လပေါင်းများစွာ ပျောက်ကွယ်နေ သော အလှူခံလူကြီး။ ပုတ္တလေးကို မပြုံးမရယ် ခပ်တည်တည်ဖြင့် ကြည့် နေသည်။ ပုတ္တလေးသည် ထိုလူကြီးဆီကို ပြေးသွားသည်။

"မင်း . . . စာသင်ချင်သလား"

"ကျွန်တော်မှ စာသင်လို့မရဘဲ"

"အေး . . . ငါ ရအောင်သင်ပေးမယ်။ လိုက်ခဲ့"

ထိုလူကြီးက ပြောပြီးထွက်သွားသည်။ ပုတ္တလေးလည်း နောက် မှနေ၍ လိုက်သွားခဲ့လေ၏။ ထိုလူကြီး ရွာထဲသို့ ဝင်လာခဲ့သည်ကိုသော် လည်းကောင်း၊ ပုတ္တလေးနှင့်အတူ ထွက်သွားခဲ့သည်ကိုသော်လည်း ကောင်း၊ မည်သည့်အရပ်ကိုသွားသည်ကိုသော်လည်းကောင်း မည်သူမှ မမြင်လိုက်ကြ။ မသိလိုက်ကြပေ။

■





ဒီလိုနှင့် ရက်အတန်ကြာသွားခဲ့သည်။ ပုတ္တလေး အိမ်မှ မကြာ ကြာ ပျောက်သွားတတ်သည်ကိုတော့ မိဘနှစ်ပါးက သိကြသည်။ သို့သော် ပြန်လာသောအခါမေးသော် . . .

"အမေတို့က သားကို အမြဲတမ်းစိုးရိမ်နေကြတာကိုး။ မစိုးရိမ် နဲ့၊ သား ဘယ်သူနဲ့မှလဲ ရန်မဖြစ်ဘူး။ မကောင်းတဲ့အလုပ်ကိုလည်း မလုပ်ဘူး။ ကိုယ်ကျင့်တရားကို စောင့်ထိန်းပါတယ်"

ဟု အေးဆေးစွာပင် ပြန်ပြီးတော့ ပြောတတ်သည်။

"ဟင် . . . အလို . . . ကိုမြသာ တော့်သားပြောသွားတဲ့စကားတွေ ကို ကြားသလား။ တစ်ခါမှ ဒီလိုမပြောဖူးဘူး။ စီကာစဉ်ကာနဲ့ ပြောသွား လိုက်တာ၊ အစဉ်ကိုချောလို့"

"အေးကွာ . . . ဟုတ်ပါရဲ့။ သားဟာ အရင်လိုမဟုတ်တော့ဘူး။ စကားလည်းနည်းသွားတယ်၊ အိမ်မှာ အနေများလာတယ်။ တစ်ခါတစ်ခါ သာ ထွက်သွားတတ်တာ။ သူပြောတဲ့စကားတွေကလည်း ဗရုတ်ဗရုတ်တ ေဘူး။ မှတ်မှတ်သားသားနဲ့ ပြောတတ်လာတယ်"

ပုတ္တလေး ပြောင်းလဲလာသည်ကို သတိထားမိလာခဲ့ကြရ သည်။ တစ်ရက်တွင် ပုတ္တလေးသည် အိမ်ရှေ့တွင် စာအော်ကျက်နေ သည်။ သင်ပုန်းကြီးဖတ်စာကို ကျက်နေလေသည်။ အဖြင်ကပြန်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သော မိဘနှစ်ပါးစလုံး မြင်လိုက် ကြားလိုက်ကြရသည်။

"မကြည့်ပြာ . . . မကြည့်ပြာ မင်းသား စာတွေကျက်နေတာ
လား။ ငါပဲ အမြင်အကြားမှားသလား။ သေသေချာချာကြည့်စမ်းပါဦး"

"ဟုတ်တယ် . . . သား စာကျက်နေတာ။ ကြည့်စမ်း။ အစဉ်
ချောလို့။ ဘယ်ကနေ ဘယ်လိုတတ်တာလဲ မသိဘူး"

အံ့အားတသင့်ဖြစ်နေကြသည်။ ပုတ္တလေးဆီကို လျှင်မြန်စွာပ
ရောက်သွားခဲ့သည်။

"သား စာတွေရနေသလား။ သားကိုဘယ်သူကသင်ပေးတာလဲ"

ဘုန်းတော်ကြီးကျောင်းကို လွှတ်ပြီး စာသင်ခိုင်းလုရသော ပုတ္
လေး။ ယခုတော့ စာတွေရပြီး ကျက်မှတ်နေသည်ကို မအောင့်အည်
နိုင်တော့ဘဲ မေးချလိုက်လေသည်။

"အမေ အခုတော့ မသိချင်ပါနဲ့။ သား . . . ပြောလို့မဖြစ်သေး
ပါ။ နောက်တော့ . . . အမေနဲ့အဖေ သိလာရမှာပါ"

ပုတ္တလေးက ထူးခြားမှုရှိသော စကားကိုပြောလိုက်သည်။ မ
မက စာကျက်လည်း စိတ်နောက်ကျိသွားမည်ကို စိုးရိမ်သည့်အတွက်
ထပ်ပြီးတော့မမေးဖြစ်တော့ပါ။ အထဲမှာ သားကိုခင်သောသူ တစ်
ယောက်ယောက်ကများ သင်ပေးနေသလား။ ပုတ္တလေးသည် စာက





လျှင်မြန်စွာပင် တတ်မြောက်လာသည်။ ဘုရားရှစ်ခိုး၊ ဂါထာ၊ မန္တန်များက
အစရှတ်တာတ်၊ ဆိုတတ်၊ ဗွာန်ကရိုဏ်းကျ ဖတ်တတ်လာခဲ့ပြီ။ အတန်ငယ်
ကြာသောအခါ ပရိတ်ကြီး ၁၁သုတ်ကိုပင် ရွတ်ဆိုနိုင်ခဲ့သည်အထိ ရှိလာ
ခဲ့ရလေပြီ။ သို့သော် ရွာထဲတွင် ပုတ္တလေးကို မည်သူက စာပေသင်ကြား
ပေးသည်ဟူသော စကားမျိုးကို မကြားကြရ။ ပုတ္တလေးစိတ်အနှောင့်
အယှက်ဖြစ်သွားမည်ကိုစိုးလို့ ထပ်ပြီးမမေးဝံ့ကြ။ သားဖြစ်သူ အကောင်း
ဘက်ကို ရောက်လာပြီး တိုးတက်လာသည့်အတွက် ဝမ်းသာနေကြရ
လေသည်။

■

ဥဒေါင်းတောကြီး၏ တောနက်တွင်းတစ်နေရာ . . .

"အိုးဝေ . . . အိုးဝေ . . . ကနောက် . . . ကနောက်"

ဒေါင်းများ၏အော်သံ မြည်တမ်းသံများက ဟိုမှ၊ ဒီမှထွက် ပေါ်
လာက် ရှိနေကြလေသည်။ မြူးထူးနေကြသော ဒေါင်းများသည်။ ဟိုအပင်၊
ဒီအပင်၊ တစ်ကိုင်းမှ တစ်ကိုင်းခုန်ကူးနေကြသည်။ ပျံသန်းနေကြသည်။
အတွေ့ရနည်းလှသော ဒေါင်းများသည် ဟိုအပင်၊ ဒီအပင်၊ တစ်ကိုင်းမှ
တစ်ကိုင်း ခုန်ကူးနေကြသည်။ အတွေ့ရနည်းလှသော ဒေါင်းများကို



www.burmeseclassic.com

www.burmeseclassic.com



ဤတစ်နေရာတည်းမှာ တစ်စုတစ်ဝေးထဲ တွေ့နိုင်လေသည်။

သစ်ပင်ကြီးများ ထူထပ်သောနေရာတွင် စိမ်းညို့ရောင်သန်း
နေသော ကျောက်ဂူကြီးတစ်လုံးက ထီးတည်းကြီး တည်ရှိနေလေသည်
ဂူပေါက်ဝသည် ကျယ်ဝန်းသည်။ ဂူသည်လည်း အတွင်းဘက်ကို ရှည်
လျားသည်။ ဂူထဲမှာ ဆင်းတုတော် တစ်ဆူကို ဂူနံရံဘက်၏ ထွင်းထား
သောအဆင့်ပေါ်မှာ ဖူးမြင်နိုင်သည်။ လက်ကိုင်ပါသော မြေခွက်ထဲတွင်
မီးသွေးခဲရဲရဲထဲ၌ မွှေးခဲများထည့်ထားရာ အငွေ့ထောင်းထောင်း ထွက်
လျက်ရှိ နေလေသည်။

သောက်တော်ရေချမ်း ဆီမီးပန်းတို့ကိုလည်း လှူထားလေ
သည်။ ဂူထဲမှာ ငြိမ်သက်စွာ ထိုင်လျက် တရားရှုမှတ်နေသော ပုဂ္ဂိုလ်ကြီး
တစ်ဦး နံနက်အရုဏ်မတက်မီကတည်းက တရားရှုမှတ်လာခဲ့သည်
ငါးနာရီကျော်ကျော် ကြာမြင့်လာခဲ့သည်။ ဇယောင်းတိုင်မီးပူဇော်ထား
သော်လည်း မငြိမ်းသေး အမွှေးခဲများသည်လည်း လောင်ကျွမ်းလို့ မကုန်
ဆုံးနိုင်သေးပေ။

ယင်းအချိန်တွင် လမ်းမဟုတ်သော လမ်းအတိုင်းထွင်ပြီးတော့
လျှောက်လာနေသူတစ်ဦး။ အခြားသူမဟုတ်ဘူး။ ပုတ္တလေးပင် ရှေ့သွား
နေရင်းက နောက်သို့ မကြာခဏပင် လှည့်ကြည့်နေတတ်သည်။ တစ်ဦး





တစ်ယောက်ကများ နောက်ယောင်ခံပြီးတော့ လိုက်နေသလားဟု သင်္ကာ
မကင်း ဖြစ်မိသည်။ ထို့ကြောင့် ရုတ်တရက်ဆိုသလို သစ်ပင်ကြီးတစ်ပင်
၌ကွယ်လိုက်လေ၏။ လူနှစ်ယောက်သည် ပုတ္တလေး၏နောက်မှ တောက်
လျှောက်ပင် လိုက်လာနေသည်။

"ဟင် . . . ပုတ္တလေး ဘယ်နားရောက်သွားလဲ မသိဘူး"

"အေးကွ . . . ဒီနားမှာတင်ပျောက်သွားတယ်။ ငါတို့လိုက်
နေကြမှန်းသိလို့ တစ်နေရာကိုများ ရှောင်ထွက်သွားလား"

နေရာမှာတင် ရပ်လိုက်ကြပြီး တီးတိုးပြောနေကြသည်။ ဟိုဒီ
ကြည့်နေကြသည်။ ပုတ္တလေးသည် သူတို့၏အမူအရာကိုကြည့်ပြီးတော့
ရယ်ချင်လာ၏။ ခြောက်လှန့်ချင်သောစိတ်များက တဖွားဖွားနှင့် ဖြစ်လာ
ခဲ့သည်။ ထိုစိတ်ကို ချိုးနှိမ်၍မရ။ တားဆီး၍မရ၊ ကျားတစ်ကောင်လို
အော်ဟစ်လိုက်ချင်စိတ်ဖြစ်ပေါ်လာခဲ့သည်။ မိမိကိုယ် မိမိလည်း ကျား
တစ်ကောင်ဟု ထင်မြင်လာမိသည်။ ထို့ကြောင့် မအောင့်အည်းနိုင်တော့
ဘဲ . . .

"အူး . . . ဝေါင်း"

ကျယ်လောင်လှသော ကျားဟိန်းသံကြီးက ရုတ်တရက် ထွက်
ပေါ်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးဗျ"

"ကျား . . . ကျား . . . ကယ်တော်မူကြပါဗျို့"

နှစ်ယောက်သား အော်ဟစ်ပြီး နောက်ကြောင်းကိုလှည့်ကာ ပြေးကြလေတော့သည်။ ယင်းကျားဟိန်းသံကြီးက တစ်တောလုံးကိုပင် တုန်ခါသွားစေခဲ့သည်။ မိမိအသံတုလုပ်ကာ ကျားလိုအော်လိုက်ရာ ပီပြင်လွန်း၍ ပုတ္တလေးမှာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသွားခဲ့လေရာ . . .

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဒီကောင်တွေ တကယ့်ကျားသံလို့ထင်ပြီး ထွက်ပြေးသွားခဲ့ကြပြီဟေ့။ ရယ်ရတယ်"

ပုတ္တလေးသည် သဘောကျလွန်းသဖြင့် ခုန်ပေါက်ကာ ရယ်မောလျက်ရှိနေလေသည်။ ထို့နောက် တောထဲကို ဆက်ပြီးတော့ ဝင်လာခဲ့သည်။ ဤလိုနေရာမျိုးကို မည်သူမှ မရောက်နိုင်ကြသော်လည်း ပုတ္တလေးကတော့ အခက်အခဲမရှိ၊ သွားတတ် လာတတ်နေသည်။ ဝင်နိုင်၊ ထွက်နိုင်သည်။ ဒီလိုနှင့် နားထဲမှာ ခေါင်းအော်သံများကို ကြားလာခဲ့ရသည်။

"အိုးဝေ . . . အိုးဝေ . . . ကရောက် . . . ကရောက်"

သူတော်စင်ကြီးသည် တရားမှတ်နေရာက ဖျတ်ခနဲဆို မျက်လုံးတွေ ပွင့်လာခဲ့သည်။ ထို့နောက် နေရာမှ ဖြည်းညင်းစွာပင် ထလိုက်လေသည်။ ဂူအပြင်ဘက်သို့ ထွက်လာသည်။ ပုတ္တလေး လာနေသည်ကို လှမ်းပြီးတော့ မြင်လိုက်ရသည်။





"ဘိုးဘိုး"

ပုတ္တလေးက ခပ်လှမ်းလှမ်းကပင် လှမ်းပြီးတော့ နှုတ်ဆက်လိုက်သည်။ သူသည် ထိုပုဂ္ဂိုလ်ကြီးကို လွန်စွာမှပင် ရိုသေလေးစားသော အမူအရာမျိုး အမြဲတမ်းရှိနေသည်။

"သား . . . မင်းနောက်ကလူတွေ လိုက်လာကြတယ် မဟုတ်လား"

"လိုက်လာတာပေါ့ဘိုးဘိုးရဲ့။ ကျွန်တော် ကျားလိုဟိန်းဟောက်လိုက်တာ အော်ပြီးတော့ တစ်ချိုးတည်းကိုပြေးရော . . . ဟား . . . ဟား ဟား . . . ဟား"

သူတော်စင်ကြီးသည် ပြုံးစစအမူအရာဖြင့် ပုတ္တလေးကို ကြည့်ကာ ခေါင်းတညိတ်ညိတ်ဖြင့် ရှိနေသည်။

"အင်း . . . ကျားတစ်ကောင်လို ဟိန်းဟောက်လိုစိတ် ဘာကြောင့်ဖြစ်ပေါ်လာခဲ့သည်ဆိုတာ ဒီကလေး တကယ်မသိခဲ့ပါလား"

သူသည် သူ့ကို ငေးရီပြီးကြည့်နေသော ပုတ္တလေး၏မျက်နှာကို ကြည့်ကာ များစွာပင် ကရုဏာသက်လျက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . မင်းအတွက် လူကောင်းတစ်ယောက်ဖြစ်ဖို့ အချိန်က လိုသေးတယ်။ တဖြည်းဖြည်း ပြောင်းလဲသွားအောင် ဒီလိုပဲ ပြုပြင်ယူရမှာ ပဲလေ"

"ကဲ . . . ခဏကြာရင် မင်း ငါ့ဆီကိုလာခဲ့"

"ဟုတ်ကဲ့"

ပုဏ္ဏလေးသည် ခပ်လှမ်းလှမ်းမှရှိနေကြသော ဒေါင်းများဆီသို့ ပြေးသွားသည်။ ဥဒေါင်းငှက်များသည် ပုဏ္ဏလေးကိုမြင်လိုက်ကြသည်နှင့် အနားရောက်အောင် ပြေးလာခဲ့ကြသည်။ အချို့သည် သစ်ပင်များပေါ်က ဆင်းလာခဲ့ကြသည်။ ထို့နောက် ပုဏ္ဏလေးသည် ဥဒေါင်းဖော့ကြားထဲမှာ ဆော့ကစားလျက်ရှိနေလေသည်။ အတန်ငယ် ဆော့ကစားပြီးသောအခါ ကျောက်ဂူဆီကိုပြေးသွားသည်။ သောက်ရေအိုးထဲမှ ရေကို ခပ်ပြီးသော့ သောက်သည်။ သူ့အတွက် ဖယ်ထားပေးသော ငှက်ပျောသီးကို စားသည်။

"သား . . . ပြီးရင် ဒီကိုလာခဲ့"

ပုဂ္ဂိုလ်ကခေါ်လိုက်သည်။ ပုဏ္ဏလေးသည် သူတော်စင်ကြီး၏ ရှေ့မှာ ရိုကျိုးစွာပင် ထိုင်လိုက်၏။ ကျောက်သင်ပုန်းနှင့်ကျောက်တံကို ပုဏ္ဏလေး၏ရှေ့မှာ ချပေးလိုက်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် စာများကို ထိုင်





ပေးသည်။ ပုဏ္ဏလေးက ကျောက်တံကိုကိုင်ကာ ကျောက်သင်ပုန်းပေါ်တွင် ဆို့ရေး ရေးနေလေသည်။

ယခင်က စာကို စိတ်မဝင်စား၊ သင်ချင်စိတ်မရှိ။ စိတ်မဝင်စားခဲ့သော ပုဏ္ဏလေးသည် သူတော်စင်ကြီးနှင့်တွေ့ကာမှ စာကို စိတ်ဝင်စားလာခဲ့သည်။ သင်ကြားချင်စိတ်ဖြစ်ပေါ်လာခဲ့သည်။ သင်ကြား၍လည်း ရလာခဲ့လေသည်။ ဤကား သူတော်စင်ကြီး၏ ဓာတ်၊ ဟိတ်ကြောင့်ပင် ဖြစ်မည်ထင်သည်။

"သား . . . ပါးစပ်ဟာစမ်း"

ပုဏ္ဏလေးက ပါးစပ်ဟာပေးသည်။ ထိုအခါ ကြေးဘူးလေးကို ဖွင့်ကာ အထဲမှ အမှုန့်များကို လက်ညှိုးနှင့်ကောကာ ပုဏ္ဏလေး၏လျှာပေါ်မှာ သုတ်လိမ်းပေးလိုက်သည်။ ဓာတ်ပြာဖြစ်ဟန်တူသည်။ ထို့နောက် ရေတစ်ခွက်ကိုသောက်စေသည်။ ပုဏ္ဏလေး ရောက်လာတိုင်းမှာ ထိုကဲ့သို့ပင် ပြုလုပ်လေ့ရှိသည်။ တစ်ခါတစ်ရံတွင် မီးကျီးခဲရဲရဲရှိသော မြေခွက်လေးထဲကို အမှုန့်တချို့ထည့်ကာ ထွက်လာသော အငွေ့များကို ရှူစေသည်။ ပုဏ္ဏလေး အပြန်တွင် . . .

"လူလေး ဒီကိုလာတာလည်း ဘယ်သူ့ကိုမှမပြောနဲ့။ သိလည်း မသိကြစေနဲ့။ ပြန်ရင် ကိုယ်မှတ်ထားတဲ့လမ်းအတိုင်းသာသွား။ အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



သာ တည့်တည့်မတ်မတ်ပြန်၊ ဘယ်သူတွေက ဘယ်ကလာသလဲ မေးရင် ခေါင်းသာခါပြလိုက်။ ကြားလား"

"ဟုတ်ကဲ့"

ပုဏ္ဏားလေးကတော့ ဘာပဲပြောပြော ဟုတ်ကဲ့ပင်။ မည်သူမှမသိသောလမ်း၊ မမြင်ဖူးသောလမ်းကို ပုဏ္ဏားလေးက သိသည်။ ထိုလမ်းကပင် တောထဲမှာဝင်ထွက်လုပ်နေလေတော့သည်။

❖ ❖ ❖



## အခန်း ( ၆ )
## ကျားအရှာထွက်၊ ပြေးကြရလှူလျှာထွက်

ရွာထဲတွင် ဝက်သိုးနှင့်ကြောင်နိုတို့၏ ပြောစကားကြောင့် လူအချို့မှာ ပွဲကျနေကြသည်။ တဝါးဝါး တဟားဟားနှင့်ဖြစ်နေကြလေသည်။

"ဝက်သိုးရာ . . . ဒီတောထဲမှာ ဘယ်ကျားကရှိနေနိုင်မှာလဲ။ ကျားနိုတဲ့တောမဟုတ်မှန်းလည်း မင်းတို့ သိကြလျက်သားနဲ့ကွာ။ လူတွေကို လာပြီးတော့ ဖြီးဖြန်းနေပြန်ပြီ"

"ဟုတ်တယ်ဗျာ၊ ကျားမှကျားဟိန်းသံအစစ်။ ကျွန်တော်တို့နဲ့ သိပ်ပြီးတော့ မဝေးဘူး။ အနီးကလေးရယ်။ ဟိန်းဟောက်လိုက်တာများ ဗျာ နားကိုကွဲသွားတော့မတတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ခိုကလည်း မလျော့၊ ကျားအကြောင်းကိုပဲ ထပ်တလဲလဲနှင့် ပြောနေသည်။

"အဲသည်ကျားက မင်းတို့နဲ့အနီးကပ်ဆုံးနေရာမှာ ရှိနေမှတော့ အသားလွတ်ကြီး ဟိန်းဟောက်နေပါ့မလား။ ခုန်အုပ်လိုက်ပြီပေါ့ကွ . . . ဟား . . . ဟား . . . ဟား . . . ဟား"

"ဟာဗျာ . . . ကျွန်တော်တို့က တကယ်ကြားခဲ့ရလို့ ကြုံတွေ့ခဲ့ရလို့ အမှန်အတိုင်းပြန်ပြီးတော့ ပြောပြနေတာကို။ မယုံကြည်လည်း နေပေါ့ဗျာ"

"ဟ . . . ကျားမရှိတဲ့တောထဲက ကျားဟိန်းသံထွက်လာတယ်ဆိုတော့ မင်းတို့ပြောတာ ယုံလို့ရမယ့်ကိစ္စလားဆိုတာ ကိုယ့်ဘာသာကိုယ်လည်း သေသေချာချာ ပြန်ပြီးတော့ စဉ်းစားကြည့်စမ်းဦး"

ဝက်သိုးနှင့် ကြောင်ခိုတို့သည် ယုံတမ်းစကားလာပြောနေကြသည်ဟု ပြောင်လှောင်ခြင်းခံနေကြရသည်။ သို့သော် ထိုအချိန်အခါက ဥဒေါင်းတောကြီးနှင့် မနီးမဝေးရှိ ရွာအချို့က ဆိုကြသည်။ နံနက်စောစောပိုင်းက တောထဲမှ ကျားဟိန်းသံကြီးတစ်သံ ထွက်လာသည်၊ ကျယ်လောင်သောအသံကြီးပင် ဖြစ်သည်ဟု။ ထို့ကြောင့် နားလည်ရခက်သွားခဲ့ကြလေသည်။





"ဥဒေါင်းတောကြီးဟာ ရိုးမတောကြီးနဲ့တစ်ဆက်တည်း တစ်စပ်တည်းရှိနေတယ် မဟုတ်လား။ အဲဒီတော့ နယ်ကျွံပြီးတော့ ရောက်လာတဲ့ ကျားလည်း ဖြစ်နိုင်တာပဲ။ ဟုတ်ရိုးသားမှန်ခဲ့ရင်တော့ လူတွေကို ဒုက္ခကောင်းကောင်းပေးနိုင်တယ်"

"ခုထက်ထိတော့ ဘာသတင်းမှ မကြားရသေးဘူး။ ဒါပေမဲ့ ငါတို့တောထဲဝင်ပြီးတော့ စုံစမ်းကြည့်ရင် ကောင်းမယ်"

အနီးအနားရှိ ရွာနှစ်ရွာမှာ မုဆိုးအချို့နှင့် ကသိုလ်ရွာသား မုဆိုးကျော်ဟိန္ဒအပါအဝင် ရွာသားများသည် နောက်တစ်ရက်မှာ ဥဒေါင်းတောကြီးထဲကို ဝင်လာခဲ့ကြသည်။

[ဝက်သိုးနှင့်ကြောင်ခိုတို့က ပုတ္တလေးကို လိုက်ရှောင်းရင်း ကျားဟိန်းသံကိုကြားရခြင်းဖြစ်သည်ဟု ပြောမပြခဲ့။ ပုတ္တလေးနှင့် ပတ်သက်ပြီး တစ်ခွန်းတစ်စမျှပင် အသံမထွက်ခဲ့ကြပေ။]

ကျားကို ပစ်ခတ်နှိမ်နင်းကြမည့် မုဆိုးများသည် ဒူးလေး၊ လေး၊ မြား၊ ဓား၊ လှံ၊ လက်နက်အစုံအလင်ဖြင့် သတိကြီးစွာပင် ရှိနေကြရသည်။ ဝက်သိုးနှင့်ကြောင်ခိုတို့သည်လည်း လိုက်ပါလာခဲ့ကြသည်။ အမှန်ကတော့ သူတို့သည် မလိုက်လိုကြ။ ဖြစ်ပွားသည့်နေရာကို သိလိုကြ၍ မရဆော ခေါ်လာခဲ့ကြခြင်းသာ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက အသံတိတ်ချဉ်းကပ်လာခဲ့ကြသည်။ သို့သော်
ခြေသံမလုံကြ။ ဟိုမှ သည်မှ တဖျပ်ဖျပ် တဖွတ်ဖွတ်ဖြင့် ထွက်ပေါ်နေလေ
သည်။ တောသည် တိတ်ဆိတ်လွန်းလျက် ရှိသောကြောင့် ခြောက်ချား
စရာကောင်းနေသည်။ အားလုံး၏စိတ်ထဲမှာ ကျားသည် သူတို့ကို ချောင်း
ဖနေသည်ဟု အထင်ရှိနေကြသည်။

တစ်နေရာကိုအရောက်တွင် . . .

ကြောင်ခိုက ရပ်လိုက်သည်။ မုဆိုးဟိန္ဒက . . .

"ဒီနေရာလား" ဟု အဓိပ္ပာယ်ရသော ဟန်အမူအရာဖြင့် မေး
သည်။ နှစ်ယောက်စလုံးခေါင်းညိတ်ကြသည်။ သူတို့နှစ်ယောက် ခေါင်း
ညိတ်ပြကြသည့်နေရာသည် တောပါးသည်။ ကျားမပြောနှင့် ဂျီ(ချေ)
ဒရယ်လိုအကောင်များပင် ရောက်မလာတတ်ကြပေ။ လူသူအသွား
အလာကတော့ သိပ်မရှိတတ်။ ဟိန္ဒက ခြေရာများကို လေ့လာကြည့်
သည်။ ဝက်သိုးနှင့် ကြောင်ခိုတို့၏ ခြေရာများမှလွဲပြီး မည်သည့်ခြေရာကို
မှ မတွေ့ရ။ ကျားခြေရာဆို ဝေလာဝေး ဝက်သိုးနှင့်ကြောင်ခိုတို့သည် ပုဏ္ဏ
လေး၏ခြေရာကိုပင် မတွေ့ရ၍ အံ့အားသင့်နေမိကြလေသည်။

"ဒီကောင့်ခြေရာကို ဘာဖြစ်လို့ မတွေ့ရတာလဲ။ မြေပျော့ပျော့
မှာ ငါတို့ရဲ့ခြေရာတွေကတော့ ထင်ကျန်နေကြတယ်။ သူ့ခြေရာကတော့





ပျောက်နေတယ်"

နှစ်ဦးသား တိုးတိုး တိုးတိုးနှင့် ရှိနေကြသည်။ လူတွေကတော့
သူတို့နှစ်ဦးကို အကဲမခတ်မိကြ။ ရွာသားများသည် တစ်နေရာတည်းတွင်
မဟုတ်ဘဲ လူအင်အားနှင့်တောထဲအနှံ့ လိုက်ပြီးတော့ ရှာကြသည်။ တော
နက်ပိုင်းအစတွင် သားကောင်ငယ်အချို့ကို တွေ့လိုက်ကြရသည်။ သူတို့
ကို တွေ့၍လန့်ပြီးတော့ ပြေးကြလေသည်။

"သားကောင်ငယ်လေးတွေရှိနေကြတယ်။ တကယ်လို့ ကျား
လိုကောင်မျိုးရှိနေရင် သားကောင်တွေ ဘယ်နေနိုင်ကြပါ့မလဲ။ ကျားရဲ့
အရိပ်အခြည်တောင် မတွေ့ရပါဘူး။ နည်းနည်းလောက် ထပ်ရှာပြီးကြရင်
ပြန်လှည့်ကြမယ်"

အခြားရွာသားတစ်ဦးက စိတ်မရှည်သောလေသံဖြင့် ပြော
သည်။ ကုသိုလ်ရွာသားများကိုလည်း မကျေမနပ်ဖြင့် ရှိနေကြသည်။
မပြောရဲကြ၍သာ ဒီလိုနှင့် တောနက်ထဲကို ကျွံပြီးတော့ ဝင်လာခဲ့ကြ
သည်။ အားလုံး၏စိတ်ထဲမှာ တစ်မျိုးတစ်မည်ဖြစ်သွားခဲ့ကြသည်။ ချောက်
ချားသွားကြသလိုပင်။ မရောက်ဘူးသေးသောနေရာကို ရောက်လာခဲ့ကြ
၍ ဤသို့ဖြစ်သွားခဲ့ကြသလား မပြောတတ်။

"ကဲ ဒါလောက်ဆို ရပါပြီ။ တော်လောက်ပါပြီ။ ပြန်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



စောစောကလူကပဲ ပြောသည်။ အေးလေ၊ ဘာထူးခြားချက်မှ မရှိတော့ ပြန်ကြရုံပေါ့။ ကျားဆိုသည့် သံသယလည်း ရှင်းသွားလောက် ကြပါပြီ။

ထိုစဉ် မမျှော်လင့်မိသော ဖြစ်ရပ်တစ်ခု သူတို့အထဲက လူတစ် ယောက်သည် အပေါ့သွားချင်လာသည်နှင့် ချုံကွယ်တစ်ခုဆီကို အပြေး ပင် သွားသည်။ ဤတွင် အရာဝတ္ထုတစ်ခုကို ခလုတ်တိုက်မိသွားခဲ့ လေသည်။

"ဒုတ်"

"အား"

သူ ဝင်ဝိုက်မိသောအရာသည် ကျားခေါင်းကြီးတစ်ခု ဖြစ်နေ သည်။ ကျားခေါင်းကြီးက မြေပြင်ပေါ်ကို မြေအောက်မှထိုးထွက်နေသည့် အခြေအနေမျိုးဖြစ်နေသည်။ ကျားကြီးသည် မျက်လုံးတွေက အပြူးသား ပါ၊ စပ်ကြီးအဖြဲသားနှင့် သူ့ကို အသံတိတ်ဖြဲပြီးတော့ခြောက်လှန့်နေသလို

"အောင်မယ်လေးဗျ။ ကျား . . . ကျား"

ထိုအခါ ထိုသူသည် ငယ်သံပါအောင်အော်ပြီးတော့ ထွက်ပြေး လေတော့သည်။ သူ့အော်သံကြောင့် အားလုံးသည် အထိတ်တလန့်ဖြစ် သွားခဲ့ကြရသည်။ လက်နက်တွေ ဆွဲကိုင်သူက ကိုင်၊ သစ်ပင်ပေါ်တက်





တက်ပြေးသူက ပြေး၊ ကျားကို တိုက်ခိုက်ရန် အကာအကွယ်ယူသူက ယူကြနှင့် ပျာယာခတ်ကုန်ကြသည်။ ရှုပ်ထွေးကုန်ကြသည်၊ ထွက်ပြေး လာသောသူသည်လည်း ကြောက်လွန်း၍ တစ်ကိုယ်လုံးတုန်ခိုက်နေသည်။

"ဟေ့ကောင် . . . ကျား ဘယ်မှာလဲ။ မင်း ဘယ်မှာတွေ့ခဲ့တာလဲ"

"ဟို . . . ဟိုချုံအကွယ်မှာ။ မြေ . . . မြေကြီးထဲက ခေါင်း . . . ခေါင်း ကြီးထွက်လို့"

"ဟာကွာ . . . ကျားက ဘယ့်နှယ်ကြောင့် မြေကြီးထဲက ခေါင်း ကြီးထွက်လာရမှာလဲကွ။ ဒီကောင် မဟုတ်တရုတ်တွေပြောရော့မယ်"

လိုက်ပါလာသော ထိုသူက တစ်ရွာသား။ သတ္တိပြချင်သည်ဆို၍ ဒွတ်လိုက်လာသူ။ သူပြောတာ ဟုတ်၊မဟုတ် မသေချာ။ သေချာသတိ ထားပြီးတော့ အားလုံးကျောချင်းကပ်ကာ ကျားကို ချောင်းမြောင်းနေကြ သည်။ ကျားအလာကို စောင့်နေကြသည်။ သို့သော် အတန်ကြာသည် အထိ ကျားက ချုံအကွယ်က ထွက်မလာ။

"လာကွာ . . . သွားကြည့်ကြမယ်"

စိတ်မရှည်နိုင်ကြတော့ ဒူးလေး၊ လေး၊ တုတ်၊ ဓားတွေ တပြင် ပြင်နှင့် ထိုချုံဆီကို ဦးတည်ပြီး တိုးကပ်သွားခဲ့ကြသည်။ ကျားကို မတွေ့ သစ်ငုတ်တိုကြီးတစ်ခုကိုသာ တွေ့လိုက်ကြရသည်။ ထိုအခါကျမှ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချလိုက်ကြရလေသည်။ စိတ်လည်းတိုသွားခဲ့ကြသည်။

"မင်းတွေ့ခဲ့တာ ဒါလား။ သစ်ငုတ်တိုမှန်းမသိ ဘာမှန်းမသိနဲ့။ မင်းကွာ စောစောစီးစီးသောက်လာခဲ့တယ်ထင်တယ်။ ပြောလိုက်သေးတယ်။ ကျားခေါင်းကို ခလုတ်တိုက်မိတာတဲ့။ တကယ့်ကျားသာဆိုရင် မင်းကို အဲဒီလောက်တောင် အချိန်မပေးတော့ဘူး။ မျက်စိနောက်ပြီး ဖမ်းဆွဲလိုက်တာ ကြာလှပြီ"

တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းပြီးတော့ ဟောက်ကြ အပြစ်တင်ကြသဖြင့် နဂိုကတည်းက အူကြောင်ကြောင်ရှိသောရွာသားမှာ ပိုပြီးတော့ပင် လည်ထွက်သွားခဲ့လေတော့၏။ အားလုံး၏ဆုံးဖြတ်ချက်ဖြင့် ထိုနေရာက လှည့်ပြီးတော့ ပြန်ကြသည်။ သို့သော် အပြန်လမ်းဆီကို မရောက်တော့။ လမ်းမှားခဲ့လေပြီတည်း။

■

သူတို့သည် အပြန်လမ်းကို မည်သို့ပင်ရှာကြသော်လည်း အဆင်မပြေကြ။ ဟိုရောက် ဒီရောက်လျှောက်ပြီးတော့ ရောက်ကုန်ကြလေတော့သည်။

"ဘယ်လိုဖြစ်တာလဲကွာ။ ဒါလောက်လေး ကျွံဝင်လာခဲ့ရုံလောက်နဲ့ လမ်းမှားစရာမလိုပါဘူး။ ပြီးတော့ ဘယ်သူကမှ လမ်းကို





မမှတ်မိကြတာ အံ့အားသင့်စရာပဲ။ ကိုဟိန္ဒ ခင်ဗျားက ပိုပြီးတော့ မှတ်မိရမှာ။ ခုတော့ ခင်ဗျားပါ မျက်စိလည်နေပြီလား"

တစ်ရွာသားတစ်ဦးက ဟိန္ဒကို အပြစ်တင်သည်။

"ကျုပ်က တောအလယ်အထိ တစ်ခါမှမရောက်ဖူးတာ။ မျက်စိလည်တာကတော့ တစ်ယောက်တည်း မဟုတ်ဘူးလေ။ အားလုံးပဲ မဟုတ်လား။ အတွေ့အကြုံအရပြောရရင် ကျုပ်တို့ တောခြောက်ခံနေကြပြီ"

"ဘာ ... တောခြောက်ခံနေကြရပြီ ဟုတ်လား"

မုဆိုးအတွေ့အကြုံမရှိကြသူများ၊ ထင်းခုတ်၊ ဝါးခုတ် အတွေ့အကြုံမရှိကြသူများသည် တောထဲမှာ တစ်ခါတစ်ရံ အမှတ်မထင်ကြုံတွေ့ဘတ်ကြရသော တောခြောက်ခံရသည့်ကိစ္စမျိုးကို မသိကြ၊ နားမလည်ကြ။ ထို့ကြောင့် ဟိန္ဒက တည့်တည့်ပင် ပြောလိုက်ခြင်းပင်ဖြစ်သည်။ ထိုစဉ်

"ဝေါ ... ဝေါ ... ဝေါ ... ဟူး ... ဟူး ... ဟူး"

မမျှော်လင့်ဘဲ ထွက်ပေါ်လာသောအသံများကြောင့် အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ကြရလေသည်။ လေပြင်းတိုက်ခတ်လာခြင်းထင်တည်း။ သစ်ပင်ကြီးငယ်တို့၏ တဖြောင်းဖြောင်းနှင့် မြည်သံများက ပို ထွက်ပေါ်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း . . . ဖြောင်း"

"ဖရဲ . . . ရှဲ . . . ရှဲ"

သစ်ရွက်များ၊ သစ်ကိုင်းများကို လေက အားနှင့်အင်နှင့် အလုံးအရင်းပင် ဆောင့်တိုးပြီးထွက်သွားသံ၊ သစ်ကိုင်းများက လေအားပြင်းပြင်းနှင့် ရိုက်ရိုးခံရသလိုဖြစ်ကာ ပြတ်ကြွေကျသွားသံများ၊ ယင်းလေပြင်းသည် သူတို့ဘက်ကိုများ ရောက်လာလေမလားဟု စိုးရိမ်နေကြရာ . . .

"ဝေါ . . . ဝေါ . . . ဝေါ . . . ဖျော . . . ဖျော . . . ဖျော"

အသံကြီးသည် သူတို့၏အနားကို ရောက်လာပြီးသည့်နောက် ချက်ချင်းမှာပင် ပျောက်သွားခဲ့လေသည်။ လုံးဝကို တိတ်ဆိတ်သွားခဲ့သည်။ ထိုအခါ ချောက်ချားစရာဖြစ်ပြီးတော့ ကျန်ရစ်ခဲ့ပြန်လေသည်။ အားလုံးသည် ထူးခြားသော အခြေအနေကြောင့် ငြိမ်သက်နေကြသည်။ အသက်ရှူသံများကိုပင် ကြားနိုင်ကြသည်။

သို့ရှိနိုက် . . .

နားထဲမှာ လှည်းသံများလိုလို လူသူစကားပြောသံများလိုလို ထွက်ပေါ်လာခဲ့ကြပြန်သည်။ နွားခြူသံများ၊ လှည်းဘီးလိမ့်သံများ ကလေးငိုသံများက ပြတ်သားစွာပင် ကြားနေကြရသည်။ ခွေးဟောင်သံများပင် တစ်ခါတစ်ရံမှာ ထွက်ပေါ်လာတတ်သည်။ ထင်းခုတ်၊ ဝါးခုတ်သမားများ၊ မီးသွေးဖုတ်သမားများ ဤတောထဲကို အုပ်စုလိုက်ရောက်လာခဲ့ကြလေသလားဟု ထင်မိကြရသည်။ သို့သော် ကြားနေကြရသောအသံများသည် ချက်ချင်းပင် ရပ်သွားခဲ့ကြသည်။ လုံးဝတိတ်ဆိတ်သွားခဲ့လေသည်။

ထိုသို့ဖြစ်သွားခဲ့သည့်အတွက် အချို့က နားမလည်နိုင်ကြ။ သို့သော် တစ်ယောက်နှင့်တစ်ယောက် မမေးစမ်းကြပေ။ အကြောင်းမှာ မေးရမှာကို အလိုလိုနေရင်း ကြောက်နေကြသောကြောင့်ပင်တည်း။ သို့ရှိနိုက် . . .

"အိုးဝေ . . . အိုးဝေ . . . အိုးဝေ . . . ကရောက် . . . ကရောက် ကရောက်"

"ဖလပ် . . . ဖလပ် . . . ဖလပ်"

ဒေါင်းတွန်ကျူးသံများက အမှတ်မထင် ထွက်ပေါ်လာခဲ့သည်။

"ဟာ . . . လာပြန်ပြီ ဒေါင်းသံတွေပါလား"

အမျိုးမျိုးပင်ဖြစ်နေသည်။ ဘာကိုယုံရမှန်းမသိကြ။ ဒေါင်းသံများက ဆက်တိုက်ပင် ထွက်ပေါ်လာကြသည်။ ဟိန္ဒက . . .

"ဟိုဘက်က လာတဲ့အသံပဲ။ ဒီတောမှာ ဒေါင်းတွေရှားပါးနေကြတာကြာပြီ။ ခု တော့ ဒေါင်းသံတွေကို ကြားနေရတာ အံ့အားသင့်စရာပဲ"







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . သွားကြည့်ကြမလား"

သဘောတူကြသည်။ တောထဲမှာ မျက်စိလည်နေကြသည် အတူတူ လိုက်ကြည့်စမ်းချင်လှသည်။ စိတ်ဝင်စားနေကြသည် ထို့ကြောင့် အသံကိုဖမ်းကာ နားထောင်ရင်း ထွက်လာခဲ့ကြလေသည် တစ်ခဏအကြာတွင် သစ်ပင်များပေါ်မှာ နားနေကြသော ပျံသန်းနေကြ သော ဒေါင်းများကို တွေ့လိုက်ကြရသည်။ များပြားလှစွာသော ဒေါင်းမျာ ကို အမှတ်မထင်တွေ့လိုက်ကြရသောအခါ အားလုံး အံ့အားသင့်သွားခဲ ကြလေသည်။

"ဥဒေါင်းတောကြီးထဲမှာ ဒေါင်းတွေ ပျောက်ကုန်ကြတာ။ အခု တော့ ဒီတစ်နေရာတည်းမှာလာပြီးတော့ စုနေကြပါလား။ ဘယ်လို ကြောင့်ပါလိမ့်"

တွေးတော၍ အဖြေမပေါ်ဘဲရှိနေကြသည်။ ထိုစဉ် သဏ္ဌာန် တစ်ခုသည် သစ်ပင်ကြီးများ၏အကွယ်မှ ထွက်လာသည်။ ထိုလူကြီး သည် အသက်ငါးဆယ်ကျော်ဝန်းကျင်ခန့်ရှိမည်။ ရှည်လျားထူထဲသော ဆံပင်များက ကုပ်ပေါ်ကိုကျော်လွှားကာ ပခုံးကိုပင် ထောက်နေကြသည် မျက်နှာပေါ်ကိုပင် အချို့တစ်ဝက်ကျနေကြသည်။ အတွင်းဘက်က ကော်လာမပါ ရှပ်အင်္ကျီဝတ်ထားပြီး တိုက်ပုံအင်္ကျီလိုမျိုးကို အပေါ်မှ ထပ်





ဝတ်ထားလေသည်။ ပုဆိုးကတော့ အဖြူခံမှာ လေးထောင့်အနက်ကွက် တုံးဖြစ်သည်။ မျက်နှာကတော့ လေးထောင့်စပ်စပ်။ မသပ်မရပ်နှင့်ရှိနေ သူ။

"ဟော့ . . . မင်းတို့ လမ်းပျောက်နေကြတာ မဟုတ်လား။ ဟိုဘက် ကိုတည့်တည့်လျှောက်သွားကြ"

ထိုလူကြီးက ကောက်ကာငင်ကာပြောလိုက်သည်။ တစ်နေရာ ကိုလည်း လက်ညှိုးညွှန်ပြသည်။ သို့သော် အားလုံးက ထိုလူကြီးကို ကြောင်ပြီးတော့ ကြည့်နေကြဆဲမှာပင် . . .

"ဘာကြည့်နေကြတာလဲ။ ကျားကိုမတွေ့ရလို့ စိတ်ညစ်နေကြ တာလား။ မင်းတို့ရဲ့ဆန္ဒ ပြည့်ဝစေရမှာပေါ့ကွာ။ ခုလေးတင် ကျားတစ် ကောင် ဖြတ်သွားတာ ငါတွေ့လိုက်သေးတယ်"

"ဝေါင်း" "ဝေါင်း"

စကားဆုံးသည်နှင့် ကျားဟိန်းသံက နှစ်ခါဆက်ပြီးတော့ ပေါ် လာသည်။

"အောင်မယ်လေးဗျာ"

ထိုအခါကျမှ အားလုံးအော်ကာ ပြေးကြလေတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )
## သားရဲတွင်းကြီး

ဥဒေါင်းတောကြီးထဲမှာ တွေ့ကြုံခဲ့ကြရသည့်အကြောင်းများက ပြောမဆုံးနိုင်အောင်ပင် ရှိနေကြသည်။ ကျားဟိန်းသံကိုသာ ကြားလိုက်ကြရပြီး ကျား၏အရိပ်အယောင်ကိုသော်မှ မတွေ့ခဲ့ကြရသည့်အကြောင်း ဥဒေါင်းတောကြီးထဲမှာ အတန်ကြာပျောက်ကွယ်နေသော ဥဒေါင်းငှက်များကို တောနက်ကြီးထဲမှာ ပြန်တွေ့ခဲ့ကြရသည်များ။ ထို့အပြင် ဥဒေါင်းများနှင့်အတူရှိနေသော လူထူးဆန်းကြီးတစ်ယောက်။ ထိုလူကြီးက ကျား





ဟုပြောလိုက်သည်နှင့် ကျားဟိန်းသံကြီးက ဆက်တိုက်ပင်ထွက်ပေါ်လာခဲ့သည်များ။

ဝက်သိုးနှင့် ကြောင်နီတို့ ကျားဟိန်းသံကြားရပြီး ထွက်ပြေးလာခဲ့ကြရသည့်အကြောင်းကိုလည်း ယခုအချိန်တွင် အငြင်းပွားစရာမဖြစ်တော့၊ ယုံကြည်သွားခဲ့ကြလေသည်။ ထိုသတင်းသည် နေရာမှာတင် တန့်မသွားဘဲ မျက်နှာဖြူများ၏နားထဲကို ပေါက်သွားခဲ့လေသည်။ ထိုအခါ လွန်ခဲ့သောဆယ်နှစ်လောက်က ဥဒေါင်းတောကြီးထဲတွင် ဖြစ်ပျက်ခဲ့သော အခြေအနေများကို ပြန်ပြီးတော့ သတိရလာခဲ့ကြသည်။

မျက်နှာဖြူများသည် ဥဒေါင်းတောကြီးထဲကို ဝင်ပြီး ဒေါင်းများကို ပစ်ခတ်ကာ အရက်နှင့်မြည်းကာ စားသောက်ကြရာကအစ ရောဂါဘယများရပြီး သေဆုံးကြ၊ လေဖြတ်သလိုဖြစ်ကာ တစ်သက်လုံး လူစဉ်မမီဖြစ်သွားခဲ့ကြရသည်များ၊ အချို့တောထဲမှာပင် သားကောင်ကြီးများနှင့်တွေ့ကာ တိုက်ခိုက်ခံကြရ၍ သေဆုံးကြရသည်များ၊ တောစိုးကြီးများပိုင်ဆိုင်သော ဒေါင်းများကို သတ်စားကြ၍ ကျိန်စာသင့်ကာ ဤကဲ့သို့ ဘေးသင့်ကြရသည်ဟု အယူထားကြသည့်အကြောင်းများ။

မျက်နှာဖြူ (မြန်မာတို့အခေါ်) ကုလားဖြူများကို မျက်နှာသို့ မျက်နှာရသွားပြီးတော့ ပြောကြသူများက ဆုငွေများကို လိုချင်၍ပင်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင်လျှင် နောင်အခါမှာ မကောင်းသောအကျိုးဆက်များက ဖြစ်လာခဲ့ကြလေသည်။

"ဒီလူကြီးဟာ တောထဲမှာ တစ်ယောက်တည်းနေနေတာ အကြောင်းရှိမယ်။ သူခိုးဓားပြခေါင်းဆောင်ကြီးလား၊ လူစုပြီး ဓားပြတိုက်ဖို့ကြံစည်နေတာပဲဖြစ်ရမယ်"

ဟူသော မှတ်ချက်ကတစ်မျိုး . . .

"ဥဒေါင်းတွေအားလုံးကို သူက တောနက်ကြီးထဲကို ရောက်အောင် ခေါ်ထားနိုင်တယ်ဆိုတော့ လူတွေကိုလည်း စည်းရုံးပြီး ကျူပ်တို့ကို ဆန့်ကျင်တိုက်ခိုက်ဖို့ကြံစည်နေသလားမှ မသိတာ။ နှစ်ခုစလုံးလည်းဖြစ်နိုင်တယ်။ မသင်္ကာစရာပဲ။ တောနင်းပြီးရှာကြ။ သူ့ကို ဖမ်းစစ်ဆေးမေးမြန်းရမယ်"

ကုလားဖြူပုလိပ်အရာရှိက အခြားသောရွာတစ်ရွာမှ ရွာခံမုဆိုးရွာသားများကို ဆင့်ခေါ်သည်။ ပုလိပ် (နယ်ခြံစေတ်အခေါ်) အချို့နှင့်အတူ ဥဒေါင်းတောကြီးဆီကို စေလွှတ်လိုက်သည်။ ကုလားဖြူများကို သွားပြီး အာရှောင်သောသူမှာ အခြားသူမဟုတ်။ ဥဒေါင်းတောကြီးထဲတွင် ကျားခေါင်းကို ခလုတ်တိုက်မိသောသူပင်ဖြစ်သည်။ သူသည် အဆင်တုံတရားကင်းမဲ့လှသည်။ သူ့အမည်မှာ ဖိုးထင်ဖြစ်သည်။





"ဟော့ကောင် ဖိုးထင် . . . မင်းက ကောင်းကောင်းမနေဘဲ ဟိုသတ္တဝါတွေကို သွားပြီး အာရှောင်လို့ ငါတို့ပါ ဒီတောထဲကို တစ်ခေါက်လိုက်ကြရဦးမယ်။ အဲဒီတောထဲမှာ ဘာဖြစ်ခဲ့ကြတယ်ဆိုတာ မင်းလည်း သိထားတယ် မဟုတ်လား။ သေသာသေလိုက်ချင်တော့တာပဲကွာ။ တောက်"

ရွာသားတွေက ဖိုးထင်ကို မကျေမနပ်ဖြစ်ကြရသည်။ ဖိုးထင်မှာ မျက်လုံးလေး ပေကလပ် ပေကလပ်နှင့်ဖြစ်နေသည်။ သို့သော် သူ ပြန်ပြောလိုက်သည့်စကားတစ်ခွန်းကတော့ . . .

"ငါ ခလုတ်တိုက်မိတုန်းက ကျားခေါင်းကြီး အမှန်ပါကွာ။ မင်းတို့ပါ ဝိုင်းပြီးရှာတော့ ဘယ့်နှယ်ကြောင့် သစ်ငုတ်တိုကြီးဖြစ်သွားတာလဲ သိပါဘူး"

"တော်စမ်းပါ ဖိုးထင်ရာ။ မင်းက လာလာရှည်သေး"

■

ကျောက်တွင်းရွာသားတစ်စု ကုလားဖြူပုလိပ်များနှင့်အတူ ဥဒေါင်းတောကြီးထဲသို့ ဝင်သွားကြသည့်သတင်းကို ကုသိုလ်ရွာသားများက ကြားလိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ကြတာလဲ။ ဒီတောကြီးထဲကို ဘာအကြောင်းရှိလ ဝင်သွားကြတာလဲ"

"မသင်္ကာစရာလူတစ်ယောက်ကို သွားရှာကြမလို့တဲ့ကွာ။ ငါ တို့ကတော့ ဘာသတင်းမှ မကြားမိပါဘူး။ ကုလားဖြူပုလိပ်တွေတော ပါလာကြတယ်ဆိုတော့ ဘယ်လိုအကြောင်းများပါလိမ့်"

"ဒီကုလားဖြူတွေက မျောက်တွေလည်း သူတို့ကို ဟိုဟာပြ မယ်လို့ထင်၊ ချေတွေလည်း ဟိုဒင်းပြုမယ်လို့ထင်၊ တောထဲမှာ လူရှိတာ ဆန်းသလား။ သူ့အကြောင်းနဲ့သူပေါ့။ ဒါကိုများ တစ်စိတ် တစ်အိတ်လုပ် နေကြတယ်။ အကြောင်းမရှိအကြောင်းရှာ ခက်.ခက်ရချည်ရဲ့"

မျက်နှာဖြူတွေကို မျက်မုန်းကျိုးနေကြသောသူများက မြင်မြင် ကပ်ကာ အကောင်းမပြောကြ။

"ငါသာဆိုရင် ဥဒေါင်းတောကြီးနဲ့ တစ်ဆက်တည်းရှိနေတဲ့ ရိုးမ တောကြီးထဲကို လှည့်ပတ်ပြီးတော့ ခေါ်သွားမယ်။ အဲဒီမှာ ကျားရဲတွင်း ကြီးရှိတယ်ကွ။ ငါတော့ မတွေ့ဖူးဘူး၊ မရောက်ဖူးဘူး။ ဒီမိစ္ဆာကောင်တွေ ကို ဒီအတိုင်းလွှတ်ပေးလိုက်၊ ကံဆိုးလို့ကတော့ ကျားရဲတွင်းဆီကို ရောက်ပြီမှတ်။ ဘာကြောင့်လဲဆိုတော့ မျက်စိလည်လမ်းမှားပြီး သူ့ဆီကို မရောက်ရောက်အောင် ညှို့ယူနေတတ်တဲ့ ကျားရဲတွင်းကြီးက သေမင်းရဲ့ ခံတွင်းဝပဲကွ"

ဤကား ကျားရဲတွင်းကြီးနှင့်ပတ်သက်သော အကြောင်းကို သိထားသည့် ဟိန္ဒူ၏စကား။ တော်တော်များများကလည်း ကျားရဲတွင်း ကြီး၏ အကြောင်းကို သိထားကြသည်။ ကျားရဲတွင်းကြီးဆိုသည်မှာ ဘာလဲဟု ရှေ့လာမည့်အဖြစ်အပျက်များက ဖော်ပြတော့မည် ဖြစ်ပါ သတည်း။

■

နယ်ခြံပုလိပ်အရှိန်နှင့် ကျောက်တွင်းရွာသားများသည် ဥဒေါင်း တောကြီးထဲကို ရောက်နေကြလေပြီ။ တလောက ဖိုးထင်တို့ ဤတောထဲ တိုရောက်ခဲ့စဉ် ထူးဆန်းသောလူကြီးနှင့် ဥဒေါင်းငှက်များ အတူရှိနေကြ သည့်နေရာကို လိုက်လံ၍ပြသရမည်ဖြစ်သည်။ အမှန်မှာတော့ ကုလားဖြူ များသည် အကြောင်းမရှိအကြောင်းရှာကာ လူတစ်ယောက်ကို မတွေ့ တွေ့အောင် ရှာကြမည်။ ပြီးတော့ ဖမ်းဆီးကြမည်။

ပြီးတော့ ထင်ကြေးအမျိုးမျိုးနှင့် ဓားပြလား၊ သူခိုးလား၊ သူပုန် လားဟု စစ်ဆေးကြမည်၊ နည်းအမျိုးမျိုးဖြင့် နှိပ်စက်ပြကြမည်။ အများ ကြောက်အောင် ရက်စက်ပြကြမည်။ သို့မှသာလျှင် မြန်မာလူမျိုးတို့သည်







www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို မတော်လှန်ရဲကြမှာ ဖြစ်ကြသည်။ တစ်ယောက်ကိုလုပ်ပြလိုက်လျှင် အားလုံးဦးကျိုးသွားကြလိမ့်မည် ဟု အကွက်ချစီမံထားကြသည်။

ထို့ကြောင့် ထိုလူကြီးကို မတွေ့တွေ့အောင် ရှာဖွေကြရမည်ဖြစ်သည်။ ယခင်က မျက်နှာဖြူအချို့ ဥဒေါင်းတောကြီးထဲမှာ ဒေါင်းပစ်ရင်း သေဆုံးသွားခဲ့ကြသည်ကိုလည်း ပြန်ပြီးတော့ အမှတ်ရသွားကြသည်။ ယင်းသို့ဖြစ်ရခြင်းသည် တောထဲတွင်ရှိနေသည်ဆိုသော ဤလူကြီးကြောင့်ဟု မဆီမဆိုင် လေ့နံမားထစ် သတ်မှတ်ထားလိုက်ကြသည်။

"ဟော့ ... ဘယ်မှာလဲ။ မောင်မင်းတို့ပြောတဲ့လူ။ အခုထက်ထိ အဲဒီနေရာကို မရောက်သေးဘူးလား"

အကြပ်အဆင့်သာရှိသော ကုလားဖြူပုလိပ်က မြင်းပေါ်မှနေ၍ မှင်နှင့် မောင်းနှင့်မေးလိုက်သည်။

ထိုအခါ ဖိုးထင်သည် ဇဝေဇဝါမျက်လုံးများဖြင့် ဟိုဒီကြည့်ကာ

"ဒီ ... ဒီနားလောက်မှာပဲ တွေ့ရတာ"

ဖိုးထင်က ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြန်ပြောလိုက်သည်။ မြန်မာစကားကို ထမင်းစားရေသောက် နားလည်ထားသော ကုလားဖြူပုလိပ်က ...

"ဒီနားမှာဆိုရင် ဘာလို့မတွေ့ရတာလဲ။ ရှာကြလေ"





သူ့ကိုယ်သူ အရာရှိဟန်မိုးနှင့် ဟောက်ဟာမ်းသည်။ တောနက်ထဲကိုသာ ရောက်လာခဲ့ကြသည်။ မြင်းတွေပေါ်က မဆင်းကြ။ ကျန်သည့်လူများကတော့ လောက်လျှမ်း လမ်းလျှောက်ပြီးတော့ လိုက်ကြရသည်။ ပင်ပန်းနေကြပြီ။ စိတ်ညစ်လာကြပြီ။ နောက်ထပ် အပြောမခံချင်ကြ၍ လိုက်ပြီးတော့ ရှာကြသည်။

ဤနေရာလောက်ဆိုသည်ကို အသေအချာ မှတ်မိကြသည်။ ဘာဖြစ်လို့များ မတွေ့ရတာပါလိမ့်။ ဒေါင်းတွန်သံလည်း မကြားရ။ ဟိုလူကြီးကိုလည်း မတွေ့ကြရ။ တောသည် ပိုပြီးတော့ တိတ်ဆိတ်လာသည်။ သူတို့၏ခြေသံများ၊ တောတိုးသံများကသာ အဆက်မပြတ် ထွက်ပေါ်လျက်ရှိသည်။ ဘာကြောင့်ရယ်မသိ၊ ထိုအသံများကိုပင်ပြန်ပြီးတော့ လန့်နေကြသည်။

ထိုစဉ် ...

လူတစ်ယောက်က သစ်ပင်ကြီးများကြားမှ ဖြတ်လျှောက်သွားသည်။ အားလုံးမြင်လိုက်ကြရသည်။

"ဟာ ... ဟိုမှာ ... ဟိုမှာ။ သူပဲ ... သူပဲ"

ဖိုးထင်က အလန့်တကြားနှင့် လက်ညှိုးထိုးကာ အော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ဘာလဲ။ မင်းတို့ပြောတာ အဲဒီလူလား"

ကုလားဖြူပုလိပ်အကြပ်က မြင်းပေါ်မှနေ၍ မေးလိုက်သည်။

"ဟုတ် . . . ဟုတ်ပါတယ်။ အဲဒီလူပါပဲ"

ထပ်ပြီးပြောလိုက်သူကလည်း ဖိုးထင်ပင်။ ပါလာကြသူများမှ ဖိုးထင်ကို စိတ်ပျက်သွားခဲ့ကြသည်။

"ဟာ . . . ဒီကောင်"

ရွာသားများသည် ဘာကြောင့်ရယ်မသိ။ ထိုလူကြီးကို အလိုလို နေရင်းပင် ကြောက်နေကြသည်။ ဟိုတစ်နေ့က ဝတ်ထားသည့်အဝတ် အစားအတိုင်းပင်။ နောက်ကိုလှည့်မကြည့်ဘဲ ရှေ့ကိုသာ တဖြည်းဖြည်း နှင့် သွားနေသည်။

"ဟေ့ . . . ရပ်လိုက်စမ်း"

ကုလားဖြူအကြပ်က မြင်းပေါ်မှနေ၍ လှမ်း၍အော်လိုက်သည်။ သို့သော် ထိုပုဂ္ဂိုလ်သည် မကြားသလို ရှေ့ကိုသာဆက်ပြီးတော့ လျှောက် သွားနေဆဲ။

"ပြောနေတာ မကြားဘူးလား။ ငါပစ်ထည့်လိုက်ရမလား"

ထပ်ပြီးတော့ လေသံကိုမြှင့်လိုက်သည်။ ဂရုမစိုက်သလို ဆက် ပြီးတော့ လျှောက်နေဆဲ။





"သခင် . . . ကျွန်တော်တို့ သူ့ကို လက်ရသွားဖမ်းမယ်။ မိနိုင်ပါတယ်"

မိနိုင်ပါသည်ဟုပြောလိုက်ခြင်းသည် နှုတ်မှ အမှတ်တဲ့ ထွက်သွားသောစကားပင်။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်သည်ကြည့်နေရင်းကပင် ဖျတ်ခနဲ ဖျတ်ခနဲဆို လျင်မြန်စွာပင် ရှေ့ကို ရောက်ရောက်သွားသောကြောင့်ပင်ဖြစ်သည်။

"ဟာ . . . ဒီလူ ပြေးသွားတာမဟုတ်ဘဲနဲ့ မြန်နေတယ်။ မင်းတို့သွားကြနဲ့။ ငါ လိုက်မယ်။ သင်းရဲ့ခြေထောက်ကို ပစ်ချိုးရမယ်"

အကြပ်ပုလိပ်က သူ့လက်နှင့်ဖမ်းချင်သည်။ ကိုယ့်တိုင်ကိုယ်ကျ အပ်နှံလိုသည်။ နာမည်လိုချင်သည်။ ထို့ကြောင့် မြင်းကို အသော့နှင်သွားခဲ့သည်။ လူကြီးကတော့ တောလမ်းအတိုင်း တရွေ့ရွေ့နှင့်သွားနေဆဲ။ နောက်မှ အပြင်းလိုက်လာသည်။ မြင်းခွာသံကို မကြားသလို ကုလားဖြူအကြပ်သည် ထိုလူကြီးကို မြင်းနှင့်တိုက်မည်ဟု စိတ်ပိုင်းဖြတ်ထားသည်။ သို့သော် ဘယ်လောက်ပဲအပြင်းနှင်နှင် မြင်းက ထိုလူကြီးဆီကို မရောက်။

ထို့ကြောင့် ထိုလူကြီး၏ခြေထောက်ကို ပစ်ချိုးမည်ဟု ကြံလိုက်သည်။ မြင်းပေါ်မှပင်လျှင် ခါးကြားထဲက သေနတ်ကို ဆွဲထုတ်လိုက်ကာ

"ဒိုင်း"



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံက တောထဲမှာ ကျယ်လောင်စွာပင် ထွက်ပေါ်သွားခဲ့သည်။ သို့သော် မထိ၊ မမှန်။ ထို့ကြောင့် ဆင့်ကာ ဆင့်ကာ ပစ်ထည့်လိုက်သည်။

"ဒိုင်း" "ဒိုင်း"

လက်ဖြောင့်သူဖြစ်သော်လည်း တစ်ချက်မှမမှန်။ ဒေါသထွက်သွားခဲ့သည်။ သူ၏နောက်မှ အခြားကုလားဖြူပုလိပ်များသည်လည်း မြင်းနှင့် လိုက်လာခဲ့ကြသည်။ မီလာခဲ့ကြသောအခါ . . .

"ဟေ့ . . . ဟေ့ကောင်တွေ ပစ် . . . ပစ်ကြစမ်းကွာ။ အသေသာ ပစ်ကြ"

စိတ်မထိန်းနိုင်တော့။ အမိန့်ပေးလိုက်သည်။ သို့သော် နောက်ကိုလှည့်ပြီး ပြောစဉ်မှာပင် ထိုလူကြီးသည် တစ်နေရာကိုထွက်သွားခဲ့လေပြီ။

"ဘယ်မှာလဲ သခင်။ ဘာကိုပစ်ရမှာလဲ။ မရှိတော့ဘူး"

"ဟင် . . . ဘယ်ရောက်သွားပါလိမ့်"

ထိုစဉ် . . .

"ဝေါ . . . ဝေါ . . . ဝေါ . . . ဝေါ"

ထူးခြားသောအသံကြီးတစ်သံက အမှတ်မထင် ထွက်ပေါ်လာ





ခဲ့သည်။ ရေလုံးကြီးများ လိမ့်ပြီးတော့ ဆင်းလာခဲ့သည့်အသံမျိုးပင် ဖြစ်သည်။

"ဟာ . . . ဒီနေရာက ပင်လယ်နဲ့နီးသလား"

အားလုံး ဇဝေဇဝါနှင့်ဖြစ်သွားခဲ့ကြသည်။ ထိုအသံကြီးက တစ်တောလုံးကို ဖုံးလွှမ်းသွားခဲ့သည်။ မြင်းများသည်လည်း ရေလှိုင်းကြီးများက အရှိန်ဖြင့် တွန်းကာ နောက်မှလိုက်လာခဲ့သည်ဟု ထင်မှတ်သွားခဲ့ကြသည်။ ထို့ကြောင့် အထိတ်တလန့်နှင့် ဒုန်းစိုင်းကာပြေးကြလေတော့သည်။ သို့သော် သူတို့၏နောက်မှာ ကျောက်တွင်းရွာသားတစ်စုကား ပါလာခဲ့ကြတော့။ ထိုပုဂ္ဂိုလ်ကြီး၏နောက်မှ မြင်းများနှင့် လိုက်စကတည်းကပင် လူစုကွဲသွားခဲ့ကြလေပြီတည်း။ ပြေးနေကြရင်းက သူတို့၏အာရုံထဲမှာ မြင့်မားသော လှိုင်းလုံးကြီးများက လေးဖက်လေးတန်မှ ညှပ်ပြီးတော့ ဝိုင်းခဲ့ကြသည်ဟု မြင်ယောင်လာမိကြသည်။

"ဝေါ . . . ဝေါ . . . ဝေါ"

"ဝုန်း . . . ဝုန်း . . . ဝုန်း"

"ဟာ...လှိုင်းလုံးကြီးတွေပါလား။ ဘုရားသခင် ကယ်တော်မူပါ"

မြင်းများသည်လည်း ဘယ်လိုမှထိန်း၍မရကြတော့။ ဦးတည်ရာကို စွတ်ရွတ်ပြီးတော့ ပြေးကြသည်။ သူတို့သည် ဥဒေါင်းတောကြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ကျော်လာခဲ့ကာ ရိုးမတောကြီးထဲကိုပင် ရောက်လာခဲ့ကြသည်ကို ပင် မသိကြတော့။ ကြီးမားသော ဆွဲငင်အားကြီးတစ်ခုက အားလုံးကို ဆွဲငင်လျက်ရှိနေသည်။ ရိုးမ၏ မည်သည့်နေရာကို ရောက်နေခဲ့ပြီလဲဆိုတာကိုပင် မသိကြတော့။

ကျောဘက်မှလိုက်လာသော အော်သံကြီးက ပျောက်သွားပြီး ရှေ့မှ အော်သံများက တခဲနက်ထွက်ပေါ်လာခဲ့ကြပြန်သည်။

"ဝုန်း . . . ဝုန်း . . . ဝုန်း"

မကြာမီ . . .

သူတို့တွေ့လိုက်ကြရသည်ကား ကြီးမားသော တွင်းနက်ကြီး တစ်ခု၊ ဝန်းကျင်သည် ချက်ချင်းပင် မှောက်ကျသွားသည်။ ယင်းတွင်းနက်ကြီးမှ တသွက်သွက်နှင့် အော်မြည်နေကြသော ရှုံ့ရှည်များ၊ အချို့နေရာများတွင် မီးတောက်မီးလျှံများပင် တက်နေလျက်ရှိနေကြသည်။

လှိုင်းထသော ရှုံ့ပွရှည်များသည် အပေါ်ကို ရုန်းပြီးတော့ တက်လာလိုက်၊ အောက်ကိုရှိုင့်ပြီးတော့ ဆင်းသွားလိုက်နှင့် ဖြစ်နေကြသည်၊ ထိုတွင်းနက်ကြီးထဲမှ အရာများကို ရုတ်တရက်မြင်လိုက်ကြရသောအခါ

"အား . . . အား . . . အား"

နောက်ကြောင်းတို့ ပြန်လှည့်ရန်မလွယ်ကြတော့။ အားလုံး





မြင်းများသည် တစ်ကောင်ပြီးတစ်ကောင် ထိုးကျသွားခဲ့ကြလေတော့သည်။ ယင်းတွင်းနက်ကြီးကား လူတိုင်းတွေ့နိုင်ခဲသည့် သားရဲတွင်းကြီးပင်တည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )
## အဘိဓမ္မာများတဲ့ မိစ္ဆာသားကောင်

ကုလားဖြူပုလိပ်အချို့ ဥဒေါင်းတောကြီးထဲမှာ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ကြသည့်ကိစ္စ ကျောက်တွင်းရွာသားများက အတော်လေးပင် ရှင်းယူလိုက်ကြရသည်။ သူတို့ကို မသင်္ကာမှုဖြင့် သုံးလကျော်သည်အထိ ဖမ်းချုပ်ထားခြင်းပင် ခံလိုက်ကြရသည်။ လူကြီးများအလိုက်ကောင်းကြ၍သာ လွတ်မြောက်လာခဲ့ကြသည်။ သို့သော် ကုလားဖြူပုလိပ်တို့၏ ညှဥ်းပန်းမှုဒဏ်ကိုတော့ ခံလိုက်ကြရသည်။





သူတို့သည် တောကျွံသွားပြီး ကျားရဲများပေါများသည့်နေရာကို ရောက်သွားကြသလိုလို။ ထို့ကြောင့် ကျားဆွဲခံကြရကာ သေဆုံးသွားကြသလိုလို၊ ယုတ္တိယုတ္တာရှိလာအောင် ရှင်းပြနိုင်ကြလွန်း၍သာ ကျားများဘက်ကို သံသယဖြစ်သွားခဲ့ကြသည်။ သို့တိုင် ကျားစားခံရလျှင် ရုပ်ကြွင်းများ ဘာကြောင့်မတွေ့ရသလဲဟု စောဒကတက်ကြသေးသည်။ မကျေနပ်ကြ၍ ဥဒေါင်းတောကြီးထဲကိုဝင်ကာ တောနင်းပြီးတော့ ရှာကြသေးသည်။

ကံကောင်းထောက်မ၍ နောက်ထပ်ဘာမှထပ်မဖြစ်ခဲ့ကြ။ ထို့ထက်ပိုပြီးတော့ နက်သော ရိုးမတောကြီး၏အတွင်းပိုင်းကို မဝင်ရဲကြတော့ပေ၊ ဒေသခံများကတော့ "သားရဲတွင်းကြီး" ၏အကြောင်းကို ကုလားဖြူများအား မပြောပြကြ။ အကယ်၍ပြောပြခဲ့လျှင် မယုံကြည်မှာကတစ်ကြောင်း၊ လိုက်ပြပါဆိုရင်လည်း မလွယ်။ အကြောင်းမှာ ရဲတွင်းကြီးသည်သည့်နေရာမှာရှိသည်ကို မသိကြ။

နှစ်အတန်ကြာမှ တစ်ကြိမ်၊ နှစ်ကြိမ် အမှတ်မထင်ပေါ်လာတတ်သောကြောင့်ပင်တည်း။ ကြာသော် ထိုကိစ္စသည် တဖြည်းဖြည်းနှင့် အေးသွားခဲ့လေသည်။

သို့သော် ထူးခြားချက်တစ်ခုကား ဥဒေါင်းတောကြီးထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်ကြီးကို မတွေ့ကြရတော့။ မည်သည့်နေရာကရောက်လာမှန်းလည်းမသိ။ တောထဲမှာ မည်သည့်အကြောင်းကြောင့်နေမှန်းလည်းမသိ။ မည်သူ့ကိုမှလည်း ဒုက္ခမပေးခဲ့ချေ။ အချို့ကတော့ ဆေးမြစ်၊ ဆေးပင်များကို လာရှာသည့်ပုဂ္ဂိုလ်တစ်ဦး၊ ဆေးဆရာကြီးဟု ထင်ကြသည်။ အချို့ကတော့ ဂန္ဓာရီလမ်းကို လိုက်နေသည့်ပုဂ္ဂိုလ်တစ်ဦးဟု လက်ခံထားကြသည်။ မည်သို့ပင်ဆိုစေ ထိုထူးဆန်းသောအသွင်ရှိသည့် ပုဂ္ဂိုလ်ကြီး၏အကြောင်းကိုလည်း မည်သူကမှ ခေါင်းထဲမှာ ထည့်မထားကြတော့။ သို့သော် အများထင်သလို မေ့မေ့ပျောက်ပျောက်မထားဘဲ ဆင်ကြံကြံကာ တိတ်တဆိတ်စုံစမ်းသမှု ပြုနေကြသောသူများကတော့ ကုလားဖြူများပင်တည်း။

■

"ဟေ့ . . . ပုဏ္ဏလေး"

ပုဏ္ဏလေးသည် ခေါင်းငိုက်စိုက်ချကာ သွားနေရာက ခေါ်သံကြောင့် လှည့်ကြည့်မိလိုက်သည်။ သူ့ကို လက်ယပ်ခေါ်သူမှာ မိန်းကလေးတစ်ယောက်။ ပုဏ္ဏလေးက သူ့မဆီကို လျှောက်သွားပြီး . . .

"ဘာလဲ . . . လှလှ"





"ငါ့ကို ဟောဒီတောင်းလေးထမ်းပြီး အိမ်လိုက်ပို့ပေးပါလား ဟယ်"

"ဘာလဲ နင်က ငါ့ကိုအထင်သေးပြီးတော့ ဒီလိုနိုင်းချင်တာလား"

"မ . . . မဟုတ်ပါဘူးဟယ်။ ငါ . . . ငါ တကယ်မနိုင်လို့ပါ။ ဟောဒီပဲတောင်းကို ဧကရာဇ်ရွာက လှည်းကြုံနဲ့ပို့လိုက်တာ။ လမ်းကြောင်းမသင့်လို့ ဒီမှာတင်ချထားပေးခဲ့တယ်။ ငါ . . . ငါလည်း မရွက်နိုင်တာနဲ့ နင့်ကို အကူအညီတောင်းရတာပါ"

ပုဏ္ဏလေးက ပဲတောင်းကို လက်နှင့်ဆကာ မကြည့်သည်။ တောင်းအပြည့်ဆိုတော့ အချိန်က စီးသည်။ ထို့ကြောင့် ဘာမှမပြောနေတော့ဘဲ တစ်ချက်တည်းကောက်မကာ ပခုံးထက်သို့ တင်လိုက်လေသည်။ ထို့နောက် ဘာမပြောညာမပြော တောင်းကို ထမ်းပြီးတော့ ရှေ့ကနေ ထွက်သွားသည်။ ရွာလမ်းမကြီးကို ဖြတ်သွားရသည်။ လှလှက နောက်မှနေ၍ လိုက်သွားသည်။

လမ်းတွင် ဝက်သိုးနှင့်ကြောင်နီတို့က ပုဏ္ဏလေးကို တွေ့သွားခဲ့ကြသည်။ အံ့အားသင့်သွားခဲ့ကြသည်။

"ဟာ . . . ဒီကောင်က လှလှရဲ့တောင်းကြီးကို ထမ်းလာပါလားကွ။ ဒီအရူးက လှလှကို ပိုးနေတယ်နဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကြောင်ခို အရှုံးမှာလည်း အသည်းနှလုံးနဲ့ပဲလေကွာ။ ဒီလိုမတရားမပြောပါနဲ့ကွ"

"အေး ... ဟုတ်တယ် ဝက်သိုး။ မင်းပြောတာမှန်တယ်။ ဒီကောင့်အသည်းနှလုံးက အရှုံးအသည်းနှလုံး။ ဥမ္မတ္တကနှလုံးသား ... ဟား ... ဟား ... ဟား ... ဟား"

ဟားတိုက်ပြီးတော့ ရယ်လိုက်ကြသည်။ ပုတ္တလေးရော လုလု ပါကြားသွားခဲ့ကြသည်။ ပုတ္တလေးကတော့ ဘာမှပြန်မပြော။ သူတို့အနား က ဖြတ်သွားသည်။ လုလုကသာ သူတို့နှစ်ယောက်ကို မျက်စောင်းထိုး လိုက်၏။ ပုတ္တလေးကိုလည်း အားနာသွားလေသည်။ သို့သော် ရွာအော့ ကြောလန့်များမှို့ အဖက်လုပ်ပြီး ပြောမနေတော့ပေ။

"အင်း ... မှတ်မိသေးတယ်။ ငါတို့ ဒီကောင့်ကို ဥဒေါင်းတော ကြီးထဲမှာ လိုက်ရှာမိကြတာ။ ပြဿနာတွေ တစ်ခုပြီးတစ်ခုတက်။ နောက် ဆုံးတော့ ကုလားဖြူပုလိပ်တွေ တောထဲမှာ ပြန်လမ်းမရှိ ပျောက်သွား ကြကုန်တာ။ ကျောက်တွင်းရွာသားတွေ ထိုင်ငိုမတတ်ဖြစ်သွားခဲ့ကြ ရတယ်"

"အေးကွာ . . . ဒီကောင် တော်တော်မွှေတာပဲ။ ဒါပေမဲ့ တော်သေးတာက ငါတို့ရွာကိုပါ အမှုကပတ်မလာလို့သာ။ မဟုတ်ရင်





ခလွယ်ဘူး ဝက်သိုး"

ယခင်က ဖြစ်ပျက်ခဲ့သည်များကို ပြန်ပြောင်းပြီးတော့ တီးတိုး ပြောနေကြသည်။ ထိုစဉ်က ပြဿနာသည် ပုတ္တလေးက စပြီးအရင်းခံခဲ့ သည်ကို မည်သူမှ မသိကြပေ။

လုလုသည် စေ့ထားသောခြံတံခါးကို တွန်းဖွင့်လိုက်သည်။

"လာ ... လာ ... ပုတ္တလေး ဒီမှာ ချထား"

ပုတ္တလေးက ပခုံးထက်မှ တောင်းကို ကွပ်ပျစ်ပေါ်သို့ ချလိုက် သည်။ လုလုက ပိုင်းပြီးတော့ကူ၏။ ပြီးသည်နှင့် ပုတ္တလေး နေရာက ထွက် သွားသည်။

"ပုတ္တလေး ... နေဦးလေ"

ပုတ္တလေးသည် နောက်ကိုလှည့်မကြည့်တော့။ ပြန်သွားခဲ့ လေပြီ။

"သမီး ... ပုတ္တလေးကို သယ်နိုင်းလာတယ် ဟုတ်လား"

အိမ်အပေါ်ထပ် ပြတင်းဝမှာရပ်ကြည့်ပြီး မေးလိုက်သည်က တော့ လုလု၏မိခင်ကြီး ဒေါ်စိန်မြ။

"ဟုတ်တယ် ... အမေ။ သမီး ဒီတောင်းကို မသယ်နိုင်တာနဲ့ ပုတ္တလေးကို အကူအညီတောင်းရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လည်းလုပ်ဦးအေ၊ ဒီအရွှးကိုမှ ညည်းက နိုင်းတယ်၊ တော်ကြာ အရွှး အမဲသားကျွေးဆိုတာလို ညည်းကို တန်းတန်းစွဲနေဦးမယ်။ ပရောပရည်ကြွပ်ကြွပ်လုပ်"

"အို . . . အမေကလည်း သမီးဘယ်မှာပရောပရည်လုပ်လို့လဲ၊ ပုဏ္ဏလေးက အမေထင်သလို မဟုတ်ပါဘူး"

"ပြောလို့ရမလားအေ။ သူ့ကို ဥမ္မတ္တကဆိုပြီး တစ်ရွာလုံးက ဂရုမစိုက်ကြတာ။ ညည်းက ဂရုစိုက်သလိုလုပ်ပြနေတော့။ တယ်လေ . . . ငါ မပြောလိုက်ချင်ဘူး"

"ခက်တော့တာပဲ။ ဒီအမေနဲ့တော့"

လှလှသည် မိခင်ဒေါ်စိန်မြ၏စကားအသုံးအနှုန်းကို မကြိုက်၊ သက်ပြင်းချမိလိုက်လေသည်။

■

ပုဏ္ဏလေးသည် ဥဒေါင်းတောကြီးထဲကို မသွားတော့၊ မသွားသည်ကလည်း အကြောင်းရှိသည်။ လွန်ခဲ့သော ငါးနှစ်လောက်က ဖြစ်သည်။ ကုလားဖြူပုလိပ်များသည် တောကျွမ်းသူတစ်ဦးနှင့်အတူ ဥဒေါင်းတောကြီးထဲသို့ တောနင်းပြီးတော့ ရှာနေကြစဉ် . . .





"ဘိုးဘိုး . . . ဘိုးဘိုး . . . ဘိုးဘိုး . . . ကုလားဖြူပုလိပ်တွေ ဒီဘက်ကို လာနေကြတယ်။ မဟုတ်မှလွဲရော အဘိုးကို လာရှာနေကြတာပဲ ဖြစ်မယ်"

ပုဏ္ဏလေးသည် ထိုပုဂ္ဂိုလ်ဆီကို အပြေးရောက်လာပြီးတော့ ပြောသည်။

"မပူပါနဲ့ကွယ်။ ဒီကုလားဖြူပုလိပ်တွေ ငါ့ကို ဘယ်တုန်းက ရှာတွေ့နိုင်ကြလို့လဲ၊ ဘိုးဘိုးကလည်း သူတို့ကို ဘာမှမလုပ်ပါဘူး။ သင်းတို့ဘာသာ သက်သက်မဲ့ ရမယ်ရှာပြီး ရောက်လာကြတာ။ အေး . . . သူတို့လည်း ကိုယ့်ဒုက္ခကိုယ်ရှာနေကြတာ။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနေကြတာဘလား။ ခက်လိုက်တာကွယ်"

ကုလားဖြူပုလိပ်များကို သနားစရာသတ္တဝါလေးတွေပမာ သဘောထားပြီး ပြောလိုက်လေ၏။ မှန်တော့လည်း မှန်သည်။ သူတို့သည် အပြစ်မရှိသောလူတစ်ယောက်ကို အကြောင်းမဲ့ရမယ်ရှာနေကြခြင်းပင်။ မြန်မာအချင်းချင်း တို့သည့်လူကလည်း တို့ညည်။ အသားထဲက လောက်ထွက်ကြသည်။

"ဘိုးဘိုး . . . ပုန်းနေလေ၊ တော်ကြာ သူတို့ ဒီဘက်ကိုရောက်လာကြရင် ဘိုးဘိုးကို တွေ့သွားကြဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပုတ္တလေးက အစိုးရိမ်ကြီးနေသည်။ သူသည် ဤပုဂ္ဂိုလ်ကြီး၏ ဖမ်းမိသွားရန်မလိုလား၊ လွန်မင်းစွာပင် စိုးရိမ်နေမိသည်။ ထို့ကြောင့် ...

"ကဲ ... လာ ... ဘိုးဘိုး သားကို လက်တွေ့ပြမယ်"

ပုတ္တလေးကိုလက်ဆွဲပြီးတော့ ခေါ်သွားသည်၊ ဂူကြီးနှင့် အတ ငယ်ဝေးကွာသောနေရာကိုအရောက်တွင် ...

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း"

တောတိုးသံများကို ကြားလာခဲ့ရသည်။ မြင်းများ တရှူးရှူးန နှာမှုတ်သံများကို ကြားလာခဲ့ရသည်။

မည်းမှောင် ချွတ်နင်းသံပေးပြီး တိတ်တဆိတ်နင့်ဝင်လာခဲ့သည် ပဲလား။ တီးတိုးစကားပြောသံများက သဲ့သဲ့မျှ ထွက်နေကြသည်။ လူတစ် မြင်းများနှင့်အတူ တောထဲကိုရောက်နေကြပြီဟု သိနိုင်သည်။ သစ်ပင်ကြီး တစ်ပင်၏အကွယ်တစ်ခုမှ လှမ်းပြီးတော့ကြည့်လိုက်ကြရာ ...

ကုလားဖြူပုလိပ်ဆယ်ယောက်ခန့်သည် လမ်းပြမြန်မာတစ်ဦး နှင့်အတူ တောထဲကို ရောက်နေကြသည်။ အားလုံး မြင်းကိုယ်စီနှင့် ဖြစ် ကြသည်။

"ဒီကောင်တွေရောက်လာကြပြန်ပြီ။ သူများကို ဒုက္ခပေးဖို့ အတွက် တော်တော်လေးကို ရွဲကောင်းနေကြတာပါပဲလား။ အင်း ...





ဘိရှာများတဲ့ မိစ္ဆာသားကောင် တွေပါလား"

ထိုပုဂ္ဂိုလ်ကြီးသည် ခေါင်းတညိတ်ညိတ်နှင့် မှတ်ချက်ချနေ သည်။

"အင်း ... ငါဒီတောထဲမှာ ဆက်ပြီးရှိနေရင် အနားပတ်ဝန်းကျင် ရွာသားတွေလည်း ကောင်းကောင်းနေကြရမှာမဟုတ်ဘူး။ ဒီတော့ ငါ ဘ်နေရာကို ထွက်သွားမှ ဖြစ်တော့မယ်"

ဟု ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ပင် ချမိလိုက်လေသည်။ ဒို့နောက် ...

ပုတ္တလေး၏လက်ကိုဆွဲပြီး ဂူဆီကို ပြန်သွားသည်။ ယူစရာရှိ သည်များကိုယူသည်။ လွယ်အိတ်ကြီးထဲကို ထည့်သည်။

"သား ... ဘိုးဘိုး ဒီတောထဲမှာရှိနေရင် ဒီကုလားဖြူတွေ ခဏ ခဏ လာရှာကြလိမ့်မယ်။ ဒါကြောင့် ဘိုးဘိုး ဒီမှာမနေတော့ဘူး။ ဘ်နေရာကို ရှောင်ထွက်သွားတော့မယ်။ ကဲ ... ပါးစပ်ဟာစမ်း"

ပုတ္တလေးက ပါးစပ်ကို ဟာပေးသည်။ ပုလင်းလေးတစ်လုံးထဲမှ ဆေးကို လက်ဖဝါးထဲချကာ ...

"သား ... လျှာနဲ့လျက်စမ်း။ ကုန်အောင်လျက်"

ပုတ္တလေးကလည်း လျက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ကောင်းပြီ။ လာ . . . လူလေးရဲ့အိမ်ကိုသွားကြမယ်"

"ဗျာ . . . အိမ်ကို . . . ဟုတ်လား ဘိုးဘိုး။ အမေနဲ့အဖေတို့
လယ်ထဲမှာရှိနေကြတယ်"

"အေး . . . အဲဒီကိုပဲသွားကြတာပေါ့ကွယ်"

ပုဏ္ဏိုလ်ကြီးသည် လွယ်အိတ်ကြီးကိုလွယ်ကာ ပုတ္တလေးနှ
အတူ ထွက်လာခဲ့သည်။ ယင်းအချိန်တွင် ကုလားဖြူပုလိပ်များသည်
ဂူကြီးနှင့် ကိုက်နှစ်ဆယ်သာသာလောက်က ဖြတ်သွားနေကြသည်။ ပု
လေးတို့သည် ကုလားဖြူတို့၏ရှေ့ကပင် ပေါ်ပေါ်ထင်ထင်ဖြတ်ကြလေ
ဒီတစ်ခါတော့ မိပြီဟု ခေါင်းကြီးသွားခဲ့လေသည်။

သို့သော် အခြေနေက ပုတ္တလေးထင်သလိုဖြစ်မလာခဲ့
သားကောင်ကို မြေခွေးတွေလို အသေအလဲရှာဖွေနေကြသော ကုလ
ဖြူများသည် ထိုပုဏ္ဏိုလ်ကြီးနှင့်ပုတ္တလေးတို့ မလှမ်းမကမ်းက ဖြတ်သွား
ကြသည်ကိုပင် မမြင်လိုက်ကြ။ မြင်းတွေကိုသာ မှန်မှန်နှင်လာခဲ့ကြသည
ပုတ္တလေးမှာကား ရင်တထိတ်ထိတ်နှင့် ကုလားဖြူပုလိပ်များနှင့် ဝေးသွ
တော့မှ သက်ပြင်းချမိလိုက်ကာ . . .

"ဒီကုလားဖြူတွေဟာ ကန်းနေကြသလားမသိဘူးနော် ဘိုးဘိုး"

"အေး . . . သင်းတို့ဟာ ဒါနဲ့များ ဒီအလုပ်ကိုလုပ်နေကြသေ





သယ်။ မြွေသာဆို ပေါက်သတ်ခံရတာကြာပြီ။ ဟား . . . ဟား . . . ဟား
. . ."

ပုဏ္ဏိုလ်ကြီးက လှိုက်လှဲစွာပင် ရယ်မောပစ်လိုက်လေတော့
သည်။

■

တဲထဲကို လူနှစ်ယောက်က ဝင်လာခဲ့သည်။ ဒေါ်ကြည်ပြာနှင့်
မြသာတို့သည် သူတို့ကိုမြင်လိုက်ကြသည်နှင့် အံ့အားသင့်သွားခဲ့ကြ
သည်။ ပုတ္တလေးနှင့် အတူပါလာသော လူကြီးကို တစ်ကြိမ်တစ်ခါမှ
မြင်ဖူးကြပေ။ သို့သော် ထိုပုဏ္ဏိုလ်ကြီးကို မြင်လိုက်ကြသည်နှင့် အလိုလို
ဦးညွှန်သွားခဲ့ကြလေသည်။

"ကြွပါခင်ဗျာ . . . ထိုင်ပါ"

ဦးမြမောင်က ပျာပျာသလဲပင် တဲပေါ်မှာ နေရာပေးလိုက်ကြ
သည်။ ပုတ္တလေးနှင့်အတူပါလာသည့်အတွက်လည်း အံ့အားသင့်နေမိကြ
သည်။ သို့လော သို့လောနှင့် တွေးနေမိကြလေသည်။

"ငါ့နာမည်က ဘိုးစကြာ။ နင်တို့သိချင်နေတဲ့ အကြောင်းတစ်ခု
သိရမယ်။ ပုတ္တလေးကို စာသင်ပေးတာ ငါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကြီးသည် ရောက်ရောက်ချင်းပင်ပြောချလိုက်လေရာ...

"ဩော် ... ဟုတ်လား။ ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်။ ဘယ်လိုမှ စာသင်လို့မရတဲ့ကလေးကို ဆရာကြီးက စာသင်ပေးနိုင်ခဲ့တာ ပြီးတော့ သားကလေ ပြောင်းလဲမှုတွေရှိလာခဲ့တယ်"

မကြည်ပြာသည် လှိုက်လှဲစွာပင် ပြောမိလိုက်သည်။

"အေး ... ဒီကလေးနဲ့ ငါဟာ ပဋ္ဌာန်းဆက်ပါလာလို့။ ခုဘဝမှာ ငါနဲ့တွေ့ရတာ"

"ဒါနဲ့ ဆရာကြီးက ..."

"ငါလား။ သူ့ဆီက မုန့်တွေတောင်းတောင်းစားခဲ့တဲ့ သူမုန့်စား ကြီးပေါ့ကွယ်"

"ဟင် ... ဟုတ်လား"

လင်မယားနှစ်ယောက်စလုံး ပိုပြီးတော့ အံ့အားသင့်သွားခဲ့ကြ လေသည်။ ဤပုဂ္ဂိုလ်ကြီးကို အကြောင်းပြုပြီး မိမိတို့လည်း လယ်ယာ နွားများ၊ လှည်းနှင့် မြေကွက်အချို့ကို ဝယ်နိုင်ခဲ့ကြသည်မဟုတ်ပါလား။ သို့ဆိုလျှင် သူ၏ကျေးဇူးက အဆမတန်ကြီးမားခဲ့လေပြီ။

"ဆ ... ဆရာကြီးကြောင့် ... ကျွန်တော်တို့"

ဘိုးစကြာသည် လက်ကာပြလိုက်ပြီး ...





"နင်တို့ ဘာပြောမယ်ဆိုတာ ငါသိတယ်။ ဒါတွေဟာ ကံအကျိုး ဆက်ကြောင့် ဖြစ်လာခဲ့ရတာ။ ငါ့ကို ကျေးဇူးတင်ဖို့ မလိုဘူး"

ဘိုးစကြာသည် သူတို့ပြောမည့်စကားကို သိနေသည့်အတွက် အံ့အားသင့်နေမိကြသည်။ ထို့ကြောင့် ဆက်မပြောဝံ့ကြတော့။

"ငါနဲ့ ပုတ္တလေးပတ်သက်နေတဲ့အကြောင်းကို ဘယ်သူ့ကိုမှ ပြောဖို့ ငါက ပိတ်ထားတယ်။ ဥဒေါင်းတောကြီးထဲမှာ ကုလားဖြူပုလိပ် တွေလိုက်ပြီး ရှာနေကြတဲ့သူဟာ တခြားသူမဟုတ်ဘူး။ ငါပဲ"

"ဟင်"

အားလုံး အံ့အားသင့်သွားခဲ့ကြရလေသည်။ မျက်နှာပြင်ပေါ်မှာ လည်း ထိတ်လန့်မှုတွေ စွန်းထင်းသွားခဲ့ရသည်။

"နင်တို့ဘာမှမစိုးရိမ်ကြနဲ့။ ငါနဲ့ပတ်သက်ပြီး ဘာမှမဖြစ်စေရဘူး"

"ဗျာ ... ဒီလိုသဘောမျိုးမဟုတ်ပါဘူး။ ကျွန်တော်တို့က ဆရာ ကြီးအတွက်ပါ။ ခုတလောမှာ ကုလားဖြူပုလိပ်တွေ ခြေချင်းလိမ်နေကြ တယ်။ ကျွန်တော်တို့ရွာကိုတော့ တစ်ခါမှ မေးလားမြန်းလားမလုပ်ပါဘူး"

"ငါ့အတွက်လည်း မပူပါနဲ့။ ဒီကုလားဖြူတွေဟာ ခုနစ်ရက် သား သမီးတွေကို ဒုက္ခပေးနေကြတယ်။ ဒီတော့ ငါ ရှောင်ထွက်သွားမှ ဖြစ်မယ်။ ဒါလေးကိုတော့ နင်တို့ယူထားပါ"



www.burmeseclassic.com

www.burmeseclassic.com



ပဝါဖြူဖြင့် ထုပ်ထားသောအထုပ်လေးတစ်ထုပ်ကို ချပေးလိုက်သည်။ ထို့နောက် ပုလင်းလေးတစ်လုံးကိုလည်း ပေးသည်။

"ကလေးရဲ့လျှာကို နွေ့စဉ် တစ်ရက်နှစ်ကြိမ်ပွတ်ပေးပါ ဟုတ်ပြီလား။ ကဲ . . . ငါ သွားမယ်"

သားအမိ သားအဖသုံးယောက်စလုံး ကန်တော့ကြသည်။

"ဘိုးဘိုး . . . ဘယ်တော့လာဦးမလဲဟင်"

ပုတ္တလေးက နောက်ကနေ အပြေးလိုက်သွားပြီး လက်ကိုဆွဲကာ မေးသည်။ ဘိုးစကြာက နောက်ကိုလှည့်ကြည့်လိုက်ကာ . . .

"ဘိုးဘိုးနဲ့သား ပြန်ပြီးတော့ ဆုံကြဦးမှာပါကွယ်။ ဒါပေမဲ့ အချိန်နည်းနည်းတော့ ကြာလိမ့်မယ်"

"ဟုတ် . . . ဟုတ်ကဲ့"

ပုတ္တလေး၏မျက်နှာမှာ ချက်ချင်းပင် ညှိုးငယ်သွားခဲ့သည်။ ဘိုးစကြာ ထွက်သွားခဲ့သည်ကို မျက်စိတဆုံးပင်ကြည့်နေမိခဲ့သည်။

❖ ❖ ❖



# အခန်း ( ၉ )
# ငိုတဲ့ပုတ္တလေး

လွန်ခဲ့သော ငါးနှစ်ကျော်ကျော်က အဖြစ်အပျက်ကို ပုတ္တလေး ပြန်ပြီးတော့ စဉ်းစားမိခြင်းဖြစ်သည်။ ထို့နောက် ဘိုးစကြာကို သတိရပြီး ငိုလေသည်။ ပုတ္တလေးတစ်ယောက် မကြီးမငယ်နှင့် ငိုနေသည့်အတွက် မိဘနှစ်ပါးမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားခဲ့ကြရသည်။

"ဟင် . . . သား ဘာဖြစ်လို့ငိုနေရတာလဲ"

"သား ဘိုးစကြာကို သတိရလို့ပါ အမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . သားရယ် အမေက ဘာများလဲလို့။ သားရဲ့ဘိုးဘိုးက ပြောသွားခဲ့တယ် မဟုတ်လား။ တစ်နေ့ကျရင် ပြန်ပြီးတော့ ဆုံဖြစ်ကြဦးမယ်ဆိုတာလေ။ အချိန်မတန်သေးလို့ ရောက်မလာသေးတာပေါ့။ သားက လူပျိုကြီးဖြစ်နေပြီ။ ဒီလိုငိုနေတာ သူများတွေမြင်သွားလိမ့်မယ်။ မရှက်ဘူးလား"

ပုဏ္ဏလေးသည် ထိုအခါကျမှ ပါးပြင်ထက်က မျက်ရည်တွေကို လက်ဖမိုးနှင့် သုတ်ပစ်လိုက်သည်။

"သား . . . အဲဒီဘိုးဘိုးနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုများ ပြောခဲ့သေးသလဲ"

BURMESE CLASSIC .com

"ဘယ်သူ့ကိုမှ မပြောဘူး။ အန္တရာယ်ရှိတယ်။ သား သိတယ်"

"အေး . . . အေးပါကွယ်။ သားက စကားတစ်ခွန်းကို စိတ်ထဲမှာ စွဲစွဲမြဲမြဲမှတ်ထားတတ်တယ်။ အမေ သိတာပေါ့။ ဩော် . . . ဒါနဲ့ သား"

"ဘာလဲအမေ"

"သား . . . လုလုနဲ့ အရောတဝင်မနေနဲ့နော်။ သူ့မိဘတွေက မကြိုက်ကြဘူး"

"သားက ဘယ်မှာအရောတဝင်နေလို့လဲ။ ဟိုတစ်နေ့က သူက အကူအညီတောင်းလို့။ တောင်းထမ်းပြီး သူ့အိမ်လိုက်ပို့တာ။ ဘယ်သူတွေက ဘာပြောနေကြလို့လဲ"





"ဘယ်သူမှမပြောကြပါဘူးကွယ်။ အမေက စဉ်းစားမိပြီးတော့ သတိပေးတာပါ။ အကြောင်းကြီးငယ်ရှိလို့ မဟုတ်ပါဘူး"

ထိုသို့ပြောလိုက်တော့မှ ပုဏ္ဏလေးသည် ငြိမ်သွားခဲ့လေသည်။ အကယ်တော့ လုလု၏မိဘများ၏ သဘောထားကို မကြိုက်၍ သားဖြစ်သူကို သတိပေးခြင်းပင်။ ဟိုတစ်နေ့ကပဲ တောင်းကိုထမ်းပြီး လုလု၏အိမ်ကို ပို့ပေးခဲ့သည့်ကိစ္စကအစပြုသည်။ လုလု၏မိခင်က ပုဏ္ဏလေး အကူအညီပေးသည့်ကိစ္စကို မကြိုက်။ စောင်းပါးရိပ်ခြည်ပြောသည်ကို ဒေါ်ကြည်ပြာ ကြားခဲ့ပြီးဖြစ်သည်။ ပုဏ္ဏလေးသည်လည်း ရွာထဲကို သိပ်ပြီးတော့ သွားသွားလာလာမရှိပေ။ လုလုအကူအညီတောင်းသည့်နေ့က ဆောင်မှတ်ဘဲ ကြုံကြိုက်သွားခဲ့ခြင်းသာ ဖြစ်သည်။

ထိုစဉ်က ဘိုးစကြာသည် ဦးမြသာနှင့် ဒေါ်ကြည်ပြာကို ငွေကြေးများ ထောက်ပံ့ခဲ့ခြင်းပင်ဖြစ်သည်။ ပုလင်းထဲမှ ဆေးပြာမှုန့်လေးများကို ပုဏ္ဏလေး၏ လျှာကို နေ့စဉ်မပြတ် သုတ်လိမ်းခဲ့သည်။ ငါးနှစ်ကျော်ကြာသွားခဲ့သည့်တိုင် ပုလင်းထဲမှ ဆေးပြာများမှာ မကုန်နိုင်ခဲ့။ ပုဏ္ဏလေး၏ မှုန်သောစိတ်က လုံးဝပျောက်ကွယ်မသွားသော်လည်း တော်တော်လေးကို တည်ငြိမ်မှုရှိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားလေး လူတောထဲတိုးဝင်နိုင်တဲ့ဘဝမျိုးကို မြန်မြန်ရောက်
စေချင်လှပါပြီ။ လုံးဝ လူကောင်းကပတိဖြစ်သွားစေချင်တာ"

"မကြည်ပြာရယ် ခါတိုင်းထက်စာရင် အသိရော၊ အလိမ္မာရော
မှတ်ဉာဏ်ရော အားလုံးကောင်းလာခဲ့ပြီပဲ။ တဖြည်းဖြည်းနဲ့ တိုးတက်လာ
ဦ်ကပဲ မဟုတ်လား။ နောက်တော့ ငါတို့လိုချင်တဲ့ အခြေအနေမျိုးကို
ရောက်လာရတော့မှာပါ။ ဒီအတိုင်းပဲဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထား
တယ်လေ။ သားရဲ့ကံတရားအရ လိုအပ်ချက်လေးတွေ ရှိနေသေးလို့
မှတ်ပါ။ ဆန္ဒမစောပါနဲ့ကွယ်"

ဦးမြသာက ဇနီးဖြစ်သူကို နှစ်သိမ့်လိုက်လေသည်။

■

ပုတ္တလေးသည် တစ်ခါတစ်ရံမှာ ဥဒေါင်းတောကြီးထဲကို သွား
မည်ပြုသည်။ သို့သော် ကြောင်ခိုနှင့်ဝက်သိုးတို့မှာ ခုထက်ထိ မိမိ
အသွားအလာကို အကဲခတ်နေဆဲ။ ချောင်းမြောင်းနေဆဲပင်ဖြစ်သည်
ကုလားဖြူပုလိပ်တွေ လိုက်ရှာသည့်၊ ကျောက်တွင်းရွာသားများ ပြော
သည့် တောထဲကလူကြီးဆိုသူသည် ပုတ္တလေးနှင့် တစ်နည်းနည်း ပတ်
သက်နေလိမ့်မည်ဟု ထင်နေကြဆဲပင်။





[သို့သော် သူတို့နှစ်ဦးမှာ ပုတ္တလေးကို ချောက်တွန်းလိုသော
သဘောမျိုးတော့မပါ။ မနေနိုင်၍ တမင်စပ်စုကြခြင်းသာဖြစ်သည်။]

ထို့ပြင် ထိုပုဂ္ဂိုလ်ကြီးနှင့် ပတ်သက်၍လည်း သူတို့သာမက
ကျသိုလ်ရွာသားများကပါ စပ်စုလိုစိတ်မရှိကြ။ အကြောင်းမှာ သက်ဆိုင်
ရာကုလားဖြူပုလိပ်များနှင့် မဆက်ဆံလို၍ဖြစ်သည်။

"ကုလားဖြူတွေဟာ သူများကိုသာ ဒုက္ခအတိပေးတတ်ကြ
တာ။ သူတို့လူမျိုးနဲ့၊ သူတို့နဲ့ပတ်သက်နေကြတဲ့သူတွေကိုတော့ ကာကွယ်
ထားကြတယ်။ မျှတမှုမရှိကြဘူး"

ထို့ကြောင့် ကုလားဖြူများကို ဝေးဝေးက ရှောင်ရှားလိုကြခြင်း
ပင်ဖြစ်သည်။ သို့သော် မည်သို့ပင်ဖြစ်စေ ပုတ္တလေးကလည်း ဝက်သိုးနှင့်
ကြောင်ခိုတို့က ချောင်းမြောင်းနေကြသည်ကို သိ၍ ဥဒေါင်းတောကြီးထဲ
ကို မဝင်ဖြစ်တော့ပေ။

■

ပုတ္တလေးကို လူတကာက ကျပ်မပြည့်သောသူ၊ စိတ်မနှံ့သော
သူဟု သိထားကြသည်။ သတ်မှတ်ထားကြသည်။ သိပ်လည်း အရေး
တဝင်မရှိကြ။ တွေ့သည့်သူက စလှမ်း၍ ရန်ဖြစ်မှာကို မိဘများက စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ထို့ကြောင့် ပုတ္တလေး ငယ်စဉ်က ရွာထဲကိုသွားလျှင် မိဘများမှာ ရင်တထိတ်ထိတ်၊ နားတစွင့်စွင့်နှင့်ရှိနေကြရသည်။

မိမိ၏သားကို သူတစ်ပါးက အနိုင်ကျင့်ပြီး ညာခိုင်းလျှင်လည်း မကြိုက်။ ရန်ဖြစ်လျှင်လည်း မကြိုက်ကြ။ ဒေါ်ကြည်ပြာဆိုလျှင် ပုတ္တလေး ရွာထဲကိုထွက်သွားတာ ကြာခဲ့လျှင် သတင်းအစအနမရလျှင် အိမ်ကနေ လိုက်ရသည်။ ထိုအခါ မိမိ၏သားကို အနိုင်ကျင့်ပြီး ကစားနေကြလျှင် ချက်ချင်းပင် ပြန်ခေါ်လာခဲ့ရသည်။ စိတ်လည်းမကောင်းဖြစ်မိရသည်။ ဝက်သိုးနှင့် ကြောင်ခိုတို့က အဆိုးဆုံးပင်။

"သားက ကစားဖော်ကစားဖက်မရှိလို့ စိတ်အားငယ်နေတာ။ အဖော်ရှာနေတာ။ ကစားတော့လည်း သူချည်းပဲ အနစ်နာခံတယ်။ ကလေးတွေကလည်း သားဘက်က နည်းနည်းလေးမှ နားမလည်ပေးကြဘူး။ သူတို့နိုင်းတိုင်းလုပ်ပေးတော့တာပဲ။

အဲဒီတော့ သားဟာ သူတို့အတွက် ကစားစရာဖြစ်လာတော့တယ်။ စိတ်မကောင်းဘူး"

ဟိုစဉ်ကအကြောင်းများဖြစ်သည်။ ယခုတော့ ပုတ္တလေးသည် အရွယ်ရောက်လာခဲ့လေပြီ။ စိတ်ထားလည်း သိသာစွာပင် ပြောင်းလဲလာခဲ့လေပြီ။ သူ့အပေါ်မှာ မည်သူက မည်သို့စိတ်သဘောထားကြသည်ကို





လည်း သိလာခဲ့ပြီဖြစ်၍ . . .

"ဘယ်သူမှ ငါ့အပေါ်မှာ မကောင်းကြဘူး။ ဒါကြောင့် ဘယ်သူ့ကိုမှလည်း အပေါင်းအသင်းမလုပ်တော့ဘူး"

ဤစကားကို ပုတ္တလေးက ခြံထဲတွင်ထိုင်ကာ သူ့ဘာသာသူ ပြောနေခြင်းပင်ဖြစ်သည်။ ဖခင်ဦးမြသာက နားစွန်နားဖျားကြားသွားခဲ့လေရာ . . .

"သား . . . စောစောက ဘာပြောလိုက်တာလဲ"

"ဘာ . . . ဘာမှမဟုတ်ပါဘူး အဖေ။ သားရဲ့နှုတ်က ယောင်ပြီး တော့ ထွက်သွားခဲ့တာပါ"

ဦးမြသာသည် ပုတ္တလေး၏စကားကြောင့် သက်ပြင်းချမိလိုက်၏။

"အင်း . . . သားက တစ်ယောက်တည်းပြောနေပေမယ့် စိတ်မမှန်တဲ့လက္ခဏာမျိုးတော့ မဟုတ်ဘူး။ တစ်ခုခုကို ဆင်ခြင်ပြီးတော့ ပြောနေတဲ့လက္ခဏာပဲ။ လူကောင်းတစ်ယောက်ရဲ့အတွေးနဲ့ပြောနေတာမျိုး"

ဟု ပုတ္တလေးကို သုံးသပ်မိသည်။ ထို့အပြင် ဘိုးစကြာထောက်ပံ့ခဲ့သည့် ငွေများသည် သားလေးအတွက်သာဖြစ်သည်ဟု သဘောပေါက်မိသည်။ မြေကွက်အရိုးကို ဝယ်သည်။ အိမ်ကိုလည်း ပြင်၍ဆောက်သည်။ လူတွေစပ်စုကြများစိုး၍ တဖြည်းဖြည်းချင်း လုပ်သွားခဲ့ကြခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ပုတ္တလေးသည် အရင်က စကားများများပြောသလောက် ယခု အရွယ်ရောက်လာခဲ့စဉ်မှာတော့ စကားနည်းလာခဲ့သည်၊ ဗလလည်း ပိုပြီးတော့ တောင့်လာသည်။ မိဘ၏လယ်ယာလုပ်ငန်းခွင်ထဲကိုပင် ဝင်ရောက်ပြီးတော့ လုပ်ကိုင်နေခဲ့လေပြီ။

"စိတ်မမှန်တဲ့သူတစ်ယောက်ဟာ ပိုပြီးတော့ စကားနည်းသွားခဲ့ရင် စိုးရိမ်ရတယ်တဲ့။ အတွင်းမှာ ဖောက်ပြန်မှုအစိုင်အခဲက ကြီးမားနေလို့တဲ့"

"မဖြစ်နိုင်တာ မကြည်ပြာရယ်။ သားလေး စကားနည်းသွားတာ သူ ငယ်ငယ်ကတည်းပါ။ သူ့အပေါ်မှာ အနိုင်ကျင့်တဲ့သူ၊ ကောင်းတဲ့သူ အဲသလိုခွဲခြားပြီး သိလာတဲ့အတွက် ပြောင်းလဲသွားတာ၊ နှစ်တွေ ဒီ လောက်ကြာလာခဲ့ပြီပဲ သား ဒီ့ထက်ပိုပြီးတော့ ဆိုးတဲ့အမူအရာမျိုး ဘာ ရှိလို့လဲ"

"အင်းလေ ... ဒါလည်း ဟုတ်တာပဲ၊ တော်ပြောမှပဲ သတိထား မိတော့တယ်။ ဒြော် ... ဒါနဲ့ ကျွန်မ တစ်ခုစဉ်းစားမိတယ်။ တော်လည်း စဉ်းစားမိမလားမသိဘူး"

"ဘာကိုလဲ"

"ဟို ဘိုးစကြာဆိုတဲ့လူကြီးနဲ့ သား ပတ်သက်ခဲ့တဲ့အချိန်ကစပြီး သား တဖြည်းဖြည်းနဲ့ ပြောင်းလဲလာခဲ့တာလို့လေ"

"ဟုတ်တယ် . . . ငါလည်း အဲသလိုပဲ စဉ်းစားမိခဲ့တာကြာပြီ။ သား ငယ်ငယ်က မွေးရာပါ ပါလာခဲ့တဲ့ရောဂါကို ကုတာကုလို့မရဘူးတဲ့၊ ဝဋ်နာကံနာလို့ သမားတော်ကြီးတွေက ပြောကြတာလေ၊ မင်းလည်း သိ တယ် မဟုတ်လား။ အေး ... အခု ဒီဆရာကြီးနဲ့ သားတွေ့မှ တဖြည်းဖြည်း နဲ့ ပြောင်းလဲလာခဲ့တာ အသိသာကြီးပါ။ ငါကတော့ သည့်ထက်ပိုပြီးတော့ ကောင်းလာလိမ့်မယ်လို့ ထင်တာပဲ"

"အဲသလိုဖြစ်ပါစေလို့ ဆုတောင်းရတာပဲတော့"

■

အချိန်မှာ နွေလယ်ခင်းကာလဖြစ်သည်။ ရိုးမတောကြီးထဲတွင် လူတစ်စုက လှုပ်လှုပ်ရှားရှားနှင့် ရှိနေကြသည်။ ကုလားဖြူစစ်ဘက်မှ လူအချို့သည် ရိုးမတောကြီးကို သူတို့ပိုင်ဆိုင်ကြသည့်အလား ထင်သလို ခြယ်လှယ်နေကြသည်။ မင်းမူနေကြသည်။ ယခုလည်း တောဆင်များကို ဖမ်းဆီးရန် အင်အားအလုံးအရင်းနှင့် ရောက်နေကြသည်။

ဒေသခံမုဆိုးအချို့နှင့် ရွာသူရွာသားများကိုလည်း အမိန့် အာဏာသုံး၍ ခေါ်လာခဲ့ကြသည်၊ ဆင်များသည် တိုင်းပြည်၏အဖိုးတန်







www.burmeseclassic.com

www.burmeseclassic.com



ရဓနာများဖြစ်ကြသည်။ အကြောင်းမဲ့ သတ်ဖြတ်ခြင်းမပြုကြ။ သင်
လုပ်ငန်းများတွင် ဆင်များက အဓိကနေရာမှ ပါဝင်ကြသည်။ ပြည့်ဝသော
လုပ်အားများကို ပေးနိုင်ကြသည်။

ဟိုးရှေးယခင်ကဆိုလျှင် ဆင်တစ်အုပ်စုလျှင် ကောင်ရေတစ်
ထောင်၊ ခုနစ်ရာ၊ ရှစ်ရာလောက်အထိ ရှိကြသည် ဟုဆိုကြသည်။ နယ်ချဲ့
ခေတ်မတိုင်မီကပင်လျှင် ဆင်ဖမ်းသမားများက ဆင်များကို ကျုံးသွင်းကာ
ဖမ်းဆီးကြသည်။ ယဉ်ပါးအောင် လေ့ကျင့်ပေးကြသည်။ မင်းခန်း မင်းနား
ရှင်ပြု၊ ပဋ္ဌင်းခံကိစ္စများတွင် အသုံးပြုခဲ့ကြသည်။ ဆင်များကို အကြောင်းမဲ့
မပစ်ခတ်ရဟူသော မင်းမိန့်နှင့်ထုတ်ပြန်ခဲ့လေသည်။

သို့သော် နယ်ချဲ့ကုလားဖြူများသည် တစ်ဖက်က ဆင်ရိုင်းများ
နှင့်ပတ်သက်ပြီး ဥပဒေထုတ်ထားသော်လည်း တစ်ဖက်ကတော့ သူတို့
ကိုယ်တိုင် ထိုဥပဒေကို ချိုးဖောက်ကြသည်။ ဆင်ရိုင်းများကို အကြောင်းမဲ့
ပစ်ခတ် သတ်ဖြတ်ခြင်းမပြုလုပ်ရဆိုသော ဥပဒေသည် အခြားသူများ
အတွက်သာဖြစ်ပြီး သူတို့အတွက် မဟုတ်မှန်း သိလာခဲ့ကြရသည်။

"ဆင်စွယ်ကောင်းကောင်းလိုချင်တယ်။ ဒေသခံမုဆိုးကောင်း
ကောင်း ရှာပေးပါ။ ဆင်ပစ်ထွက်မယ်"

သူတို့၏ပါးစပ်မှ ထွက်သောစကားသည် အမိန့်ပင်ဖြစ်သည်။





အတည်ယူကြရသည်။ ထိုအခါ မဖြစ်မနေဆောင်ရွက်ပေးကြရသည်။
အာဏာမဲ့သည့် ကုလားဖြူလက်တစ်ဆုပ်စာ၏ ဆန္ဒလောဘကြောင့်
နီးပတစ်ခွင်သည် ဖိန့်ဖိန့်တုန်သွားခဲ့ကြရသည်။ လွန်ခဲ့သော နှစ်ပေါင်း
တစ်ရာလောက်က အဖြစ်အပျက်များကို သိမီလိုက်ကြသူများ၏ ပြန်
ပြောင်းပြောပြချက်များက အထင်အရှားပင် ပြောစမှတ်ပြု ကျန်ရစ်ခဲ့ကြ
ရသည်။

ယင်းအဖြစ်အပျက်များသည်ကား . . .

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )
## ကြမ္မာဆိုးဆိတိုးဝင်ကြသူများ

မျက်နှာဖြူစစ်ဖက်အရာရှိ အရာခံ အကြပ်တပ်သားမျ ဦးဆောင်သော ကုလားဖြူအုပ်စုသည် ဆင်ရိုင်းတစ်အုပ်စု၏ ခြေရာမျ ကို ခံမိသွားခဲ့ကြသည်။ သူတို့သည် အားတက်သွားခဲ့ကြ၏။

"ဆင်ရိုင်းတွေအများကြီးပဲ၊ ငါတို့ပစ်နိုင်ရင် ဆင်စွယ်တေ တော်တော်များများရမှာပဲကွ"

သို့သော် ကောင်ရေသုံးရာထက်မနည်းသော ဆင်ရိုင်းအုပ်





တွင် ဆင်သားငယ်လေးများလည်း ပါဝင်နေကြောင်း သိရှိရသည်။

"ငါတို့ ဒီလောက်များတဲ့ ဆင်ရိုင်းအုပ်စုကို တစ်ခါမှမပစ်ခတ်ခဲ့ ဘူး။ နောက်ကနေလည်း မလိုက်ဖူးခဲ့ကြဖူးဘူး။ ပစ်လည်း မပစ်ခဲ့ကြဘူး"

မှဆိုးများက အမှန်အတိုင်းပင် ပြောပြကြသည်။ စကားပြန်များမှ တစ်ဆင့် ကုလားဖြူများကို တင်ပြကြရာ . . .

"မောင်မင်းတို့ကိုယ်တိုင် ပစ်ခတ်စရာမလိုဘူး၊ ကျုပ်တို့ ကိုယ်တိုင်ပစ်မယ်၊ ကျုပ်တို့မှာ လက်နက်ကောင်းတွေပါတယ်။ ဒီဆင်တွေ ဘာခံနိုင်ကြမှာလဲ။ အဖော်အနေနဲ့သာလိုက်ခဲ့ကြ"

ကုလားဖြူအရာရှိက မာန်တက်ကာပြောသည်၊ မုဆိုးနှင့် ရွာသားများမှာ အခက်တွေ့နေကြရသည်။ တကယ့်ကို အန္တရာယ်ကြီး သော လမ်းကြောင်းခရီးပင်ဖြစ်သည်။

"ဒီမိစ္ဆာကောင်တွေဟာ ဆင်ရိုင်းပစ်ဖူးကြတာ မဟုတ်ဘူး။ ကျားတောင်မှ မြင်ဖူးကြတာ မဟုတ်ဘူး။ ဒါတောင် သူတို့နိုင်ငံမှာ ဆင် ဘယ်နကောင်၊ ကျားဘယ်နကောင်၊ ခြင်္သေ့ဘယ်နကောင် ပစ်ဖူးခဲ့တယ် လေး ဘာလေးနဲ့၊ ကြွားလုံးထုတ်နေကြတယ်။ အေး . . . သူတို့ ထင်ရာတွေ လျှောက်လုပ်ကြလို့ ပြဿနာဖြစ်ရင် ပြေးပေါက်ကို ရှာထားကြ။ ကိုယ့် အသက်တော့ အရလုကြရမည်"



www.burmeseclassic.com

www.burmeseclassic.com



ဝါရင့်မုဆိုးကြီးဦးဖိုးခက်က ပြောသည်။ ရှေ့ဘာဖြစ်လာမလဲ မခန့်မှန်းနိုင်ကြ။ အားလုံး ရင်တထိတ်ထိတ်နှစ့် ရှိနေကြရသည်။ ဆင်ရိုင်းအုပ်ခြေရာများကို တွေ့နေကြမှတော့ မလိုက်၍မဖြစ်ကြတော့။ ကိုယ့်သေတွင်းကိုယ်တူးကြမည့်သူများပါတကား။

■

ဆင်အုပ်ကြီး၏ခြေရာများကို တောက်လျှောက်ပင် တွေ့နေရသည်။ ဆင်ခြေရာတွေ့မှတော့ ဆင်ကိုတွေ့ရန် မခဲယဉ်းတော့ဟူသည့် အသိကြောင့် ကုလားဖြူများသည် အားတက်နေမိကြသည်။ စိတ်ကူးထဲမှာတော့ ဆင်စွယ်ဖွေးဖွေးက အစုလိုက် အပြုံလိုက်၊ တစ်ချောင်းပြီး တစ်ချောင်း သူတို့၏ရှေ့မှာ ကျလာခဲ့ကြသည်။

ဆင်စွယ်ကိုသာ မက်ကြသည်။ ဆင်ကြောင့်ဖြစ်လာမည့် အန္တရာယ်ကို ကြိုပြီးတော့ မတွေးမိကြ။ ဆင်အုပ်ကြီးကိုမြင်းချင်လေလေ ဇောကပ်ပြီး ရှေ့ကိုတိုးကြလေလေ။ မကြာမီ သူတို့၏နားထဲမှာ အသံများကို ကြားလာခဲ့ကြရသည်။

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

တောတိုးသံများ၊ သစ်ကိုင်းများကို နှာမောင်းဖြင့် လိမ်ချိုးကာ





ဖြတ်၍ဆွဲချလိုက်သံများ၊ လမ်းမှာ ဆင်ငယ်များကို သစ်ရွက်များ ဆွတ်ခူး၍သော်လည်းကောင်း၊ မျှစ်များတူးဆွ၍ အစာကျွေးခဲ့ကြသည့် လက္ခဏာများကိုသော်လည်း တွေ့ရှိခဲ့ကြသည်။

ထိုအခါ ဆင်အုပ်ကြီးသည် သူတို့နှင့်မဝေးကွာတော့ပြီကို သဘောပေါက်လာခဲ့ကြသည်။ သိပ်မကြာသေးမီအချိန်အတွင်းမှာပင် ဆင်ရိုင်းအုပ်ကြီးကို မျက်ဝါးထင်ထင်တွေ့ကြရတော့မည်။ အားလုံးသည် ရင်တထိတ်ထိတ်နှင့် ရှိနေကြရလေပြီ။

နာရီအနည်းငယ်ကြာသောအခါ . . .

တောတိုးသံများ၊ ဆင်ငယ်ကလေးများ၏အသံများသည် ပျောက်ကွယ်သွားခဲ့ကြလေ၏။ နားထဲမှာလည်း ဘာသံကိုမှ မကြားကြရတော့။ လုံးဝကို နားမလည်နိုင်အောင်ပင်ဖြစ်သွားခဲ့ကြရသည်။ ဆင်ရိုင်းများသည် မည်သည့်အကြောင်းကြောင့် ငြိမ်သက်သွားခဲ့ကြရပါသလဲ။

"ဒါလောက် အုန်းအုန်းထနေတဲ့အသံတွေ ရုတ်တရက် ပျောက်ကွယ်သွားကြတာ ဘာကြောင့်လဲ"

မုဆိုးကြီးဦးဖိုးခက်သည် တစ်ယောက်တည်း ပြောသလိုလိုနှင့် အနီးက လူကို မေးနေသလိုလိုနှင့် ရှိနေခဲ့သည်။ အခြေအနေကို တစ်ခဏတော့ စောင့်ကြည့်ချင်သည်။ သို့သော် ကုလားဖြူများက ဦးဖိုးခက်၏ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ကိုလက်မခံကြ။ သေနတ်တွေ တပြင်ပြင်နှင့် ရှေ့ကိုသာ ဖွတ်တိုးပြီးတော့ သွားနေကြသည်။

"ခက်တော့တာပါပဲ။ ဒီဆင်အုပ်ရဲ့အသံတွေကို မကြားရတာ ထူးခြားတယ်။ အခြေအနေက ဘာမှန်းမသိဘူး။ ဒီမိစ္ဆာကောင်တွေက တော့ အကျိုးအကြောင်း ဘာမှတိုင်ပင်လို့မရပါလား"

စိတ်ပျက် လက်ပျက်ဖြစ်သွားခဲ့ကြရသည်။ ထိုအခါ မိမိတို့ အချင်းချင်း သတိပေးတန်ပေးရလေတော့သည်။

■

ယင်းအချိန်တွင် များပြားလှစွာသော ဆင်အုပ်ကြီးသည် အုပ် သုံးစုကွဲသွားခဲ့ပြီဖြစ်သည်။ တမင်တကာခွဲထွက်လိုက်ခြင်းပင်။ ထိုဆင် အုပ်စုကြီးတစ်ခုလုံးကို ဆင်ရိုင်းမကြီးက ဦးဆောင်သည်။ ခေါင်းဆောင် ဆင်မကြီးပီပီ ပါးနပ်လိမ္မာမှုရှိသည်။ သူတို့၏နောက်မှာ သက်ာမကင် ဖွယ်ရာများ ကပ်ပြီးတော့ ပါလာကြသည်ကို သိနေသည်။

ထို့ကြောင့် ရန်သူကို ပြန်၍ဝိုင်းမိစေရန် ပရိယာယ်ဆင်လိုက် ခြင်းပင်။ ပါးနပ်လိမ္မာကြသော ဆင်ရိုင်းကြီးများသည် အသံများထွက်ပေ မလာအောင် တိတ်တဆိတ်လှုပ်ရှားလျက်ရှိနေကြသည်။





ဦးဖိုးခက်သည် ညက်များတတ်သော ဆင်များနှင့်ပတ်သက်ပြီး သိထားလေသူမို့ တောထဲကို သတိထားပြီးတော့ကြည့်နေရသည်။ ထိုစဉ် ထင်မှတ်သော အခြေအနေတစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။ တော ဘွင်းတစ်နေရာမှ မမျှော်လင့်ဘဲထွက်လာသော သတ္တဝါလေးတစ်ကောင်။

"ဟင်"

ဦးဖိုးခက်နှင့်တကွ အားလုံးက ထိုသတ္တဝါလေးကို မြင်တွေ့ သွားခဲ့ကြသည်။ အံ့အားလည်း သင့်သွားမိသည်။ ဆင်ဖြူလေးတစ် ကောင်ပင်တည်း။

"ငါ့ပဲ မျက်စိမှားသလား"

ဇဝေဇဝါမျက်လုံးများနှင့် ကြည့်မိသည်။ မမှားနိုင်ပါ။ ဆင်ဖြူမှ ဆင်ဖြူလေးအစစ်ပင်။ ငါးလ ခြောက်လသားသာသာလောက်ပဲ ရှိဦးမည်။ အတော်ကလေးကို ကြီးပြင်းနေပြီဖြစ်သည်။ မျက်နှာဖြူအရာရှိသည် ဆင်ဖြူလေးကို မြင်လိုက်သောကြောင့် အံ့အားသင့်သွားခဲ့ရသည်။

"ဟင် . . . ဒါ . . . ဒါ . . . ဆင်ဖြူလေးပဲ။ ဖမ်းမယ်။ မိအောင်ကို ဖမ်းမယ်။ ဒီသတ္တဝါလေးကို ဝါတို့ရဲ့အရှင်သခင်ဆီ ဆက်သရမယ်။ အင်္ဂလန်ကိုပို့မယ်။ အဲဒီအခါကျရင် ငါ့ကို ဆုလာဘ်တွေ အများကြီး ပေး ကြမှာပဲ . . . ဟဲး . . . ဟဲး . . . ဟဲး"



www.burmeseclassic.com

www.burmeseclassic.com



ကုလားဖြူဗိုလ်မှူးသည် မြင်တောင့်မြင်ခဲ ဆင်ဖြူလေးကို မြင်တွေ့လိုက်ရသောကြောင့် ကတုန်ကယင်ပင်ဖြစ်သွားခဲ့ရသည်။

"ဟော့ကောင်တွေ . . . သေသေချာချာကြည့်ကြစမ်းပါဦးကွ။ ဟုတ်ရဲ့လား"

သူ့အောက်က အရာရှိအချို့ကို မေးလိုက်ရာ . . .

"ဟုတ် . . . ဟုတ်ပါတယ်၊ ဒါ ဆင်ဖြူလေးအစစ်ပါပဲ။ ဘယ်လိုနည်းနဲ့မှ မမှားနိုင်ပါဘူး"

"ဟုတ်ပြီ . . . ကဲ . . . မောင်မင်းတို့ ဒီဆင်ဖြူလေးဟာ ငါတို့နေဝင်အင်ပါယာအရှင်သခင်ရဲ့ ဘုန်းကံကြောင့် တွေ့ခဲ့ရတာ၊ အခုချက်ချင်း လက်ရဖမ်းကြရမယ်၊ မထိခိုက်စေနဲ့၊ မနာကျင်စေနဲ့"

စကားပြန်မှတစ်ဆင့် ဒေသခံမုဆိုးအချို့၏ နားထဲကို ရောက်သွားခဲ့ကြသည်။

"ဟာ . . . ဆင်ဖြူလေးကို ဘယ်လိုဖမ်းလို့ရမှာလဲ၊ ဆင်ဖြူလေးရှိနေရင် အနီးအနားမှာ သူ့ကို စောင့်ရှောက်ကြတဲ့ဆင်တွေလည်း ရှိနေကြတယ်၊ ခုနေများ သွားဖမ်းလိုက်ရင် ဆင်ရိုင်းတွေက ဝိုင်းပြီးတော့ တိုက်ခိုက်ကြမှာပေါ့"

ထိုအခါ ကုလားဖြူဗိုလ်မှူးက . . .





"ဆင်ရိုင်းတွေမရှိကြတော့ဘူး။ ထွက်သွားကုန်ကြပြီ။ ဆင်ဖြူလေးတစ်ကောင်တည်း မေ့ပြီးတော့ ကျန်ရစ်ခဲ့တာ၊ မောင်မင်းတို့က ကျုပ်ကို မကူညီချင်လို့ ဒီလိုစကားမျိုးပြောကြတာ၊ စကားများတယ်၊ ဆင်ဖြူကလေးတစ်နေရာကို ထွက်သွားတော့မယ်၊ လာ . . . သွားဖမ်းကြမယ်"

ကုလားဖြူဗိုလ်မှူးသည် သူ့လူများနှင့် ရွာသားအချို့ကို သေနတ်နှင့်ပြကာ ခေါ်ထုတ်သွားခဲ့လေ၏။

"ဟော့ . . . ဟော့ကောင် . . . မင်းလူကို မြန်မြန်ပြောစမ်း။ ဒီလို ဖွတ်လုပ်ရင် အားလုံးသေကုန်ကြလိမ့်မယ်လို့"

ဦးဖိုးခက်က စကားပြန်ကိုပြောလိုက်သော်လည်း . . .

"မရတော့ဘူးဗျ။ ထွက်သွားကုန်ကြပြီ။ ပြောလည်း နားဝင်ကြမှာမဟုတ်ဘူး၊ ဘယ်လိုလုပ်ကြမလဲ"

"အေး . . . ဘယ်လိုလုပ်ကြမလဲဆိုတော့ ပြေးပေါက်ကိုသာ ရှာထားကြပေတော့။ ဒီဆင်ရိုင်းအုပ်ဟာ အနားမှာပဲရှိနေတယ်၊ တမင် ကိုယ်ရောင်ဖျောက်ထားကြတာ၊ ငါတို့ သူတို့ရဲ့နောက်ကလိုက်နေကြမှန်းသိလို့ ချက်ချင်းပုန်းနေကြတာ၊ အင်မတန် အန္တရာယ်ကြီးတယ်၊ ဒီမိစ္ဆာကောင်တွေ အန္တရာယ်ကို မမြင်ကြဘဲ ဖွတ်တိုးသွားကြတာက အကြောင်းမဟုတ်ဘူး၊ ငါတို့လူတွေ သေကုန်မှာစိုးရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး . . . ဒုက္ခတော့များကုန်ကြတော့မှာပဲ"

"ဒီကောင်တွေ ဆင်ဖြူလေးကို ဘယ်လိုနည်းနဲ့ ဖမ်းကြမလဲ။ နပန်းလုံးပြီးတော့ ဖမ်းကြမလား"

ဦးဖိုးခက်နှင့် မုဆိုးအရိုး ရှာသားအရိုးသည် ချက်ချင်းပင် ပြေးလိုက်သွားခဲ့ကြသည်။ သို့သော် ကုလားဖြူများကား ဝေးဝေးကိုရောက်သွားခဲ့ကြလေပြီ။ ဦးဖိုးခက်သည် မျက်စိရှင်ရှင်ဖြင့် တောတွင်းတစ်နေရာကို လှမ်းပြီးကြည့်လိုက်သည်။ လှုပ်ရှားနေကြသော မည်းမည်းသဏ္ဍာန်များကို အမှတ်မထင် တွေ့လိုက်ရသည်။ ထိုအခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ရပြီး . . .

"ဟော့ . . . တောဆင်ရိုင်းတွေ ဒီကောင်တွေ ဘယ်ကိုမှမသွားကြဘူး။ ငါတို့ရဲ့လှုပ်ရှားမှုကို စောင့်ကြည့်နေကြတယ်၊ ဆင်ဖြူလေးကို တမင်တကာ တည်ထားတာလား။ ဒါမှမဟုတ် ဆင်ဖြူလေး သူတို့နဲ့အတူမရှိတာကို တကယ်ပဲ မသိတာလား၊ မပြောတတ်ဘူး။ အခြေအနေကတော့ မကောင်းဘူးနော်"

သူ့ဘေးနားမှာရှိနေကြသည့်သူတွေကို လေသံဖြင့် သတိပေးလိုက်သည်။ ထိုအခါ ရှေ့ကိုဆက်ပြီးတော့မလှမ်းရဲကြတော့၊ ခြေလှမ်းတွေက တန့်သွားခဲ့ကြသည်။ ရှေ့ကနေ ထွက်သွားကြသော ကုလားဖြူများနှင့်





မိမိတို့ဝိုင်းရင်းသားရှာသားအရိုးကို လှမ်းအော်ပြောရန် မမီတော့။ သို့ရှိနိုက်မှာပင် မမျှော်လင့်သောအခြေအနေတစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။

■

အန္တရာယ်ကိုမမြင်။ ရှေ့ကိုသာ ဖွတ်တိုးပြီးတော့သွားနေသော ကုလားဖြူအရိုး ဆင်ဖြူလေးနှင့် တဖြည်းဖြည်းနီးကပ်လာသည်။ ဆင်ဖြူလေးကလည်း သူ့ဆီကို ချဉ်းကပ်လာသည့်အန္တရာယ်ကို သိဟန်မတူ။ ဝါးရုံပင်အောက်မှ ပြတ်တောက်နေသော မျှစ်များကိုသာ နှာမောင်းဖြင့် ကောက်ယူကာ စားနေသည်။

ဦးဖိုးခက်သည် ထိုအခြင်းအရာကိုမြင်လိုက်ရသည်နှင့် မျက်လုံးအစုံက ပိုပြီးတော့ ပြူးထွက်သွားခဲ့ရသည်။

အကြောင်းမှာ ဆင်ဖြူကလေးသည် ယင်းမျှစ်များကို သူ့ဘာသာသူ ချိုးပြီးတော့ မစားသောက်နိုင်။ မိခင်ဆင်မကြီးကသာ နှာမောင်းဖြင့်လိမ်ကာ အစွယ်ဖြင့်ကော်ကာ ချိုးပေးထားသည်ကို သိလိုက်ရသောကြောင့်ပင်တည်း။ ယင်းကိုကြည့်ခြင်းအားဖြင့် မိမိတို့ကို ထောင်ချောက်တစ်ခု တမင်ဆင်ထားသည်ကို သိလိုက်ရလေပြီတည်း။

"မဖြစ်ဘူး . . . မဖြစ်ဘူး။ ဒီနေရာက ချက်ချင်းထွက်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



တော့"

ဦးဖိုးခက်တို့ လျင်မြန်စွာဖြင့် ဆုတ်ခွာစပြုလိုက်စဉ်မှာပင် ကြောက်မက်ဖွယ်ရာကောင်းသော ပြဿနာက စလေတော့သည်။ ကုလားဖြူဗိုလ်မှူးက သေနတ်ကြီးတကားကားဖြင့် ဆင်ဖြူကလေးဆီကို တိတ်တဆိတ်ချဉ်းကပ်အသွား ကိုက်အနည်းငယ်အလိုမှာပင် . . .

"ဂျို" "ဝူး . . . အုး"

တောထဲမှ ဆင်အော်သံများက အချက်ပေးသံများလိုလို တစ်ပြိုင်တည်းပင် ထွက်လာခဲ့ကြလေတော့သည်။ ထိုသို့အချက်ပေးလိုက်သည်နှင့် တောဆင်ရိုင်းများသည် သစ်ပင်များအကြား တောအုပ်ထူထူများကြားတွင် ပုန်းကွယ်နေကြရာမှ ရုတ်တရက်ဆိုသလို ထွက်ပေါ်လာခဲ့ကြလေသည်။ ဆင်ရိုင်းများသည် အုပ်စုသုံးစုခွဲကာ ပုန်းကွယ်နေကြသည် ဖြစ်၍ တဝေါဝေါ တဝူးဝူးဖြင့် နှာမောင်းကြီးများကို မြှောက်၍ ပြေးထွက်လာခဲ့ကြသည်မှာ ကြောက်စရာပင်ကောင်းလှတော့သည်။

"ဟိုက်" "ဟာ"

ကုလားဖြူဗိုလ်မှူးနှင့် သူ့လူများသည် မည်သို့မှမထင်မှတ်ထားသော အခြေအနေကြောင့် အံ့အားလည်း သင့်သွားကြသလို အထိတ်တလန့်လည်း ဖြစ်သွားခဲ့ကြလေသည်။





"ဟာ . . . သ . . . သခင်ကြီး . . . ဆင်ရိုင်းတွေ . . . ဆင်ရိုင်းတွေ"

"ပြေး . . . ပြေးကြ"

စုမှုပင် ဒရောသောပါးနှင့် အကြောက်အကန်ပြေးကုန်ကြသည်။ ကုလားဖြူဗိုလ်မှူးသည် ပြေးရင်းပင်လျှင် နောက်ကိုပြန်လှည့်ကာ အမဲလိုက်သေနတ်ကြီးဖြင့် ချိန်မိချိန်ရာ ချိန် ရမ်းယမ်းပြီးတော့ ပစ်ထည့်လိုက်သည်။

"ဒိုင်း"

ကျည်ဆံက ဘယ်ကိုရောက်သွားမှန်းပင်မသိ။ ဆင်အုပ်ကြီးက သုံးဖက်ညှပ်ကာ တဝုန်းဝုန်းနှင့် ပြေးလိုက်လာနေကြသည်။ ခြေသံများက တစ်တောလုံးကို တုန်ဟည်းလျက်ရှိနေသည်။ သို့သော် လူအချို့သည် လွတ်မြောက်သွားခဲ့ကြသည်။ အချို့ကား ဆင်ရိုင်းအုပ်ကြီး၏ကြားမှာ ပိတ်မိသွားခဲ့ကြလေသည်။

"ဟာ . . . ငါ . . . ငါတို့ ပြေးလို့မလွတ်တော့ဘူး"

ကုလားဖြူဗိုလ်မှူးလည်း ပိတ်မိခံရသည့်အထဲမှာ ပါသွားခဲ့သည်။ တောဆင်ရိုင်းကြီးများသည် တွေ့သမျှလူကို နှာမောင်းကြီးများဖြင့် မွှေ့ရစ်ကာ လွှဲယမ်း၍ ပေါက်ပစ်သည်။

"အား"



www.burmeseclassic.com

www.burmeseclassic.com



အချို့ဆင်ရိုင်းကြီးများ၏အောက်ကို ရောက်သွားခဲ့ကြပြီး နင်းချေခြင်းခံလိုက်ကြရသည်။

"အား"

လဲကျနေကြသော ကုလားဖြူများကို အစွယ်နှင့်ဖိသိပ်ပြီး ထိုးကြသလို ဆင်အုပ်ကြားထဲ ပြေးလွှားနေကြသူများလည်း တစ်ကောင်ပြီး တစ်ကောင် နင်းချေခံကြရသည်။ အစအနပင်မကျန်အောင် ပျောက်ပျက်သွားခဲ့ကြရသည်။ ထိုစဉ် ခေါင်းဆောင်ဆင်ရိုင်းမကြီးသည် ကုလားဖြူဗိုလ်မှူး၏ရှေ့မှာ ဘွားခနဲဆို ပေါ်လာခဲ့သည်။

"ဟာ" "အမလေး"

ကုလားဖြူဗိုလ်မှူး၏ငယ်သံပါအောင် အော်လိုက်သောအသံက ထွက်ပေါ်လာသည်။ သူ့ကိုယ်လုံးသည် ဆင်ရိုင်းမကြီး၏ နှာမောင်းထဲတွင် မြောက်ခနဲဆို ပါသွားခဲ့လေ၏။

❖ ❖ ❖



## အခန်း ( ၁၁ )
## အလွမ်းပြေဂူဆီသို့

ဆင်ရိုင်းများ၏ရန်မှ လွတ်မြောက်လာကြသူ လူနည်းစုတွင် ဆိုးကြီးဦးဖိုးခက်နှင့် စကားပြန်မောင်သင့်လည်း ပါသည်။ မျက်နှာဖြူ ဗိုလ်မှူးနှင့် သူ့လူအများစုကတော့ ပြန်ရောက်မလာကြတော့ပါ။ ရွာစံမှဆိုး ခင်ဦးနှင့် ရွာသားအချို့လည်း သတင်းအစနပင် မရရှိကြတော့။ သူတို့ ပြောပြကြသည့်သတင်းကို ကြားရသူများမှာ အံ့သြထိတ်လန့်သွားခဲ့ကြသည်။ မိမိတို့၏နားကိုပင် မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွားခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုကိစ္စအတွက် အထက်ကို တင်ပြကြရာ . . .

"ဒီကိစ္စအတွက် အရေးတကြီးစုံစမ်းစစ်ဆေးမှုပြုလုပ်ပါ"

ကုလားဖြူများသည် သူတို့လူတွေ လုံးဝပြန်ရောက်မလာကြ လုံးဝပျောက်သွားခဲ့ကြသည့်အတွက် မသင်္ကာဖြစ်သွားခဲ့ကြသည်။ မတေ မနပ်လည်း ဖြစ်သွားခဲ့ကြသည်။ စကားပြန်မောင်သင့်နှင့် မုဆိုးကြီးဦးဖိုး ခက်ကို စစ်ဆေးကြရာ . . .

"မောင်မင်းတို့က ကျုပ်လူတွေကို သေတွင်းထဲပစ်ထားခဲ့ကြ တယ်။ ကိုယ်လွတ်ရုန်းပြီးတော့ ထွက်ပြေးခဲ့ကြတာ။ ဘာကြောင့်လဲ"

"ကျုပ်တို့ ကိုယ်လွတ်ရုန်းပြီးတော့ ပြေးခဲ့ကြတာ မဟုတ်ပါဘူး ဆင်ရိုင်းအုပ်ရဲ့ပရိယာယ်ကို ရိပ်မိလို့ အတန်တန် သတိပေးပါတယ်။ ဒါ ခေါင်းဆောင်ဗိုလ်မှူးက မနာခံပါဘူး။ အန္တရာယ်ရှိမှန်းသိနေလျက်နဲ့ ဖွတ် တိုးပြီး ဝင်သွားခဲ့တာပါ"

ဦးဖိုးခက်၏စကားကို စကားပြန်မောင်သင့်က တစ်ဆင့်ပြန်ပြီး တော့ ရှင်းပြသည်။ ဦးဖိုးခက်သည် ဆင်ဖြူလေးအကြောင်းကို လျှို့ဝှက် ထားရန်ကြံသော်လည်း လွတ်မြောက်လာသူထဲမှ ကပြားတစ်ဦးက ဖော် ကောင်လုပ်လိုက်သဖြင့် အထက်က သိသွားခဲ့ကြလေပြီ။

ဆင်ဖြူလေးဆို၍ စိတ်ဝင်စားသွားခဲ့ကြသည်။ သို့သော် ကျွေ





ဖြစ်ကြသလိုမျိုးတော့ မဟုတ်ကြ။ သူတို့ချင်း အတွင်းကြိတ် ကြိတ်ပြီး တော့ ကြံနေကြလေသည်။ နောက်ဆုံးမှာတော့ အဖြေထွက်လာခဲ့သည် တောဆင်ရိုင်းများနှင့် ပက်ပင်းတိုးပြီး သူတို့လူတွေပျောက်ဆုံးသွားခဲ့ ကြသည်ဆိုသောကိစ္စ

ထိုနေရာဆီသို့ ကွင်းဆင်းပြီးတော့ စစ်ဆေးကြမည်တဲ့။ ဤသို့ ဆိုလျှင် သူတို့ရည်းပဲသွားကြမှာမဟုတ်။ ရွာခံ၊ ဒေသခံများကပါပါကြဦး ည်။ ထို့ကြောင့် အားလုံးစိတ်မချမ်းမသာဖြစ်နေကြရသည်။ တကယ် တော့ ကုလားဖြူများသွားချင်ကြသေ အဓိကအကြောင်းအချက်သည် ဆင်ဖြူလေးကိစ္စပင် ဖြစ်သည်။

"မဟုတ်မှလွဲရော ဆင်ဖြူလေးရှိတယ်ဆိုတဲ့ အကြောင်း ကြောင့်ပဲဖြစ်ရမယ်။ သင်းတို့ဆီမှာ ဆင်ဖြူတိုတာ မပေါ်တတ်ဘူးကွ။ မှာက ထေရဝါဒနိုင်ငံဖြစ်တဲ့အတွက် သူတော်ကောင်းတွေ ပေါ်များတဲ့ အတွက် ဆင်ဖြူရတနာဆိုတာ ပေါ်ပေါက်လာတတ်တယ်။ ဒီကုလားဖြူ တွေက ဆင်ဖြူလေးကို အမိဖမ်းပြီး သူတို့နိုင်ငံကို အပါခေါ်သွားချင်တဲ့ သဘောပဲ"

တော်ရုံလူများသည်ပင် ကုလားဖြူတို့၏အရိုးကို သိကြသည်။ တောထဲကို နောက်တစ်ကြိမ်ဝင်ကြမည့်အချိန်တွင် မုဆိုးကြီး ဦးဖိုး



www.burmeseclassic.com

www.burmeseclassic.com



ခက်ကို ရှာမတွေ့ကြတော့၊ မည်သည့်အရပ်ကို ထွက်သွားမှန်းပင် မ... လိုက်ကြ။ တကယ်တော့ ဦးဖိုးခက်သည် သူ့ကိုလည်းအပါခေါ်မည်ကို... ထားသည်။ မလိုက်လို၊ ဆုံးဖြတ်ချက်ချထားပြီးဖြစ်သည်။

"ဆင်ဖြူဆိုတာ တိုင်းပြည်ရဲ့ရတနာတစ်ပါးကွ။ ဒီကုလားဖြ... တွေနဲ့ ဘာဆိုင်လို့လဲ။ သင်းတို့က ဘုရားမှန်း တရားမှန်းမသိ၊ သူတစ်... ရဲ့ယဉ်ကျေးမှုဓလေ့ထုံးစံမှန်း နားမလည်။ ဘုန်းကြီးကျောင်း ပရိုက်... တောင် ဖိနပ်စီးပြီးတော့ ဝင်ကြတာတွေ။ သင်းတို့နဲ့ မထိုက်တန်ဘူ... လားလားမှမအပ်စပ်ဘူး။ သင်းတို့ရဲ့အလိုဆန္ဒအတွက် အားပေးအ... မြှောက် မလုပ်နိုင်ဘူး"

ဟုဆိုကာ ခြေရာဖျောက်ပြီးတော့ တစ်နေရာကို ထွက်သွား... လေသည်။ ကုလားဖြူများကား စိတ်မလျှော့၊ နီးရာလမ်းပြ မုဆိုးအချို့... ကို မဖြစ်ဖြစ်သည့်နည်းဖြင့် အဓမ္မခေါ်သည်။ လူအင်အား လက်န... အင်အားဖြင့် ရိုးမတောကြီးထဲသို့ ဝင်ကြသည်။ သို့သော် ဆင်ရိုင်းများ... မှန်း၍ သတ်ဖြတ်ထားခြင်းခံထားကြရသော သူများ၏ ရုပ်ကြွင်းများကိုသ... တွေ့လိုက်ကြရသည်။

ထိုသူတို့ကို ကောင်းစွာသင်္ဂြိုဟ်ခဲ့ပြီး ဆင်ဖြူလေးကို တွေ့... တွေ့ဖြား တောနင်းပြီးတော့ ရှာကြပြန်သည်။ ဆင်ဖြူလေးကိုလည်...





...တွေ့၊ ဆင်အုပ်ကိုလည်းမတွေ့၊ ဆင်တစ်အုပ်လုံး ခြေရာဖျောက်သွားခဲ့ ...ကြပြီဟု ထင်ကြရလေသည်။ သို့သော် ဆင်ဖြူလေး၏သတင်းကိုသာ ...ဆက်လက်နားစွင့်ရင်း အခြေအနေကို စောင့်နေကြလေသည်။

■

ခုတလောတွင် ကောင်းရေတစ်ရာနီးပါးရှိသော တောဆင်ရိုင်း ...အုပ်စုသည် ရိုးမတစ်ခွင် ပြုံပြစ်အောင်သွားလာလျက်ရှိသည် ဟူသော ...သတင်းကို ရသည်။ သို့သော် ထိုဆင်အုပ်စုသည် ယာခင်း၊ စိုက်ခင်းထဲသို့ ...ဝင်ကာ စားသောက်ကြခြင်း၊ ဖျက်ဆီးကြခြင်းတို့မရှိကြ။ အကြောင်း တစ်စုံ ...တစ်ရာကြောင့် သွားလာနေကြသည်ဟုပဲ မှတ်ချက်ချနေကြရသည်။

"ဆင်ရိုင်းမကြီးက ခေါင်းဆောင်ကွ။ သူတို့ကိုကြည့်ရတာ ...တစ်ခုခုကို ရှာဖွေနေကြတဲ့ပုံပဲ။ ဘယ်သူ့ကိုမှလဲ ဒုက္ခမပေးဘူး။ ရွာနားကို ...တော့ ကပ်လာတတ်ကြပေမယ့် သူ့ဘာသာသူ ပြန်ပြီးတော့ ထွက်သွား ...တတ်ကြတာပဲ"

ဆင်အုပ်ကြီး၏အခြေအနေကို အကဲခတ်မိကြသောလောက်တစ် ...ချို့ပြန်ပြီးတော့ ပြောပြကြသည်။

ဆင်ကျွမ်းကျင်သူများ၏အဆိုအရ . . .



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဟာ တစ်ခုခုကိုရှာဖွေနေကြတာ။ သူတို့ကို အနှောင့် အယှက်ပေးသွားကြတဲ့သူတွေကို ရှာနေကြတာလား။ ဒါမှမဟုတ် ဆင် သားငယ်တစ်ကောင်ကောင် ပျောက်လို့ ရှာနေကြတာလား။ အဲ အကြောင်းနှစ်ခုထဲက တစ်ခုတော့ ဖြစ်နိုင်တယ်"

ထင်ကြေးပေးသလိုလည်းဖြစ်နိုင်သည်။ တစ်ညတွင် ငုက် ရှာနှင့် မနီးမဝေးရှိတောအုပ်ဆီကိုမည်းမည်းသဏ္ဍာန်များသည် ချဉ်းက လာခဲ့ကြသည်။ တောဆင်ရိုင်းအုပ်စုပင်ဖြစ်ကြသည်။ ရှေ့ဆုံးမှ ဦးဆော လာသူသည် တောဆင်ရိုင်းမကြီးပင်။ အတူပါလာကြသော ဆင်ရိုင်းမျာ သည် ဟိုတစ်ကောင် ဒီတစ်ကောင် ခွဲထွက်သွားကြကာ တစ်ခုခုကို ရှာ နေကြဟန်ရှိကြသည်။

ယင်းတောတန်းနှင့် မနီးမဝေးမှာရှိနေကြသော တဲများဆီ လူများသည် မည်းမည်း မည်းမည်းနှင့် တောဆင်ရိုင်းများကို မသဲမကွဲ မြင်နေကြရသည်။ သူတို့သည် ယာစောင့်တဲများဆီကပင် ...

"ဟာ ... တောဆင်ရိုင်ကြီးတွေကွ။ ကောင်ရေမနည်းဘူ ဒီဘက်ကို ကွဲပြီးတော့ ရောက်လာခဲ့ကြတာ။ ဘာသဘောလဲမသိဘူး"

"အေး ... ငါတို့ယာခင်းထဲကိုဝင်ပြီးတော့ဖျက်ဆီးကြရင်တော ဒုက္ခပဲ"





"လူတွေကိုပါ ဒုက္ခပေးနိုင်တယ်ကွ"

တဲသုံးလေးတဲမှ လူများသည် အကာအကွယ်တစ်နေရာမှာ နားခိုပြီးတော့ ချောင်းမြောင်းနေကြသည်။ အခြေအနေမဟန်လျှင် ရွာ ဘက်ဆီကို ပြန်ပြေးကြရန်ဖြစ်သည်။ သို့သော် တော်တော်လေးအကြာ တွင် တောဆင်ရိုင်းမကြီးဦးဆောင်သော ဆင်ရိုင်းအုပ်စုသည် တစ်နေရာ ကိုထွက်ခွာသွားခဲ့ကြလေသည်။ ထိုအခါကျမှပင် သက်ပြင်းချမိကြရလေ တော့သည်။

အလားတူပင် နောက်သုံးရက်လောက်အကြာမှာ တောဆင် ရိုင်းအုပ်စုသည် ပုတ္တလေးတို့နေထိုင်သော ကုသိုလ်ရွာနှင့် မနီးမဝေးရှိ ယာခင်းတောကြီးထဲကို ရောက်လာကြသည်ဟု သတင်းရသည်။ တော ဆင်ရိုင်းမကြီး ဦးဆောင်သော ဆင်ရိုင်းအဖွဲ့ကြီး ရောက်လာသည့်အချိန် မှာ ညနေစောင်းလောက်မှာပင် ဖြစ်သည်။ ညမိုးချုပ်မှောင်ခါနီးမှာမှ ထိုနေရာကို ထွက်သွားခဲ့ကြလေသည်။

■

ဤနယ်ကြောတစ်ဝိုက်မှာတင် မဟုတ်သေး။ အခြားသော နေရာများတွင်လည်း ကောင်ရေတစ်ရာပါ ဆင်ရိုင်းအုပ်စု နှစ်စုကို တွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲသွားလာကြသူများက အမှတ်မထင် တွေ့ကြရသေးသည်၊ ကုလားဖြ
များနှင့်အတူ တောထဲကိုရောက်ဖူးသွားခဲ့ကြပြီး ဆင်ရိုင်းများနှင့် ပက်ပင်
တိုးမိခဲ့ကြသူများကတော့ ဤသို့ ထင်ကြေးပေးကြသည်။

"အဲဒီဆင်အုပ်စုတွေက ဟိုခေါင်းဆောင်တောဆင်ရိုင်းမကြီး
လွှတ်ထားတဲ့ ဆင်ရိုင်းတွေပဲဖြစ်ရမယ်၊ ကြည့်ရတာ မဟုတ်မှလွဲရော
ဆင်ဖြူကလေးကို ရှာနေကြတာများလား။ တခြားအကြောင်းကြီးငယ်မ
ဘဲ ရွာတွေအနားအထိ အတင့်ရဲပြီးတော့ ကပ်ကြမှာ မဟုတ်ဘူး"

"ဖြစ်နိုင်တယ်။ ဟို . . . ဆင်ရိုင်းမကြီးခေါင်းဆောင်တဲ့အုပ်
တစ်စုမှာလည်း ဆင်ဖြူလေးပါမလာဘူးတဲ့။ ဒီခေါင်းဆောင်ဆင်ရိုင်းမကြီး
သာ ဟုတ်ရိုးမှန်ခဲ့ရင် ဆင်ဖြူလေးသည် ပျောက်နေတာအမှန်ပင်၊ အဖမ်း
ခံလိုက်ရတာတော့ မဖြစ်နိုင်ဘူး။ အဲဒီနေ့က ကုလားဖြူတွေနဲ့အတူ တော
ထဲမှာ ဆင်တွေလိုက်လို့ ပြေးလွှားနေကြရတယ်လေ။ အဲဒီတော့ ဆင်ဖြ
လေးလည်း လန့်ပြီး တစ်နေရာရာကို ထွက်ပြေးသွားတာပဲ ဖြစ်မှာပေါ့"

"အေး . . . ငါတို့အထင်က မလွဲနိုင်ဘူး။ ဒါပေမဲ့ ဒီစကားတွေ
ကုလားဖြူတွေမကြားဖို့ အရေးကြီးတယ်၊ ဒီကောင်တွေက အမဲလိုက်
ခွေးတွေလိုပဲ။ ဆင်ဖြူလေးနဲ့ပတ်သက်ပြီးတော့ အနံ့ခံနေကြတာ။ တော
ကြာ သတင်းရသွားပြီး ဆင်ဖြူလေးကို တောထဲ တောက်လျှောက်လို





ရှာနေကြဦးမယ်"

ဆင်ဖြူလေးကို ကုလားဖြူတွေ ဖမ်းမိသွားမှာစိုးရိမ်နေမိကြ
သည်။ ကိုယ့်မင်းကိုယ့်ချင်းနှင့်သာ နေရလျှင် မိမိတို့၏ပြည့်ရှင်မင်း အရှင်
သခင်အတွက်သာလျှင် ဖြစ်ရမည်မဟုတ်ပါလား။

■

ကုသိုလ်ရွာသားများသည်လည်း မိမိတို့နှင့် အနီးကပ်ဆုံးဖြစ်
သော ဥဒေါင်းတောကြီးထဲအထိ တောဆင်ရိုင်းများ ဝင်ရောက်လာကြ
သည်ဟူသောသတင်းကို ရထားပြီးသား၊ ကြားပြီးသားဖြစ်ကြသည်။ အချို့
ဆိုလျှင် တောနက်ထဲတွင် ဆင်ရိုင်းအချို့ကိုပင် တွေ့ခဲ့ကြရသေးသည်။
တောဆင်ရိုင်းများသည်လည်း လူကိုမြင်တွေ့ကြသည်။ သို့သော် ရန်
မျှောကြ။ အကဲခတ်ကာ စောင့်ကြည့်နေကြသော အနေအထားမျိုး
လောက်ပဲရှိကြသည်။ ကျောက်ရပ်ကြီးများပမာ ငြိမ်ပြီးတော့ ရပ်နေကြ
လေသည်။

နောက်တစ်ပတ်လောက်အကြာတွင် တောဆင်ရိုင်းများ၏
သတင်းကို မကြားကြရတော့။ ပျောက်ကွယ်သွားခဲ့ကြပြန်လေသည်။
တစ်ရက်တွင် . . .



www.burmeseclassic.com

www.burmeseclassic.com



ပုတ္တလေးသည် နေ့လယ်လောက်ကတည်းက အိမ်မှ ထွက်သွားခဲ့လေသည်။ ခါတိုင်းဆိုလျှင် အိမ်ကိုပြောသွားသည်။ ထိုနေ့ကတော့ ဘာမှမပြောဘဲ အိမ်မှငြိမ်သက်စွာပင် ထွက်သွားခဲ့ခြင်းသာ။ ပုတ္တလေး အိမ်မှထွက်သွားသည်ကို မိဘနှစ်ပါးပင် မသိလိုက်ကြပေ။ ထိုအချိန်တွင် ပုတ္တလေးသည် တောထဲကိုပင် ရောက်နေလေပြီ။ ယင်းတောကား ဥဒေါင်းတောကြီးပင်တည်း။

တကယ်တော့ ပုတ္တလေးသည် ဘိုးစကြာကို သတိရ၍ မနေနိုင်လွန်းသည်ဖြစ်သောကြောင့် အိမ်မှထွက်လာခဲ့ခြင်းပင်ဖြစ်၏။ ဘိုးစကြာသည် သူနှင့်ခွဲသွားခဲ့သည်မှာ ကြာပြီဖြစ်သည်။ တစ်ဖန် ပြန်ဆုံနိုး လာရောက်နိုးနှင့် မျှော်လင့်နေခဲ့ရသည်။ တောဆင်ရိုင်းများ ဥဒေါင်းတောထဲမှာ ရောက်နေကြသည်ဟူသော သတင်းကြောင့် ဘိုးစကြာကို ပိုပြီးတော့ သတိရသွားခဲ့ခြင်းပင်။

ဒီတစ်ခါတော့ တောသို့အဝင်တွင် ပုတ္တလေး သတိထားတတ်လေပြီ။ သူ့နောက်မှ နောက်ယောင်ခံပြီးလိုက်မည့်သူ ရှိ၊မရှိ စူးစမ်းတတ်လာခဲ့သည်။ ယခင်ကဆိုလျှင် မိမိကိုယ်ကိုပင် ဂရုမစိုက်ခဲ့၊ အကျိုးအကြောင်းဆင်ခြင်တတ်ရန် ဉာဏ်မမီခဲ့။ ယခုတော့ ရှေ့ကြောင်း နောက်ကြောင်းကိုပင် စဉ်းစားတတ်လာခဲ့လေပြီ။





သူ့နောက်ကို နောက်ယောင်ခံပြီးတော့ လိုက်တတ်ကြသည့် တ်သိုးနှင့်ကြောင်ခိုတို့သည်ပင် ရွာထဲမှာ သိပ်မရှိတတ်ကြတော့။ ရပ်ဝေး သွားပြီး အလုပ်လုပ်နေကြသလိုလို ဘာလိုလို သူတို့နှင့်ပတ်သက်ပြီး တော့ ဘာမှမသိရတော့။

ဘိုးစကြာနေသောနေရာကို မည်သူမှမသိကြသော်လည်း ပုတ္တ လေးကတော့ သိနေသည်။ ထိုနေရာကိုမည်သူမှမရောက်နိုင်သော်လည်း ္တလေးကတော့ အခက်အခဲမရှိဘဲ ရောက်နိုင်သည်။ လမ်းမဟုတ်သော မ်းမှ သွားရိုးသွားစဉ်အတိုင်း သွားသည်။ နှစ်အတန်ကြာခဲ့သော်လည်း ိုလမ်းကို မမေ့။ အမှတ်သညာထဲတွင် အမြဲပင်ရှိနေလေသည်။ ့မဟုတ် ထိုလမ်းသည် ပုတ္တလေးအတွက် အမြဲပင်ဖြစ်ပေါ်နေတတ် ည်။

သို့သော် သူ့အမြင်မှာ အပင်ကြီးတွေက ပိုပြီးတော့ ကြီးမားလာ လို တောသည် ပိုပြီးတော့ ထူထပ်လာသလို ထင်ရသည်။ မြေပြင်မှာ ည်း အောက်ပေါင်းတွေ ပိုပြီးတော့ ရှုပ်ထွေးလာခဲ့သည်၊ ထူးခြားချက် တော့ ဤတစ်ခုပင်။ ယခင်ကတော့ သူသွားနေကြလမ်းက အမြင်ပင် လင်းနေသည်။ နှစ်တွေကြာလာခဲ့သည့်အလျောက် ကွာခြားချက် ကာ ရှိနေခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က ပုတ္တလေး ဘိုးစကြာဆီကို မကြာ မကြာ သွားခဲ့စဉ်မှာ လမ်းက ရှုပ်ထွေးခြင်းမရှိခဲ့၊ အစဉ်ရှင်းလင်းနေခဲ့သည်။ မည်သူမှ မရှင်းသဲ သူ့အလိုလိုရှင်းနေသည်ပင်၊ ပုတ္တလေးလည်း အသွားအလာမရှိရေ လမ်းက ပျောက်မတတ်ပင် ရှုပ်ထွေးသွားခဲ့သည်။ အံ့အားသင့်စရာပင် သို့သော် ပုတ္တလေးကား လမ်းကို မမေ့။ သူ့အတွက်လမ်းမပျောက်ခဲ့ နောက်ဆုံးမှာတော့ ဂူဆီကို ရောက်သွားခဲ့သည်။

ထိုအခါကျမှ ပုတ္တလေးသည် ရင်ထဲမှာ ဟာသွားခဲ့ရသည် အကြောင်းမှာ ခါတိုင်းဆိုလျှင် ဘိုးစကြာသည် ဂူဝမှာသော်လည်းကောင်း ဤအနီးတစ်ဝိုက်မှာသော်လည်းကောင်း ရှိနေတတ်သည်။ သူ့ကို စာသင် ပေးရန်၊ ဆုံးမစကားပြောကြားရန်၊ ဆေးပြာကျွေးရန် စောင့်ဆိုင်းနေခြင်း ပင် ဖြစ်သည်။ ယခုတော့ ဘိုးစကြာလည်းမရှိ။ သူ့ကိုခင်မင်တွယ်တာ ကြသော ဒေါင်းတွေကိုလည်း မမြင်။

ဂူထဲမှာလည်း ဘိုးစကြာနှင့်ပတ်သက်ပြီး မည်သည့်အသ အဆောင်ပစ္စည်းမှမရှိတော့။ အားလုံးဟာလာဟင်းလင်း အခွံသက်သ ရှိတော့သော ဂူကြီးကိုကြည့်ပြီး ကလေးတစ်ယောက်ပမာ ရှုံးချပြီးတ ငိုမိသည်။

"ဘိုးဘိုးကို သတိရလို့လာခဲ့တာ။ ဘိုးဘိုး ဘယ်ရောက်





သလဲဗျာ ... ဟီး"

ဝမ်းနည်းမှုကို မထိန်းနိုင်တော့။ ရှိုက်၍ရှိုက်ကာ ငိုသည်။ နဂိုက ဘျပ်မပြည့်သူမို့ ရှက်ရကောင်းမှန်းလည်း မသိ။ မည်သူ့ကိုလည်း ရှက်ရပါ မည်လဲ။ ငို၍ဝသောအခါ ဂူထဲမှာပင် စိတ်ပန်းလူပန်းနှင့် အိပ်ပျော်သွားခဲ့ လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )
## ကယ်တင်ခြင်း

မည်မျှကြာအောင် အိပ်ပျော်သွားခဲ့သလဲမသိ။ နိုးလာသော အခါနေဝင်ပြီးစဖြစ်ပြီး မိုးပင်ချုပ်တော့မည်။ ဂူထဲတွင် ဘိုးစကြာမရှိသော်လည်း မိမိအချိန်များစွာနေလိုက်ရသည့်အတွက် ကျေနပ်သွားမိသည်။ အိမ်သို့ပြန်ရန် ဂူမှထွက်လာခဲ့လေသည်။ တောထဲကို ပြန်ပြီးတော့ ဝင်စဉ်မှာပင်လျှင် ...

"ဂျိမ်း ... ဂျိမ်း ... ဂျိမ်း"

မိုးခြိမ်းသံများက ထွက်ပေါ်လာခဲ့သည်။ ချက်ချင်းမှာပင် မိုးမှောင်ကြီးကျလာခဲ့လေသည်။ လျှပ်နွယ်တွေကလည်း တိမ်သားမည်းမည်းကြီးတွေက လင်းခနဲ၊ လက်ခနဲ၊ ပြိုးခနဲ၊ ပြက်ခနဲဆို ထွက်ပေါ်လာခဲ့ကြ





လေ၏။ မိုးရွာတော့မည့်လက္ခဏာများပင်တည်း။ သို့သော် ပုတ္တာလေးကား မိုးခြိမ်းသံကိုလည်း မကြောက်၊ လျှပ်စီးလက်သည်ကိုလည်း မမှု၊ မိုးရွာတော့မည်ဟုသိသော်လည်း ဂရုမစိုက်။

"ဝူး ... ဟူး ... ဟူး"

"ဖရဲ ... ရှဲ ... ရှဲ"

လေကတိုက်လာသည်။ သစ်ပင်ကြီးငယ်တို့က ယိမ်းထိုးသွားခဲ့ကြသည်၊ သစ်ကိုင်းတွေ ဖျိုးဖျိုးဖျစ်ဖျစ်နှင့် မြည်သွားခဲ့ကြသည်။ သို့သော် ပုတ္တာလေးကား မှောင်ရီရီထဲမှာ တောတိုးပြီး လျှောက်လှမ်းနေဆဲ။

မကြာမီ ...

"ဝေါ ... ဝေါ ... ဝေါ"

လေရော မိုးပါ အော်ပြီးတော့ ဝင်လာပြီး အုံးအင်းသရောဖြင့် ရွာချလိုက်ပါလေတော့သည်။ သစ်ပင်များပေါ်မှ ကျလာခဲ့ကြသော မိုးရေများသည် ပုတ္တာလေးကို ချက်ချင်းပင်စိုရွှဲသွားစေခဲ့လေတော့သည်။ သို့သော် ပုတ္တာလေးသည် ခံစားချက်မရှိသလို မိုးရေထဲမှာပင် အေးဆေးစွာ ဝင် လျှောက်သွားနေလေတော့သည်။

"ဂျိမ်း ... ဂျိမ်း ... ဂျိမ်း"

နားကွဲမတတ်ထွက်ပေါ်လာသော မိုးခြိမ်းသံကြီးက မြေပြင်



www.burmeseclassic.com

www.burmeseclassic.com



သည်ပင် တုန်ဟည်းသွားခဲ့လေသည်။ လျှပ်တွေကလည်း တဖျစ်ဖျစ်နှင့် မိုးကောင်းကင်ကြီးကို လက်သည်းချွန်ကြီးများဖြင့် ကုတ်ခြစ်နေသည့်ပမာ အစင်းကြောင်းကြီးများပင် ထွက်ပေါ်လာခဲ့ကြသည်။ ဒီအထဲ တစ်ချက်တစ်ချက်မှာ မိုးသက်လေပြင်းကလည်း ဝှေ့ယမ်းလိုက်သေးသည်။

"ဂျိမ်း . . . ဂျိမ်း . . . ဂျိမ်း . . . ရွှင်"

ထိုစဉ် . . .

ပို၍ကျယ်လောင်သော မိုးခြိမ်းသံကြီးထွက်ပေါ်လာပြီး ချက်ချင်းမှာပင် ချွင်ခနဲဆိုမိုးကြိုးလက်နက်က တစ်နေရာကို ပစ်ချလိုက်လေသည်။ သို့တိုင် ပုတ္တလေးကား အနည်းငယ်မှ တွန့်သွားခြင်းမရှိ။ ခြေလှမ်းကမပျက်။ လှမ်းချင်ရာကို လှမ်းနေဆဲ။

ထို့ကြောင့်ပင်ထင်သည် မူလလာခဲ့သည့်လမ်းကြောင်းမှ မသိမသာ သွေဖီသွားခဲ့လေသည်။ ဆိုရလျှင် လမ်းလွဲသွားခဲ့ခြင်းပင်။ ဆိုးဆိုးရွားရွားကြီးတော့ မဟုတ်ပါ။ ကုသိုလ်ရွာသို့သွားသည့်လမ်းအတိုင်း မဟုတ်ဘဲ တစ်နေရာကိုရောက်သွားခဲ့ခြင်းပင်။ တောအုပ်အပြင်ဘက်ကို ရောက်သွားခဲ့တော့မှ သတိပြုမိသွားခဲ့သည်။

"ငါ . . . ဘယ်ကိုရောက်လာခဲ့ပါလိမ့်"

ထိုအခါ ရွာနှင့်ဝေးသောနေရာကို သူ ရောက်လာခဲ့မှန်း သိသွား





ခဲ့ရလေသည်။ သို့သော် စိတ်လှုပ်ရှားမှုမဖြစ်ဘဲ ဆက်ပြီးတော့ လျှောက်လှမ်းနေဆဲ။ ကြာတော့ မိုးရေထဲမှာ လျှောက်နေရသည်ကိုပင် ပျော်သလိုဖြစ်လာမိသည်။ ဝံအော်နွံအိုင်ကြီးဘက်ဆီကို သူ ရောက်မှန်းမသိ ရောက်လာခဲ့သည်။ သို့ပေမင့် သူ ရောက်နေသောနေရာနှင့် အနည်းငယ် အလှမ်းဝေးနေပါသေးသည်။

ထိုစဉ် . . .

မိုးသံ၊ လေသံတွေ ကြားထဲမှာ အသံတစ်မျိုးကို ကြားလိုက်ရသလိုပင်။ အသံတစ်မျိုးဟု ဆိုလိုက်သည်က သူ တစ်ခါမှ မကြားဘူးသော ထူးခြားသည့်အသံမျိုးကို ဆိုလိုရင်းပင်ဖြစ်သည်။ ညည်းညူသံလိုလို၊ ဆွဲဆွဲငင်ငင်နှင့် ကြားနေရခြင်းပင်။ မိုးသံ လေသံများကြောင့် အာရုံထင်မှားခြင်းလားဟု တွေးမိလိုက်သေးသည်။ ထို့ကြောင့် ဆက်ပြီးတော့ လျှောက်သွားသည်။

သို့တစေ ညည်းညူသံသည် သူ့နောက်က လိုက်ပါလာသလိုပင်။ မိုးလေသံများကြားမှ တမူထူးပြီးတော့ ထွက်ပေါ်လာခြင်းပင် ဖြစ်သည်။ ဤနားတွင် ဝံအော်နွံအိုင်ကြီးရှိသည်။ တစ်ခါက ဝက်ဝံကြီးတစ်ကောင်သည် မုဆိုးများလိုက်၍ တောထဲမှပြေးလာခဲ့သည်။ ဤနေရာကို ရောက်သော် နွံအိုင်ကြီးရှိနေမှန်း မသိ၍ ဆက်ပြီးပြေးသွားခဲ့သည်။ ဤသို့



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် နှံ့နှစ်ခဲ့လေသည်။

ညဘက်မဆိုထားနှင့် နေ့ဘက်မှာပင်လျှင် နွံအိုင်ကြီးမှန်းမ ရ။ လူတွေက သိထား၍ ရှောင်ကွင်းသွားကြသော်လည်း တိရစ္ဆာန်များ မကြာခဏနစ်တတ်ကြလေသည်။ နောက်ပိုင်းမှာတော့ မကြာခဏ န တတ်ကြလေသည်။ နောက်ပိုင်းမှာတော့ ရွာသုံးလေးရွာ စုပေါင်းပြီ အကာအရံများပြုလုပ်ထားကြရသည်။ သို့ပင် ဂရုစိုက်ထားသည့်အထဲ ခတ်ထားသည့်စည်းရိုးပျက်ကာ နွံအိုင်ကြီးထဲကို ကျသွားတတ်ကြသေ သည်။ သို့တိုင် ကျသွား၍ နှံ့နှစ်သွားသော တိရစ္ဆာန်ကို မည်သူကမှ မကယ် ဝံ့ကြပါ။ ကယ်လည်း မကယ်နိုင်ကြပါ။ ထိုကဲ့သို့သော နွံအိုင်ကြီးမျိုး ရိုးမ၏ တောတွင်းတစ်နေရာမှာလည်း ရှိသည်ဟုဆိုသည်။ နေရာ အသေအချာမသိကြ။ တစ်ခါတစ်ရံမှသာ ဘွားခနဲဆို ပေါ်လာတတ်သည် ထိုဒေသမှလူများသည် "သားရဲတွင်းကြီး" ဟု ခေါ်ကြသည်။

သားရဲတွင်းကြီး၏ ထူးခြားချက်မှာ စိတ်ထားဖြူစင်သူ၊ စိတ်ရင် ကောင်းသူ၊ ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းသူများနှင့် မကြုံဆုံတတ် အကုသိုလ်ကံတရားများကို ကျူးလွန်ခဲ့သူ၊ ယုတ်မာသူ၊ ဆိုးသွမ်းရက်စက် သူများနှင့်သာ ကြုံတွေ့ရတတ်သည်။

ဤကား တိုက်ဆိုင်မှုလည်းဖြစ်နိုင်သည်။ ကံတရားအရလည်း





ဖြစ်နိုင်သည်။ လူတွေက ရိုးမရှိ "သားရဲတွင်းကြီး" နှင့် ကြုံတွေ့ရမှာကို သေ တတ် ကြောက်ကြသည်။ ထို့ကြောင့် တောထဲသွားသူများမှာ သတိထား နေကြရသည်။ ရတနာသုံးပါးကို မမေ့ဘဲ မပြတ်ကိုးကွယ်ဆည်းကပ်ကြရ သည်။

[ယခုတော့ ယင်းသားရဲတွင်းကြီး၏အကြောင်းကို မပြောကြ တော့ပါ။ မကြားကြရတော့ပါ။]

ပုတ္တလေးသည် ရှေ့ကိုဆက်ပြီး လျှောက်သွားသော်လည်း နိုးသံ၊ လေသံများထဲမှာ ထူးခြားသော ညည်းညူသံများကို ကြားနေရဆဲ။ ထို့ကြောင့် စိတ်ထဲတွင် သင်္ကာမကင်းစိတ်က အလိုလိုပင် ဖြစ်ပေါ်လာခဲ့ သည်။ လွန်သွားပြီးမှ နောက်ကြောင်းကို ပြန်လှည့်လိုက်သည်။ တစ်နေရာကိုအရောက်တွင် ခြေတ္တရပ်လိုက်သည်။ နားကို စွင့်မိုလိုက် သေးသည်။

သူကပဲ အာရုံခံကောင်း၍လားမသိ။ ညည်းညူသံက ပိုပြီးတော့ ထင်ထွက်ပေါ်လာသလို စိပ်လာသလို သူ ထင်မိလိုက်သည်။ တိရစ္ဆာန်တစ် ကောင်၏ ညည်းညူသံပဲဟု နွံအိုင်ကြီးထဲမှာ နစ်မြုပ်နေသည်ပဲလား။ ပုတ္တ လေး ထင်လျှင် လွဲခဲ့သည်။ သူက ထူးခြားအာရုံခံကောင်းသူ။ ဒီလိုနှင့် ဆက်ပြီးတော့ လျှောက်လာခဲ့သည်။ ဝံအော်နွံအိုင်ကြီးနှင့် ပိုမိုနီးကပ်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေပြီ။ သစ်ပင်ကြီးကြားမှ ဖြတ်ဝင်လာခဲ့သည်။ တောအုပ်အစပ်မှ ပြန်ပြီး ဝင်စပြုသည်။

ညမှောင်မှောင်မှာ တောရိပ် တောင်ရိပ်က ပိုပြီးတော့ကျသည် အတွက် တစ်ခဏတော့ မမြင်မကန်းနှင့်ဖြစ်သွားမိသေးသည်။ ထိုဝ် တဖျစ်ဖျစ်နှင့်မြည်ကာ ရုတ်တရက် လင်းလက်သွားသော လျှပ်စီးရောင် ကြောင့် မိမိရောက်နေသောနေရာကို ခန့်မှန်းမိသွားသည်။ ဝံအော်နွံအိုင် ကြီး မည်သည့်နေရာတွင်ရှိသည်ကို အတိအကျပင် သိသွားခဲ့သည်။ ထို ကြောင့် ကုန်းမော့မော့လေးအတိုင်း တက်လာခဲ့သည်။ ယင်းနေရာသည် နွံအိုင်ကြီး၏အစ ကုန်းမြင့်နေရာပင်။

"ဂျိမ်း . . . ဂျိမ်း"

မိုးခြိမ်းသံများနှင့်အတူ လျှပ်ပြက်လိုက်သည်က ဝင်းခနဲ လက် ခနဲ။ ထိုအခါ ပုတ္တလေးသည် နွံအိုင်ကြီးကို လှမ်းပြီးတော့ မြင်လိုက်သည် ရုတ်တရက် အလင်းရောင်အောက်မှာ သေချာစွာပင် ကြည့်လိုက်သည် ဘာကိုမှမမြင်ရ၊ တကယ်တော့ မိုးအချုပ်ကြီးမဟုတ်သေး။ မမှော တမှောင်အချိန်ကလေးသာ၊ တိမ်မည်းတို့ ဖုံးလွှမ်းပြီး မိုးက ရုတ်တရ ရွာချလိုက်၍ အလင်းရောင်က မပီဝိုးတဝါးဖြစ်သွားခဲ့ခြင်းသာ။

သို့သော် ညည်းညူသံက ပိုပြီးတော့ပီသလာသည်။ နွံအိုင်ကြီ





ထဲက ထွက်ပေါ်လာခဲ့သည်က အမှန်။ မလွဲနိုင်တော့။ မှောင်ရီရီထဲက မြင် ကွင်းကို ကျင့်သားရလာသောမျက်လုံးများက ပိုပြီးတော့ မြင်လာခဲ့သည်။ ၍တွင် ပုတ္တလေးသည် သင်္ဘောန်တစ်ခုကို အမှတ်မထင်လှမ်းပြီးတော့ မြင်မိလိုက်သည်။

"ဘာပါလိမ့်"

သူ့မျက်လုံးတွေကို အစွမ်းကုန်ဖြူးပြဲပြီးတော့ ကြည့်မိသည်။ မလွဲပါ။ ဖြူဖြူသင်္ဘောန်လေးတစ်ခုပင်။ ပိုပြီးမြင်နိုင်စေရန် အပင်ကြီး၏ အပိုင်းကို ညာလက်ဖြင့် ဆုပ်ကိုင်အားပြုပြီး ခါးကိုကိုင်းကာ ကြည့်လိုက် သည်။ သစ်ကိုင်းကျိုးပြီး ဝံအော်နွံအိုင်ကြီးထဲကို ကျဆင်းသွားခဲ့ရင်တော့ လွယ်။

"ဟင်"

ပုတ္တလေး အံ့အားသင့်သွားခဲ့သည်။ သူ့တွေ့လိုက်ရသည်က ဖြူသင်္ဘောန်လေးတစ်ခု။ သိလိုက်သည်က ဆင်ဖြူလေးတစ်ကောင် င်။ သိပ်တော့ မဝေး။ ငါးပေလောက်ပဲကွာမည်။ စောစောက မျက်စိ လျှမ်းနေ၍ ဖောကပ်နေ၍ မမြင်မိလိုက်ခြင်းသာ။ မျက်လုံးတွေက အဝေး ကို လှမ်းမျှော်ပြီးတော့ ကြည့်မိလိုက်သည်ကိုး။

"ဟင် . . . ဆင် . . . ဆင်ဖြူလေးတစ်ကောင်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



နွံထဲမှာ ဆင်သားငယ်လေးတစ်ကောင် နစ်နေသည်က အမှန်၊ ကျိန်းသေသည်။ မလွဲတော့ပြီ။ လျှပ်ရောင်က ထပြီးတော့ ဖြိုးပြက်လိုက်သည်။ ထိုအခါ ဆင်ဖြူလေးကို ပိုပြီးတော့ ထင်ရှားစွာမြင်တွေ့လိုက်ရသည်။ ထွက်ပြူစပြူနေသည့်အစွယ်နှစ်ချောင်းသည် အဖြူရောင်မဟုတ်ဘဲ အနက်ရောင်ဖြစ်နေသည်၊ ဆင်စွယ်နက်များဖြစ်ကြသည်၊ ဆင်ဖြူကလေးသည် ပေါင်ရင်းသို့တိုင် နွံနစ်နေပြီဖြစ်သည်။

ကြောက်လန့်တကြားနှင့် ရုန်းကန်အော်ဟစ်နေသောကြောင့် မကြာမီမှာပင်လျှင် နွံထဲသို့ စုံးစုံးမြုပ်သွားနိုင်သည်။

"ဟင် . . . ဒီ . . . ဒီကောင်လေး မြုပ်သွားတော့မှာပဲ . . . ဟော့ . . ဟော့ . . . မရုန်းနဲ့။ မရုန်းနဲ့လေ၊ ငြိမ်ငြိမ်လေးနေ၊ မင်း မြုပ်သွားလိမ့်မယ်၊ ခဏကလေးစောင့်။ ငါ . . . ငါ ပြန်လာခဲ့မယ်"

ပုဏ္ဏလေးက အလန့်တကြားဖြင့် အော်ကာ တားဆီးလိုက်သည်။ ဆင်ဖြူကလေးကတော့ သူ့စကားကို နားလည် မလည်တော့ မသိ၊ တစ်ကောင်တည်း ထိတ်လန့်နေရာက လူသတ္တဝါတစ်ကောင်ကို တွေ့သွားခဲ့သဖြင့် အားတက်သွားသည်က အမှန်၊ ပုဏ္ဏလေးသည် ထိုနေရာက လျှင်မြန်စွာပင် ပြေးထွက်သွားခဲ့သည်။

■





တစ်ခဏအကြာတွင် သူ ပြန်ရောက်လာသည်။ လက်ထဲမှာ နွယ်ကြိုးတွေက အခွေလိုက်ကြီး၊ အချိန်ကို ဆိုင်းမနေတော့ဘဲ နွယ်ကြိုးများကို သုံးပင်လိမ်ပူးကာ ကြိုးကျစ်သည်၊ မြန်လှသည်။ ချက်ချင်းပင် ပြီးသွားသည်၊ ထို့နောက် ထိပ်က ကြိုးကွင်းပြုလုပ်သည်။ ပြီးသည်နှင့် ဆင်ဖြူလေးဆီကို ပစ်လွှတ်လိုက်လေသည်။ မစွပ်မိ။ စိတ်စောနေမိသည်က တစ်ကြောင်း၊ မှန်းဆပြီးတော့ ပစ်မိရသည်ကတစ်ကြောင်းမို့ လွဲချော်သွားခြင်းသာ။

ထို့စဉ်မှာပင် . . .

"ဂျိမ်း . . . ဂျိမ်း"

မိုးခြိမ်းသံနှင့်အတူ လျှပ်ရောင်က တစ်ချက်ဖြိုးပြက်လင်းလက်လိုက်သည်၊ ယင်းအချိန်ကို အခွင့်ကောင်းယူ၍ နွယ်ကြိုးကို လွှဲကာ ပစ်သည့်လိုက်သည်၊ ဆင်ဖြူလေးဆီကို ရောက်သွားသည်။ ခေါင်းကို ကွက်တိပင် စွပ်သွားခဲ့လေသည်။

"ဟုတ်ပြီ"

ပုဏ္ဏလေးသည် သစ်ပင်ကို ခြေကန်ပြီး ကြိုးကိုဆွဲသည်။ လက်အသာနာလာသည်။ ထူးခြားမလာ၊ ဆင်ဖြူကလေးနှင့် သူက ဘယ်အားက်မှ ဝေးသည်မဟုတ်။ ခက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )
## အရင်ပုတ္တမဟုတ်တော့

ဆင်ဖြူကလေး၏ခြေထောက်များကို နွယ်များက စုပ်ယူထား

သည်။ ဒီအတိုင်းဆိုလျှင် ဆင်ဖြူလေးတစ်ကိုယ်လုံး နွံအိုင်ကြီး၏အော

ကို စုံးစုံးမြုပ်သွားနိုင်သည်။ ဆင်ဖြူကလေးသည် ပို၍ပြီးတော့ ထိတ်လ

လာဟန်တူသည်။ ပို၍ပြီးတော့ ညည်းလာသည်။ အသံထွက်အောင်

အော်လာခဲ့လေပြီ။

ပုတ္တလေးသည် သူမတူသော ခွန်အားကို ပိုင်ဆိုင်သူဖြစ်သည်





လက်မောင်းကြွက်သားတွေ ထောင်ထလာသည်အထိ နွယ်ကြိုးကို ဆွဲသည်။ ဆင်ဖြူကလေးကိုလည်း မညှာနိုင်တော့။ ထိုအခါ ဆင်ဖြူကလေးသည် ပုတ္တလေးက သူ့ကို ကယ်တင်နေမှန်းသိလာဟန်တူသည်။ သူလည်း ရုန်းသည်။ ခြေထောက်များကို ကြိုးစားပြီးတော့ ကြွသည်။

ဆင်ဖြူကလေး၏လည်ပင်းကို စွပ်ထားသောကြိုးကွင်းက နိုင်သော်လည်း နွယ်ကြိုးက မတော်တဆပြတ်သွားမည်ကို စိုးရိမ်မိသည်။ ပြီးတော့ အားစိုက်ကာ လက်နှစ်ဖက်ဖြင့် ဆွဲသည်။ သစ်ပင်ကြီးကိုလည်း ခြေကန်ထားရသေးသည်။

"အား . . . အီး"

ပုတ္တလေးမှာ အားစိုက်ရလွန်း၍ အသံပင်ထွက်ပေါ်လာခဲ့ရသည်။ ဆင်ဖြူကလေးကား တဖြည်းဖြည်းနှင့် ပါလာခဲ့လေပြီ။ ထို့ကြောင့် အားတက်လာသည်။ နွယ်ကြိုးကို တဖြည်းဖြည်းနှင့် ဆွဲယူသည်။ ပုတ္တလေး၏ခွန်အားက ဤနေရာတွင် များစွာအသုံးကျခဲ့လေပြီ။

ပုတ္တလေးသည် အနည်းငယ်မောပန်းလာသည်ဖြစ်၍ တစ်ခဏနားမည်ကြံသည်။ သို့သော် မိမိနားလိုက်လျှင် ဆင်ဖြူလေးလည်း ရုပ်သွားပြီး နွံကြီးထဲကို ပြန်ပြီးတော့ နစ်မြုပ်သွားနိုင်သည်။ ထိုအခါ နောက်ဆင် အားစိုက်နိုင်မှာမဟုတ်တော့။ ဘယ်လောက်မှလဲ မလိုတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မနားတော့။ ရှိသမျှခွန်အားများကို စုစည်းကာ အကုန်ထုတ်ပြီး
တော့ ဆွဲသည်။

မိုးသဲသဲကြားမှာ ဆင်ဖြူလေးသည် တအိအိနှင့်ပါလာခဲ့သည်။
နောက်ဆုံးမှာတော့ ခြေတစ်ဖက်က ကုန်းမြေကို ထောက်လာနိုင်ခဲ့သည်။
သို့သော် ဖြစ်ချင်လာတော့ ဆင်ဖြူကလေးသည် နောက်ခြေတစ်ဖက်ကို
မလှမ်းနိုင်တော့။ အားလျော့လိုက်ဟန်တူသည်။ အခြေအနေကိုသိသွား
သော ပုဏ္ဏေးလေးသည် နွယ်ကြိုးကိုလည်း မလွှတ်ဘဲ ဆင်ဖြူကလေးဆီသို့
တရွေ့ရွေ့နှင့် တိုးပြီးတော့သွားသည်။

အနီးကိုရောက်သွားသောအခါ ဆင်ဖြူကလေးသည် ပုဏ္ဏေးလေး
၏ခါးကို နှာမောင်းနှင့် ရစ်ပတ်လိုက်သည်။ ခြေထောက်များကို အားယူပြီး
ရုန်းကန်လိုက်သောအခါ "ဘွပ်" ခနဲဆို ခြေတစ်ချောင်းက နွံအိုင်ထဲက
လွတ်ထွက်သွားသည်။ ကုန်းပေါ်ကို တစ်ကောင်လုံးရောက်လာခဲ့လေ
သည်။ ပုဏ္ဏေးလေးသည် ဆင်ဖြူလေး၏နှာမောင်းဖြင့် ခါးကိုရစ်ပတ်ခံထား
သောကြောင့် နွယ်ကြိုးကို လက်တစ်ဖက်တည်းဖြင့် ဆွဲထားနိုင်ကာ ကျန်
လက်တစ်ဖက်က အနီးရှိအလတ်စားသစ်ပင်လေးတစ်ပင်ကို လက်
မောင်းဖြင့် ရစ်ကာ ထားရသည်။

သို့မဟုတ်က ဆင်ဖြူလေး၏နောက်ကို ပါသွားပြီး နှစ်ဦးအတူ





နွံအိုင်ထဲကို ပြန်ပြီးတော့ကျသွားနိုင်သည်။ ဆင်ဖြူလေး ကုန်းပေါ်ကို
ရောက်သွားခဲ့သည်နှင့် ပုဏ္ဏေးလေးသည်လည်း ခြေပစ် လက်ပစ်ဖြစ်သွား
ခဲ့ရလေသည်။ မိုးစက်မိုးပေါက်များက ပုဏ္ဏေးလေး၏ မျက်နှာပေါ်နှင့် တစ်
ကိုယ်လုံးအပေါ်ကို တပေါက်ပေါက်နှင့်ကျနေကြသည်။ တကယ်လည်း
မောပန်းသွားကာ ပါးစပ်ကိုဟာပြီးတော့ အသက်ရှူနေမိသည်။ ဆင်ဖြူ
လေးကိုပင် သူမကြည့်နိုင်တော့။ ဆင်ဖြူလေးအတွက် သူ စိတ်ချလက်ချ
ရှိသွားခဲ့လေပြီ။ အသက်ဘေးအန္တရာယ်မှ ကင်းဝေးခဲ့လေပြီ။

"ဂျိမ်း . . . ဂျိမ်း . . . ဂျိမ်း"

မိုးခြိမ်းသံက ပိုပြီးတော့ ကျယ်လောင်လာသည်။ ပြက်လိုက်
သည့် လျှပ်နွယ်တွေကလည်း လင်းခနဲ ထင်းခနဲ။ ထိုအထဲ ပုဏ္ဏေးလေးထံမှ
ရယ်သံက ထွက်ပေါ်လာခဲ့သည်။ ဘာကြောင့်ပါလဲ။ ဆင်ဖြူလေးကို ကယ်
ဆင်နိုင်လိုက်၍ ကျေနပ်သွားခဲ့သည်ပဲလား။ ထိုစဉ် သူ့သောတအာရုံထဲ
ကို ထူးခြားညင်သာသောအသံအချို့က ဝင်ရောက်လာခဲ့သည်။ အနံ့
တစ်မျိုးကိုလည်း ရှူရှိုက်မိသည်။ မျက်လုံးတွေကို မှိတ်ထားသော်လည်း
အားလုံးကို သိနေသည်။ ခံစားနေမိသည်။

အစုံ အစုံသော ခြေလှမ်းများသည် သူ့ဆီကို လာနေကြသည်။
ချဉ်းကပ်လာနေကြသည်။ လေထန်ထန် မိုးသဲသဲ မိုးတခြိမ်းခြိမ်း လျှပ်



www.burmeseclassic.com

www.burmeseclassic.com



တဝင်းဝင်းကြားမှာ စိတ်ထဲမှာ မလုံမလဲဖြစ်လာသည်။ မိမိ၏အနားမှာ တစ်ဦးဦးရောက်နေသည်ဆိုသော အသိကို ခံစားနေမိသည်။ ထို့ကြောင့် မျက်လုံးအစုံကို ဖွင့်ကြည့်မိလိုက်သည်။

"ဟင်"

ပုတ္တလေး၏မျက်လုံးတွေ ပြူးကျယ်သွားခဲ့ရသည်။ အံ့သြထိတ် လန့်သွားခဲ့ရသည်။ သူမြင်တွေ့လိုက်ရသည်ကား လွန်စွာမှ ကြီးမားလှ သော ဆင်ကြီးတစ်ကောင်က သူ့ကို အပေါ်မှနေ၍ မိုးပြီးတော့ကြည့်နေ သောကြောင့်ပင်တည်း။ ထို့ကြောင့် အထိတ်တလန့်ဖြစ်သွားခဲ့ရသည်။ ရုတ်တရက် လူးလဲပြီးတော့ထမိလိုက်သည်။ သို့သော် ဆင်ရိုင်းမကြီး သည် မမှိတ်မသုန်မျက်လုံးများဖြင့် သူ့ကို စူးစိုက်ပြီးတော့ကြည့်နေဆဲ လျှပ်တစ်ချက်ပြက်လိုက်စဉ်မှာ ပုတ္တလေးတွေ့လိုက်ရသည်ကား ဆင်ရိုင်း မကြီးတစ်ကောင်တည်းသာမဟုတ်။ ခပ်လှမ်းလှမ်းတွင် အခြားသော ဆင်ရိုင်းများကိုလည်း တွေ့လိုက်ရသေးသည်။

ဆင်ဖြူလေးသည်လည်း ဆင်ရိုင်းမကြီး၏အနားမှာပင် ရှိနေ သည်။ အခြားဆင်ရိုင်းများထက် ပိုပြီး အကောင်အထည်ကြီးမားသော ဆင်ရိုင်းမကြီးသည် ဆင်ဖြူကလေးနှင့်အတူ ပုတ္တလေးဆီကို တရွေ့ရွေ့ နှင့် တိုးကပ်လာသည်။ ပုတ္တလေးသည် နောက်ကိုမဆုတ်မိဘဲ ရှိနေသည်





နေရာမှာတင် ပေပြီးတော့ ရပ်နေမိသည်။ ဆင်ရိုင်းမကြီး၏နှာမောင်းက ပုတ္တလေး၏မျက်နှာပေါ်ကို ရောက်လာသည်။ တရွေ့ရွေ့နှင့် စမ်းနေသည်။ နှာမောင်းဖျားလေးက ရှုံ့ရှီ့ ပွရှီးနှင့်လုပ်နေသည်။

နှာမောင်းက ပုတ္တလေး၏ကိုယ်ပေါ်ကိုလည်း ရောက်လာသည်။ အနံ့ခံသည့်ပမာပြုသည်။ ဆင်ဖြူလေးသည်လည်း ထို့အတူပင်။ သူ၏ နှာမောင်းလေးဖြင့် ပုတ္တလေး၏မျက်နှာကို မဝီမကမ်းစမ်းသည်။ ကိုယ်ကို စမ်းသည်။ ခါးကိုလည်း ရစ်ပတ်သည်။ ထို့နောက် ဆင်ရိုင်းမကြီးသည် တဖြည်းဖြည်းနှင့် နောက်ဆုတ်သွားသည်။ ဆင်ဖြူကလေးသည် ပုတ္တလေး၏လက်ကို နှာမောင်းဖြင့်ဆွဲယူသည်။ ပုတ္တလေးသည်လည်း ဆင်ဖြူလေး၏နှာမောင်းကို ဆွဲကိုင်ကာ နှုတ်ဆက်သည်။ သည့်နောက် မှာတော့ ဆင်ရိုင်းမကြီးကော ဆင်ဖြူကလေးပါ ထိုနေရာမှ ထက်သွားခဲ့ ကြလေသည်။ ဆင်ရိုင်းအုပ်စုက ဆင်ရိုင်းသားအမိကို စောင့်ဆိုင်းနေကြ သည်။ ထို့နောက် အားလုံး အတူတကွပူးပေါင်းကာ တောနက်ကြီးထဲသို့ ဝင်သွားကြသည်။ တပြိုးပြိုးတပြက်ပြက်နှင့် လင်းလက်နေသော လျှပ် ရောင်အောက်မှာ နောက်ဆုံးတွေ့မြင်လိုက်ရခြင်းဖြစ်သည်။

ပုတ္တလေးသည် ကောင်းကင်ထက်ကို မော့ကြည့်ကာ လက် နှစ်ဖက်ကိုမြှောက်ပြီး တဟားဟားနှင့် အော်ကာရယ်လိုက်လေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤကား ပုဏ္ဏလေးနှင့် ဆင်ရိုင်းသားအမိတို့ အမှတ်မထင် ကြုံတွေ့ခဲ့ရသည့်အကြောင်းပင်တည်း။

■

ပုဏ္ဏလေးသည် ဥဒေါင်းတောကြီး၏အစတွင် ဆင်ဖြူလေးကို နှဲ့ထဲမှ ကယ်တင်ခဲ့ရသည့်အကြောင်း၊ ဆင်ရိုင်းမကြီးနှင့် တွေ့ခဲ့ရသည့် အကြောင်းကို မည်သူ့ကိုမှ မပြောမပြခဲ့။ မေ့မေ့ပျောက်ပျောက်ပင် ထားခဲ့သည်။ ထိုညက မိုးရွာကြီးထဲမှာ ပြန်ရောက်လာသော ပုဏ္ဏလေးကို မိဘနှစ်ပါးက စိတ်ပူပြီး စောင့်နေကြသည်။

"သား . . . ဘယ်ကိုသွားနေတာလဲကွယ်။ မပြောမဆိုနဲ့ ထွက်သွားခဲ့တာ။ မိုးကြီးချုပ်မှပဲ ပြန်ရောက်လာတော့တယ်"

မိခင်က ဆီးပြီးတော့ပြောလိုက်သော်လည်း . . .

"ထမင်းဆာတယ် အမေ"

ဟုသာ တုံ့ပြန်စကားဆိုသည်။ ထိုအခါ မိဘနှစ်ပါးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိလိုက်ကြလေသည်။ မိမိ ဥဒေါင်းတောကြီးထဲသို့ သွားခဲ့သည့်အကြောင်းကိုလည်း မပြောမပြခဲ့။ သည့်နောက်ပိုင်းတွင် ပုဏ္ဏလေးသည် လယ်ထဲတွင် မိဘနှင့်အတူ အလုပ်ကို





သာ အေးဆေးစွာ ကူညီလုပ်ကိုင်လျက်ရှိသည်။ ခါတိုင်းလို စကား သိပ်မပြောတော့ဘဲ မေးလျှင်ဖြေသည်။ မမေးလျှင် ဘာမှမပြော။ လုပ်စရာရှိသည်ကိုသာ သိမ်းကျုံးပြီးတော့ လုပ်နေသည့် ပုဏ္ဏလေးကို မိဘနှစ်ပါးက နားလည်ရခက်နေကြသည်။ သို့သော် သားဖြစ်သူသည် ဥဒေါင်းတောကြီးထဲကို မဖြစ်မနေသွားခဲ့ကြောင်းကို သိထားခဲ့ကြသည်။

ပုဏ္ဏလေးကို တစ်ချိန်လုံး အကဲခတ်နေကြသူများကတော့ ကြောင်နီနှင့် ဝက်သိုးတို့ပင်။

"ပုဏ္ဏလေးဟာ တော်တော်လေးကို ခြေငြိမ်သွားခဲ့တယ်ကွ။ ဒီကောင် ဟိုသွား ဒီသွား သိပ်မလုပ်တော့ဘူး။ ရွာထဲလည်း သိပ်မထွက်တော့ဘူး။ ဒီကောင့်ကို မစရတာကြာပြီ။ မနေတတ်သလိုပဲကွာ"

"ဝက်သိုး . . . မင်း ဒီကောင်နဲ့ကြုံတိုင်း ခံခဲ့ရတာကို မမှတ်သေးဘူးလား။ တော်ကွာ . . . သူက စိတ်မမှန်တဲ့ကောင်ကွ။ ငါတို့က မညာ မတာ နောက်ပြောင်နေကြတာ လွန်တယ်။ အဲသလိုလူမျိုးကို မခံချင်အောင် နောက်ပြောင်လွန်းရင် ပိုပြီးတော့ ဦးနှောက်ပျက်သွားတတ်တယ်တဲ့ကွ"

"အံမာ . . . ကြောင်နီ မင်းက အမြင်မှန်ရတဲ့စကားမျိုး ပြောနေတာလား။ အရွှးက အရူးပဲကွာ။ ဒီအသက် ဒီအရွယ်ရောက်လာတဲ့အထိ ကောင်းမဖြစ်တော့တာ။ မျှော်လင့်ချက်ကော ရှိနိုင်ပါတော့မလား။



www.burmeseclassic.com

www.burmeseclassic.com



မထူးတော့ဘူး"

"မထူးတော့ဘူးမပြောနဲ့။ ပုတ္တာလေးဟာ အရင်လို ဟိုသွားဒီသွားမလုပ်တော့တာ၊ စကားနည်းသွားတာတွေဟာ အရင်ကလိုခင်သွက်သွက်အမူအရာမျိုး မရှိတော့တာတွေဟာ သူ့ရဲ့ပြောင်းလဲမှုတွေမင်း သတိမထားမိလို့ပါ"

ဝက်သိုးက ကြောင်နီ၏စကားကြောင့် ဇဝေဇဝါဖြစ်သွားခဲ့ရသည်။ နောက်တော့ လက်ခံသလိုအမူအရာမျိုး ရှိလာခဲ့သည်။

"အေး . . . ဟုတ်သလားကွဲ။ ငါလည်း မင်းပြောမှ သတိထားမိတယ်။ ဒါပေမဲ့ ပြောမယ့်သာပြောရတယ်။ ငါလည်း ပုတ္တာလေးကို မစရဲပါဘူး။ သူ့အခဲဖေက ငါတို့ကို တားထားတယ်မဟုတ်လား။ တကယ်လို့ ငါတို့က သွားစမိလို့ပြဿနာဖြစ်ရင် အတီးခံရမှာကွ။ သူ့လက်သီးကြီးတစ်လုံးတစ်လုံးကလည်း မနည်းဘူး။ ကြောက်စရာကြီး"

"အေး . . . ပုတ္တာလေးရဲ့လက်သီးအကြောင်းကိုလည်း မေ့ထားလို့မရဘူးလေ။ မင်း မမှတ်မိတော့ဘူးလား။ ငှက်ခါးရွာ လက်ဝှေ့ပွဲတုန်းကလေ သူ့ဆီက ငွေ ၅ ကျပ်တောင်းမရလို့ ငါတို့က ဖွတ်တောင်းတာဘယ်လိုဖြစ်သွားသလဲဆိုတာ"

"ဟုတ်တယ် . . . ဟုတ်တယ်။ မင်းပြောမှပဲ ငါ ပြန်မှတ်မိတော့





တယ် ကြောင်နီ။ အဲဒီနေ့က ပုတ္တာလေးက ငါတို့ကို လက်သီးတစ်လုံးစီ ပစ်ကျွေးခဲ့တာ။ တစ်လုံးဆို တစ်လုံးမှန်းသိသိပါပဲကွာ။ ကြိုးဝိုင်းထဲမှာ မဟုတ်ဘဲ ကြိုးဝိုင်းအပြင်ဘက်မှာ ငါတို့နှစ်ယောက်စလုံး မှောက်ကုန်ကြတာလေ . . . ဟား . . . ဟား . . . ဟား . . . ဟား"

ပြောပြီး တဝါးဝါးတဟားဟားနှင့် ခွက်ထိုးခွက်လန် ရယ်ပစ်လိုက်ကြသည်။ သို့ရှိစဉ် သူတို့၏အနောက်တွင် လူတစ်ယောက်ရောက်နေသည်။ ဒါကို မသိကြ။

"ဒါတောင် မင်းတို့ကို ဒူး၊ ဖနောင့်စာတွေ မကျွေးဖြစ်ခဲ့သေးဘူးဘူး။ လက်သီးပဲ မြည်းစမ်းကြည့်ကြသေးတာ။ ထပ်ပြီးမြည်းကြည့်ဦးမလားဝုံးသွားအောင်လို့လေ"

"ဟင်"

မမျှော်လင့်ဘဲ ထွက်ပေါ်လာသောအသံကြောင့် ဖျတ်ခနဲဆိုနောက်ကို လှည့်ကြည့်မိလိုက်ကြသည်။

"ဟင် . . . ပုတ္တာလေး . . . မင်း . . . မင်း ဘယ်တုန်းက ရောက်နေတာလဲ။ ငါတို့ပြောနေကြတာကို ခိုးကြောင်ခိုးဝှက်နဲ့ နားထောင်နေတာလား"

"ဘာပြောတယ်။ မင်းတို့ကသာ လမ်းမလွတ်တဲ့နေရာမှာ နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါ့အကြောင်းကို ပြောနေကြတာ မဟုတ်လား"

"မင်း . . . မင်းအကြောင်းကို ပြောနေကြတာတော့ မှန်ပါတယ် ကွာ။ ဒါ . . . ဒါပေမဲ့ မကောင်းတာမပြောပါဘူး။ ကောင်းတာကိုသာ ပြော ကြတာပါ"

ပုတ္တလေးသည် ဝက်သိုး၏လည်တိုင်ကို ဆတ်ခနဲဆို ဖျစ်ညှစ် လိုက်ပြီး . . .

"ခင်ဗျားက ကျုပ်ကို မစရရင်မနေတတ်ဘူး ဟုတ်လား။ အရူးက အရူးပဲ။ လူကောင်းပြန်မဖြစ်တော့ဘူးလို့ပြောတယ်ပေါ့ ဟုတ်လား"

"အေး . . . ငါ . . . ငါ . . . အစ် . . . အစ် . . . ပြောမိပါတယ်ကွာ။ ဒါ ဒါပေမဲ့ အစ် . . . အစ် . . . ငါ့စိတ်ရင်းနဲ့ ပြော . . . ပြောတာမဟုတ်ပါဘူး။ မင်းကိုလည်း . . . နာ . . . နာစေလိုတဲ့သဘောမျိုးနဲ့ပြောတာ အစ် . . . အစ် မ . . . မဟုတ်"

ဝက်သိုးမှာ လည်ပင်းအစ်ကာ မျက်လုံးပြူး မျက်ဆံပြူးနှင့် ဖြစ် နေလေပြီ။

"ဟော့ . . . ဟော့ . . . ပုတ္တလေး ဘယ်လိုဖြစ်တာလဲ"

ကာလသားခေါင်းကိုဩဘာက သူတို့ဆီကို လျင်မြန်စွာပင် ရောက်လာခဲ့သည်။





"လွှတ်လိုက်ပါကွာ။ မင်း စိတ်လိုက်မာန်ပါမလုပ်ပါနဲ့"

"ဒီလို ကျုပ်ကို မတရားပြောတယ် အစ်ကိုကြီး။ မှတ်လောက် သားလောက်အောင် ဆုံးမချင်လို့"

ပုတ္တလေးသည် လည်တိုင်ကို ဖျစ်ညှစ်ထားသောလက်အား လွှတ်လိုက်သည်။ ဝက်သိုးကိုလည်း ဆောင့်တွန်းပစ်လိုက်လေသည်။ ဝက်သိုးမှာ မချိမဆန့် ခံသွားရပြီး အသက်ဝအောင် မနည်းရှူနေရသည်။

"မင်းလည်း သတိထား ကြောင်ခို။ ယောက်ျားတွေဖြစ်ပြီး မိန်းမ လို မဆန်နဲ့"

"အေး . . . အေးပါကွာ"

ကြောင်ခိုသည် ဝက်သိုးကို ဆွဲကာ နေရာမှထွက်သွားကြလေ တော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )
## ဆင်ဖြူလေးကို ရှာဖွေဖမ်းကြတော့မည့်သတင်း

တစ်ရက်တွင် . . .

လယ်ထဲ၌ ပုဏ္ဏလေးတစ်ဦးတည်းရှိနေစိုက် လုလုမှာ သူ့ဆီ
လျှောက်လှမ်းကာလာနေသည်။ မြေပေါက်နေစဉ် အနားကိုရောက်လ
သော လုလုအား ပုဏ္ဏလေးက မော့ကြည့်လိုက်လေသည်။

"လုလု . . . နင်တစ်ယောက်တည်းလား"

"အေးပေါ့"





"အဖော်က လေးဘာလေးခေါ်လာခဲ့ပေါ့ဟာ"

"ဘာဖြစ်လို့လဲ ပုဏ္ဏလေးရဲ့"

"ဒီမှာလည်း ငါတစ်ယောက်တည်း"

"အဲဒါ ဘာဖြစ်သလဲ"

"နင် ငါ့ကို မကြောက်ဘူးလား"

"အို . . . ဘာဖြစ်လို့ကြောက်ရမှာလဲ"

"ငါက ဘယ်သူနဲ့မှ မတူဘူးလေ။ ဥမ္မတ္တကာ အရူး"

"မဟုတ်တာဟယ်။ ငါက နင့်ကို အဲသလိုမထင်ပါဘူး"

"အပိုတွေပြောမနေနဲ့။ နင် ငါ့ဆီကိုလာတာ တစ်ခုခုနိုင်းချင်လို့
ဟုတ်လား"

"မဟုတ်ပါဘူး။ ငါလည်း အဖေတို့နဲ့အတူ လယ်ထဲလိုက်လာ
တာ။ အဲဒါနဲ့ နင့်ဆီကိုထွက်လာခဲ့တာ"

"ဘာကိစ္စနဲ့ ငါ့ဆီကိုလာတာလဲဟ။ ငါက ယောကျ်ားလေး။
င်က မိန်းကလေး။ သွေးမတော် သားမစပ်။ မသင့်တော်ပါဘူး။ ငါကြံ့စည်
တာကို နင် မကြောက်ဘူးလား"

ပုဏ္ဏလေး၏အပြောကိုသဘောကျသွားပြီး လုလုက တခစ်ခစ်
နှင့် ရယ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာရယ်တာလဲ။ ငါ့ကို လှောင်တာလား"

"လှောင်တာမဟုတ်ပါဘူးဟယ်။ ငါ နင့်ကို ဘယ်လိုဆက်ဆံ တယ်ဆိုတာ နင် သိပါတယ်။ နင်က အဲသလိုလုပ်မယ့်လူစားလား တကယ်လို့ နင်က ငါ့ကို ကြံစည်မယ်စိတ်ကူးဦးတော့"

"ဘာဖြစ်သလဲ။ ပြောလေ"

"ဘာမှမဖြစ်ဘူး။ နင့်ကို ငါယုံတယ်။ နင် ဒီလိုမယုတ်မာတတ် ဘူးဆိုတာ"

"နင်က ငါ့ကိုမြှောက်ပေးနေပြန်ပြီ။ ငါ လူယုတ်မာဖြစ်နိုင်သလား လူလိမ္မာဖြစ်နိုင်သလားဆိုတာ နင် ပြောနိုင်သလား"

"တော်စမ်းပါဟယ် ပုဗ္ဗလေးရယ်၊ နင်လည်း နင့်ကိုယ်နင် အသိဆုံး ငါလည်း ငါ့ကိုယ်ငါ အသိဆုံး"

ပုဗ္ဗလေးက ရယ်သွမ်းသွေးလိုက်သည်။ လှလှသည် ပုဗ္ဗလေး လေးကို အကဲခတ်လျက်ရှိသည်၊ မယုံနိုင်စရာကောင်းလောက်အောင် တိုးတက်လာသည်။ အပြော အဆို အနေအထိုင် အပြုအမူကအစ ပြောင်းလဲ လာခဲ့သည်၊ လှလည်းသန့်လာသည်။ ယောက်ျားချော ချောသည်၊ ကြံ့ခိုင် တောင့်တင်းသောခန္ဓာကိုယ်က အားတိုးလောက်သည်။

"ငါ နင့်ဆီကိုလာတာ မကြိုက်ဘူးလား"





"ဟာ . . . ဒီလိုမဟုတ်ပါဘူး။ ကြိုက်ပါတယ်"

"အေး . . . ကြိုက်ရင်ပြီးရော။ နောက်တော့မှသာ မျက်နှာမများ နဲ့"

"ဘာရယ် . . . ဘာပြောလိုက်တယ်"

ပုဗ္ဗလေး နားမလည်။ ချက်ချင်းပင် ပြန်မေးလိုက်သည်။

"နင်ဘာသာနင် စဉ်းစားကြည့်ပေါ့။ ကဲ . . . ငါပြန်မယ်"

လှလှသည် တခစ်ခစ်နှင့်ရယ်ကာ ပြေးထွက်သွားသည်။ ပုဗ္ဗလေး ခေါင်းကုပ်ရင်း ကျန်ရစ်ခဲ့သည်။

■

ဆင်ရိုင်းများက တောထဲတွင် အုပ်စုဖွဲ့ပြီးတော့ သွားနေကြ သည့်သတင်းကို မကြားရတော့။ တကယ်တော့ တောဆင်ရိုင်းမကြီးသည် မျက်နှာဖြူမုဆိုးများနှင့် တိုက်ခိုက်ကြစဉ်က ရင်သွေးငယ် ဆင်ဖြူလေး အမှတ်မထင် ပျောက်ဆုံးသွားခဲ့သည်။ ဆင်ဖြူလေးကို ဆင်ရိုင်းအုပ်စု နှံ့စုခွဲကာ ရိုးမတောအနှံ့ ယင်းနှင့်တစ်ဆက်တစ်စပ်တည်းရှိသော ခေါင်းတောကြီးထဲအထိ ရှာဖွေခဲ့ကြခြင်းပင်။

သားဖောဖြင့် အတင့်ရဲစွာရှာဖွေခဲ့ကြရာတွင် ရွာများ၏အနီး



www.burmeseclassic.com

www.burmeseclassic.com



အနားကိုပင် ရောက်ခဲ့ကြသည်။ ဆင်ဖြူလေးနှင့်ပတ်သက်ပြီး ပုတ္တလေး မသိသော်လည်း သူနှင့်ကြုံဆုံဖို့ရန် ဖန်လာခဲ့သည်။ ဝံအော်နွံအိုင်ကြီးထဲ တွင် နစ်နေသော ဆင်ဖြူကလေး၏အသက်ကို သူ ကယ်တင်ခဲ့သည် မဟုတ်ပါလား။ ဆင်ဖြူကလေးကို မိခင်ဆင်မကြီးက ပြန်ရသွားခဲ့သည် ဖြစ်၍ ဆင်ရိုင်းများ၏သတင်းကို မကြားကြရတော့ခြင်းပင်။

ပုတ္တလေးက ဆင်ဖြူလေးကို ကယ်တင်လိုက်သည်။ အကြောင်း ကိုလည်း မည်သူကမှ မသိကြ။ ပုတ္တလေးလည်း မည်သူ့ကိုမှ မပြော ထိုအကြောင်းကိုပင် မေ့လျော့နေခဲ့လေပြီ။

သို့သော် . . .

တစ်ရက်တွင် မုဆိုးတစ်ဦးက ကုလားဖြူအရာရှိများဆီ ရောက်လာပြီး . . .

“သခင်ကြီးတို့ ရှာမတွေ့တဲ့ ဆင်ဖြူလေးကို ဆင်သားအမိ အတူ တောတွင်းတစ်နေရာမှာ တွေ့ခဲ့ရပါတယ်”

ဟု မျက်နှာလိုမျက်နှာရဖြင့် သတင်းပေးပါလေတော့သည် ကုလားဖြူများထံက ဆုငွေနှင့် အခွင့်အရေးများကိုလည်း လိုချင်၍ ဖြ သည်။ ထိုအခါ ကုလားဖြူပုလိပ်အရာရှိသည် ဆင်ဖြူလေးကို ဖမ်းမိ အတွက် အခွင့်အလမ်းက ပေါ်ပေါက်လာခဲ့ပြန်လေသည်။ ဝမ်းလည်





သာသွားခဲ့သည်။

“ဆင်ဖြူလေးကို မောင်မင်းကိုယ်တိုင်တွေ့ခဲ့တာလား”

“ကျွန်တော်မျိုးရဲ့မျက်စိနဲ့ တပ်အပ်ကိုတွေ့ရှိခဲ့တာပါ သခင်ကြီး။ ဆင်ရိုင်းအုပ်စုဟာ အဲဒီနားတစ်ဝိုက်မှာပဲ သွားလာလျက်ရှိနေကြပါတယ်”

“ကောင်းပြီ . . . အဲဒီနေရာကို ကျုပ်တို့ အမြန်သွားကြမယ်။ အချိန်ဆွဲနေရင် အခွင့်အရေးတွေ ဆုံးရှုံးသွားလိမ့်ဦးမယ်။ ဒါပေမဲ့ မောင်မင်းကိုယ်တိုင် လိုက်ရမယ်”

“ဟာ . . . လိုက်မှာပါ သခင်ကြီး။ အဲဒီအတွက် ကျွန်တော်မျိုး အတွက် ဆုလာဘ်များပေးသနားတော်မူပါ”

“သတင်းကောင်းယူလာတဲ့မောင်မင်းအတွက် ဆုလည်းချီးမြှင့် ရမှာပေါ့”

ကုလားဖြူပုလိပ်အရာရှိ ဂိုမ်းသည် ထိုမုဆိုးကို ဆုငွေများ ချီး မြှင့်လိုက်သည်။ မုဆိုး၏အမည်မှာ ကျောက်ခဲဖြစ်၏။ မုဆိုးကျောက်ခဲကို လူအချို့က ရှုံ့မုန်းသွားကြသည်။

“ဆင်ဖြူလေးသတင်းကို ကုလားဖြူဆီလာပို့တယ်။ ဒီကောင် တော်တော်စက်တာပဲ။ တိုင်းပြည်ရတနာပစ္စည်းကို ဒီမိစ္ဆာကောင်တွေရဲ့ လက်ထဲကိုမှ အပ်ဖို့ ကြိုးစားရသတဲ့လား။ မိုက်လုံးကြီးတဲ့ကောင်ပဲ”



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ ... သူငွေလိုချင်တာနဲ့ပဲ။ မကြံကောင်းမစည်ရာတွေ လျှောက်လုပ်တယ်။ ဒီလိုကောင်မျိုးလည်း ရှိသေးတာပဲနော်"

ကျောက်ခဲ၏သတင်းကို ကြားကြပြီး ရှုတ်ချကြသည်။ အပြစ်တင်ကြသည်။ တချို့ကလည်း ...

"ကြည့်ကြစမ်းပါဦးဗျာ၊ ဒီဆင်ဖြူလေးက ဘုန်းတန်ခိုးရှိတာ၊ သင်းတို့ ကုလားဖြူတွ ဖမ်းလို့ရမလားဆိုတာ။ ရှေးမထဲမှာ ကုလားဖြူတွေကို တောဆင်ရိုင်းတွေလိုက်လို့ အသေဆိုးနဲ့သေခဲ့ကြရတာကို သူတို့မေ့နိုင်ကြဦးမှာ မဟုတ်သေးဘူး"

"ကုလားဖြူပုလိပ်တချို့ ပျောက်သွားတဲ့အကြောင်းကလည်း ဒီလို မအပ်မရာ ကြံစည်ကြလို့ သားရဲတွင်းကြီးထဲကို ကျသွားခဲ့ကြတာပဲလို့ ထင်တယ်။ အကုသိုလ်ဝင်လို့ဝင်မှန်း မသိကြတဲ့ မိစ္ဆာကောင်တွေ"

ဆင်ဖြူကလေးသည် သာမန်ရိုးရိုးဆင်ဖြူများထက် ပိုပြီးတော့ ထူးခြားသည့်အချက်က အစွယ်နက်များပါရှိနေသောကြောင့်ပင် ဆင်ဖြူကလေးကို ပထမပိုင်းတွင် ဖမ်းဆီးကြစဉ်က အစွယ်နက်များရှိသော ဆင်ဖြူကလေးဖြစ်ကြောင်းကို သတိမပြုမိကြပေ။

ပုတ္တလေးနေသော ကုသိုလ်ရွာမှာလည်း ထိုသတင်းသည် ပျံ့နှံ့လျက်ရှိသည်။ သတင်းဟူသည် တစ်နေရာမှ တစ်နေရာသို့ ပြေးနေတတ်





သည့်သဘောရှိသည်။

"ဆင်ဖြူကလေးကို ကုလားဖြူတွေက မရရအောင် ဖမ်းဆီးကြတော့မယ်တဲ့"

ထိုသတင်းကြောင့် လူအများက မခံမရပ်နိုင်အောင် ဖြစ်သွားခဲ့ကြသည်။ အတ္တကြီးသော မဆိုင်ရာကို ဝင်ရောက်စွက်ဖက်ကြသော ကုလားဖြူမိစ္ဆာများကိုသာ အပြစ်ဖို့ကြသည်။ မေတ္တာပို့ကြသည်။ ထိုသတင်းကို ပုတ္တလေးလည်း ကြားသွားခဲ့လေသည်။

"ဆင်ဖြူလေးဆိုတာ ငါ ကယ်တင်လိုက်တဲ့ ဆင်ဖြူလေးပဲ ဖြစ်မှာပဲ။ ငါ အသက်စွန့်ပြီး ခဲရာခဲဆစ်ကယ်တင်လိုက်တဲ့ ဆင်ဖြူလေးကို သင်းတို့က ဘယ်လိုအကြောင်းနဲ့ ဖမ်းကြမှာတဲ့လဲ"

စိတ်ထဲမှာ ခံပြင်းစိတ်များက တဖွားဖွားနှင့် ဖြစ်ပေါ်လာခဲ့လေသည်။ ထိုရက်ပိုင်းတွင် ပုတ္တလေးသည် ဂနာမငြိမ်ဖြစ်လျက်ရှိသည်။ အလုပ်လုပ်သော်လည်း အလွဲလွဲအချော်ချော်တွေ ဖြစ်နေတတ်သည်။ ဤသည်ကို မိဘနှစ်ပါးက အကဲခတ်မိကြသည်။ သားဖြစ်သူ စိတ်ဖောက်ပြန်သွားပြီဟု ထင်ကြ၏။

"သားလေးဟာ ကောင်းလာမလိုလိုနဲ့ တစ်ချက်တစ်ချက်မှာ ပြန်ပြန်ဖောက်လာပါလား။ ဘယ်လိုလုပ်ကြမလဲ ... ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါထင်တာကတော့ မင်း ပြောသလို စိတ်ပြန်ဖောက်သွားတာ မဖြစ်နိုင်ဘူးလို့ထင်တယ်။ အကြောင်းတစ်ခုခုရှိလို့ ဒီလိုဖြစ်နေတာ။ မေးစမ်းကြည့်ရင်ကောင်းမယ်"

"မေးလို့ကော ဖြေပါ့မလား"

"ချော့မေးကြည့်ရမှာပေါ့ကွယ်"

ထိုအခါ . . .

မေးချင်သည့်စိတ်ကို အကြွေးမထားကြဘဲ . . .

"သား . . . အခုတလောမှာ စိတ်အနှောင့်အယှက်ဖြစ်စရာ ရှိနေတယ်ထင်တယ်။ သားမှာ ဘယ်လိုကိစ္စမျိုးရှိနေသလဲ၊ ရှိရင် အဖေတို့ကို ပြောပြပါ။ ဘယ်လိုအခက်အခဲရှိပေ့စေ၊ အဖေနဲ့အမေတို့က ဖြစ်အောင် ဖြေရှင်းပေးပါ့မယ်"

ဦးမြသာက ပုဏ္ဏလေးကို ချွေးနှေးသည့်သဘောမျိုးနှင့် မေးသည်။

"အမေတို့မှာ ဒီမိသားစုသုံးယောက်ပဲရှိတာ၊ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ပေါ့။ သား ဖြစ်နေတာကို ပြောပြပါ။ တစ်ယောက်တည်း ကျိတ်ပြီးတော့ မခံစားနေပါနဲ့။ ပွင့်ပွင့်လင်းလင်းပေါ့ကွယ်"

မိခင်ဒေါ်ကြည်ပြာကပါဝင်ပြောသည်။ ထိုအခါ ပုဏ္ဏလေးသည်





ဤသို့ စဉ်းစား၏။

"အင်း . . . မိဘတွေက ငါ့ကိုတလွဲတချော်တွေ လျှောက်တွေးနေကြပြီ။ ငါ အမှန်အတိုင်းပြောမပြရင် မလေးစားရာရောက်တော့မယ်"

ပုဏ္ဏလေး၏စိတ်သည် တစ်ခါတစ်ရံမှာ ဝေဝါးသွားတတ်သော်လည်း အကောင်းဘက်ကို ဦးတည်နေခဲ့သည်ကများ၏။ သတိလက်လွတ်ဖြစ်သွားတတ်သည့် အချိန်မျိုးလည်း ရှိတတ်ပါသည်။

"ဒီလိုပါ . . . အမေနဲ့အဖေတို့ရာ သားစိတ်အနှောင့်အယှက် ဖြစ်နေတာကတော့ မှန်တယ်။ ဒါပေမဲ့ ဘယ်သူမှ မသိကြသေးတဲ့ကိစ္စမို့ ပြောရလည်း ခက်နေတာပါ"

"ဟင် . . . ဘယ်သူမှ မသိကြသေးတဲ့ကိစ္စ ဟုတ်လား။ ဘယ်လိုကိစ္စမျိုးများလည်း သားရယ်။ အမေတို့ သိခွင့်မရှိဘူးလား"

"အမေတို့ကို အသိပေးမှာပါ။ ဒါမှလည်း သားနဲ့ပတ်သက်ပြီး ရန်ကောင်းတာတွေ ရှင်းသွားမှာ မဟုတ်လား"

"အေးပါ . . . အေးပါ . . . ပြောပါ၊ ရန်မကောင်းဘူးဆိုတာက အမေတို့က သားအတွက် စိုးရိမ်စိတ်နဲ့ပါ"

"ဒီလိုပါ ခုတလောမှာ ဆင်ဖြူလေးနဲ့ပတ်သက်တဲ့ သတင်းတွေ ပြောနေကြတယ် မဟုတ်လား။ ကုလားဖြူတွေကလည်း ဒီဆင်ဖြူလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဖို့လည်း ကြိုးစားနေကြတယ်လေ"

"ဟုတ်တယ်လေ၊ အဲဒီအကြောင်းတွေက အားလုံးအသိပဲလေ သားရဲ့၊ ဘာလဲ သားက ဆင်ဖြူကလေး အဖမ်းခံရမှာကို သနား နေလို့လား"

"အဲဒီဆင်ဖြူကလေးကို သား ကယ်တင်ခဲ့တာပါ အမေ"

"ဟင် . . . ဘာပြောတယ် သား၊ ဆင်ဖြူလေးကို သားက ကယ် တင်ခဲ့တာ ဟုတ်လား၊ နားမလည်ဘူး သား"

"ဟုတ်ပါတယ်လေ၊ နားလည်နိုင်ကြမှာ မဟုတ်ပါဘူး၊ ဒီလိုပါ သား ပြောပြပါ့မယ်"

ပုဏ္ဏလေးသည် မကြာသေးမီရက်အတွင်းက ဥဒေါင်းတောကြီး ဆီကို သွားခဲ့သည့်အကြောင်း၊ ဘိုးစကြာကို မတွေ့၍ ပြန်လာခဲ့စဉ်တွင် တောအစပ် ဝံအော်နွံအိုင်ကြီးထဲ၌ နစ်နေသောဆင်ဖြူလေးကို သူ ကြိုး စားပြီးတော့ ကယ်တင်ခဲ့သည့်အကြောင်း အတိုချုံးကာ ပြန်ပြောပြလိုက် သည်။ ထိုအခါ ကြားလိုက်ရသောစကားများကြောင့် မိဘနှစ်ပါးမှာ အံ့အား သင့်သွားခဲ့ကြရလေသည်။

"ဟင် . . . ဒီအကြောင်းတွေဟာ တကယ်ပဲဖြစ်ခဲ့တာလား သား"

"တကယ်ဖြစ်ခဲ့တာပါ၊ အမေတို့ မယုံမရှိကြပါနဲ့၊ ဒီဆင်ဖြူလေး





ကို ကုလားဖြူတွေက အနုလိုကျိန်းသေဖမ်းဆီးကြတော့မယ်ဆိုတဲ့ သတင်းကြောင့် စိတ်မကောင်းဖြစ်နေမိရတာပါ"

ပုဏ္ဏလေး တွေ့ကြုံဖြစ်ပျက်ခဲ့သည်များက မယုံကြည်နိုင်စရာ ကောင်းလှသည်၊ တောဆင်ရိုင်းကြီးများ ဥဒေါင်းတောကြီးထဲမှာ သွား လာနေကြသည့်သတင်း၊ ဆင်ဖြူလေး၏သတင်း စသည့်သတင်းများကို မကြာခဏ ကြားနေကြရသော်လည်း သားဖြစ်သူ ပုဏ္ဏလေးနှင့် ဆင်ဖြူ လေး ပတ်သက်ခဲ့လိမ့်မည်ဟု မထင်မိကြပါ။

သို့သော် . . .

ဤသို့ကြုံတွေ့ခဲ့ရသည်များကို မည်သူ့မှ မသိစေရဘဲ ရေငုံနှုတ် ပိတ်ထားကြရမည်ဟု သိလိုက်ကြရလေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၅ )
## ရုပ်ကြမ်းကောင်ကြီးများ

"ဟင် . . . ဘိုးဘိုး"

လယ်ထဲတွင် ပုဏ္ဏလေးတစ်ယောက်တည်း ရှိနေစဉ် မထင်မှတ်ဘဲ "ဘိုးစကြာ" ရောက်လာခဲ့သည်။ မည်သို့ရောက်လာမှန်းမသိ၊ အနားကိုရောက်ကာမှ သိလိုက်ရသည်။ ရုတ်တရက် အံ့အားသင့်သွားမိသော်လည်း ပျော်သွားမိသည်။

"ဘိုးဘိုး . . . ထိုင် . . . ထိုင်ပါဦး"

"မထိုင်တော့ဘူးကွယ့်။ သားကို မှာစရာရှိလို့လာခဲ့တာ။ မနက်ဖြန်ကျရင် ဥဒေါင်းတောကြီးထဲကို လာခဲ့။ ဘိုးဘိုး စောင့်နေမယ်။ ဟိုတစ်ခါ သားလာတာ ဘိုးဘိုးသိတယ်၊ ဒါပေမဲ့ ဘိုးဘိုးက အဝေးကိုရောက်နေတဲ့





အတွက် မင်းနဲ့မတွေ့လိုက်ရဘူး"

"ဟုတ်ကဲ့"

ပုဏ္ဏလေး အိပ်ပျော်နေရာက နိုးသွားခဲ့လေသည်။ ထိုအခါကျမှ အိပ်မက်မက်နေမှန်း သိလိုက်ရလေတော့သည်။

"တကယ်မှမဟုတ်ဘဲ။ ငါ အိပ်မက်မက်နေတာပဲ"

သို့သော် . . .

အိပ်မက်ကို ပြန်ပြီးစဉ်းစားမိသည်။ ဖိုးစကြာနှင့် စကားပြောရသည်မှာ တကယ်လို့ပဲထင်ရသည်၊ အရှင်းကြီးပဲဖြစ်သည်။

"ငါ ဘိုးဘိုးကို စိတ်ထဲမှာ စွဲလမ်းပြီးတော့ အိပ်မက်ခဲ့တာလား"

ပုဏ္ဏလေးသည် ထိုသို့လည်း စဉ်းစားတတ်လာပြီဖြစ်သည်။ နေ့လယ်ကြောင်တောင်ကြီးမှာ မက်သည့်အိပ်မက်ကြောင့် စိတ်ထဲမှာ အိမလည်ကြီး ခံစားနေရသည်။

■

ကုလားဖြူပုလိပ်အရာရှိ ဂျိမ်းသည် နောက်လိုက်အင်အား နှစ်ဆယ်ကျော်နှင့်အတူ ခရီးထွက်လာခဲ့ကြသည်။ ဘိလပ်က မှာယူထားသော မုဆိုးကျော်ဆင်ဖမ်းသမားအချို့ မြန်မာမုဆိုး (မုဆိုးကျော်) အပါ



www.burmeseclassic.com

www.burmeseclassic.com



အဝင်) နှင့် တောခြောက်ပေးကြမည့် ရွာသားများလည်း ပါလာခဲ့ကြသည်။

နေ့တွက်ခကိုမက်လောက်အောင်ပေးပြီးတော့ ခေါ်လာခဲ့သော် လည်း မလိုက်ချင်ဘဲ လိုက်လာကြသူတွေက များသည်။ ကုလားဖြူတို့၏ လက်ဝေစုလာဘ်များကို မျှော်လင့်ပြီး ဆင်ဖြူလေးရှိရာကို ညွှန်ပြ သည့် မုဆိုးကျောက်ခဲကို မကျေမနပ်ဖြစ်နေကြသည်။

"ဒီ...ကျောက်ခဲဆိုတဲ့ကောင်က ဟုတ်ကောဟုတ်ရဲ့လားကွာ ဆင်ဖြူဆိုတာ တောထဲမှာ တကယ်ရှိတယ်ဆိုရင်တောင် မြင်ရခဲတယ်ကွ ဆင်ဖြူရယ်လို့ ထင်ယောင်ထင်မှားဖြစ်ပြီး အမြင်မှားခဲ့တာလည်း ဖြစ်နိုင် တယ်။ မဟုတ်ကို အဟုတ်ထင်ပြီး သူ့နောက်ဖတွေကို မျက်နှာငယ် မျက်နှာရနဲ့လာပြောတာက အကြောင်းမဟုတ်ဘူး။ ငါတို့တစ်တွေကသာ ဒုက္ခရောက်တယ်...ထွီ"

"ဘယ်တတ်နိုင်မလဲဗျာ။ ဒီမိစ္ဆာကောင်တွေက ငါတို့ကို မြှောက် ပေးသလိုလို၊ ခြိမ်းခြောက်သလိုလိုနဲ့ ခေါ်လာခဲ့တာ။ ငါတို့က မသိတာမှတ် လို့။ ဘာတဲ့ ဆင်ဖြူကလေးကို မိရင် အလုပ်ကောင်းကောင်းပေးမယ်။ အိမ် ကောင်းကောင်းပေးမယ်တဲ့။ လုပ်လိုက်သေးတယ်။ မစားရ ဝခမန်း လုပ် ပြကြတယ်။ ထားပါတော့...ဒီဆင်ဖြူလေးကို ဖမ်းမိပြီး ဘိလပ်ကို ယူသွား မှာ ငါတို့က ဝမ်းသာပြနေရမှာလား။ ကြည်ဖြူပြနေရမှာလားကွ...ဖော"





ရွာသားအချို့သည် ပေါက်ကွဲနေကြသည်။ သို့သော် မည်မျှပင် ကျေနပ်ကြသော်လည်း ကုလားဖြူများနှင့်အတူ လိုက်ပါနေကြရသည် သာ။ တကယ်တော့ လွန်ခဲ့သော နှစ်ပေါင်းကိုးဆယ်၊ တစ်ရာလောက်က တောကြီး၏အခြေအနေသည် ပိုပြီးတော့ နက်ရှိုင်းသည်။ လူမရောက် သော နေရာများလည်း ရှိကြသည်။ ထူးခြားဆန်းကြယ်မှုများနှင့်လည်း ပြည့်နှက်လျက်ရှိသည်။

သစ်ကြီးဝါးကြီးများ ပေါ်များပြီး သားရဲတိရစ္ဆာန်များသည်လည်း ပြောလှသည်။ မုဆိုးအချို့ပင် မဝင်ဘူး၊ မဝင်ရဲကြသောနေရာများ ရှိကြ သည်။ ဒီလိုနှင့် တောနက်ထဲကို တဖြည်းဖြည်းနှင့်ရောက်လာခဲ့ကြသည်။ တွေလည်း ခရီးပန်းလှပြီဖြစ်၏။

"ဘယ်လိုလဲကျောက်ခဲ...မောင်မင်း ဆင်ဖြူလေးတွေ့ခဲ့တယ် ဆိုတဲ့နေရာကို မရောက်သေးဘူးလား"

ဂျိမ်းက စိတ်မရှည်သလို မေးလိုက်လေရာ...

"လိုပါသေးတယ် သခင်ကြီး။ ကျွန်တော် တွေ့ခဲ့တာက တော ထဲမှာပါ"

"ဟ...မောင်မင်း သည့်ထက်နက်တဲ့တော ရှိနိုင်သေးလို့လား။ တောနက်ကြီးပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ဖြူလေးကို အလွယ်တကူနဲ့တွေ့ဖို့ မလွယ်နိုင်ပါဘူး ကျွန်တော်မျိုး ဒီအနားတစ်ဝိုက်မှာ တွေ့ဘာတော့ မှန်ပါတယ်။ ဒါပေမဲ့ အခုအချိန်မှာ သူတို့ရဲ့သွားရာလမ်းကြောင်းဟာ ပြောင်းသွားပါတယ် အဲလောက်ကြီးလိုက်ရင် သူတို့ ရိပ်မိသွားကြမှာကို စိုးရိမ်ရပါတယ်"

"ဒါဆို ...မောင်မင်းက ဘယ်လိုစီစဉ်ချင်သလဲ"

"ဒီတစ်ညတော့ တောထဲမှာ စခန်းချပြီးတော့ နားကြရပါမယ်"

"ကျုပ်တို့စခန်းချတော့ ဆင်ဖြူလေးကို မျက်ခြည်ပြတ်သွားမှာပေါ့"

"မျက်ခြည်မပြတ်စေရပါဘူး။ မီပါတယ်။ ဆင်အုပ်ကြီးကို ခေါင်းဆောင်တဲ့သူဟာ ဆင်မကြီးပါ။ အင်မတန်မှပါးနပ်ပါတယ်။ အခု အချိန်မှာ သူတို့နဲ့သိပ်ပြီးတော့ နီးကပ်လွန်းနေရင် ဆင်တွေသိသွားကြပြီး ပြန်တိုက်ခိုက်ကြမှာကို စိုးရိမ်ရပါတယ်။ ကောင်ရေ ၃၀၀ ကျော်ရှိတဲ့ ဆင် ရိုင်းအုပ်ကြီးပါ"

မျက်နာဖြူအဖွဲ့သည် မြင်းကိုယ်စီနှင့်ဖြစ်ကြပြီး ကျွန်လူများ တော့ ခြေကျင်လျှောက်ကြရသည်။ တောနက်ထဲတွင် မြင်းတွေက လ နေကြသည်။ သားကောင်ရနံ့ကို ရကြ၍ပဲဖြစ်သည်။ ဒေသခံမြန်မာမု အချို့ကတော့ ဤနေရာတွင် သားကောင်ရိုင်းများ သွားလာတတ်





ကြောင်းကို သိထားကြသည်။ ထို့ကြောင့် ကုလားဖြူအရာရှိ "ဂျိမ်း" ကို လည်း သတိပေးထားရသည်။

"ဆင်ရိုင်းအုပ်စုဟာ လွန်ခဲ့တဲ့ နှစ်နာရီလောက်ကပဲ ဒီနေရာက ထွက်သွားကြပါတယ်။ ခြေရာတွေထဲမှာ ဆင်ငယ်လေးတွေရဲ့ ခြေရာ တွေလည်း ပါရှိနေပါတယ်။ ကျွန်တော်မျိုး တွေ့ခဲ့တဲ့ ဆင်မကြီး ဦးဆောင် တဲ့ ဆင်ရိုင်းအုပ်စုပါပဲ။ ဒီအထဲမှာ ဆင်ဖြူလေး ကျိန်းသေပါနေပါတယ်"

မုဆိုးကျော်ခဲ၏စကားကြောင့် ဂျိမ်းမှာ လှုပ်လှုပ်ရှားရှား ဖြစ် သွားခဲ့ရသည်။ လမ်းတစ်လျှောက်တွင် ဆင်ချေးပုံများ၊ စားခဲ့ကြသည့် အစားအစာများက မြေပြင်မှာ ပြန့်ကြဲလျက်ရှိနေကြသည်။ တောဆင်ရိုင်း များသည် စိတ်အေးလက်အေး တဖြည်းဖြည်းနှင့် ခရီးနှင်သွားခဲ့ခြင်းသာ ဖြစ်သည်။ ဤအုပ်စုထဲမှာ ဆင်ဖြူကလေးက ကျိန်းသေပါသည်။ သို့သော် ကောင်ရေများစွာရှိသော ဆင်ရိုင်းအုပ်စုထဲမှ မည်သို့ခွဲထုတ်ယူနိုင်ပါ မည်လဲ။

မိမိတို့၏အကြံအစည်ကို သိသွားခဲ့ကြ၍ တောဆင်ရိုင်းတွေ အားလုံးတပြုံလုံးဝိုင်းပြီးတော့ တိုက်ခိုက်ကြလျှင် လွတ်လမ်းမမြင်။ သူတို့ အဖွဲ့လေးသည် နာရီပိုင်းအတွင်းမှာပင် ပြားချပ်သွားကြကာ မှန့်လေမွှေ သို့ ဆင်နင်းသလို ဖြစ်သွားနိုင်သည်။ မုဆိုးကျော်ခဲသည် ထိုအခက်အခဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ခုမှပဲ စဉ်းစားမိဟန်တူသည်။ သို့သော် နောင်ခါလာ နောင်ခါရေ
ဖြစ်ရှင်ရာဖြစ် မီးစင်ကြည့်၍ကမည်ဟု ဆုံးဖြတ်လိုက်လေသည်။

■

ထို့ကြောင့် . . .

မိုးလည်းချုပ်စပြုလာတော့မည်ဖြစ်၍ သင့်တော်ရာနေရာ တ
နေရာကို ရွေးချယ်ကာ စခန်းချရန် ဆုံးဖြတ်လိုက်ကြသည်။ မိမိတို့၏ လူ
အင်အားက နှစ်ဆယ်ကျော်ကျော်ရှိသည်။ ထို့ကြောင့် ကုလားဖြူအုပ်စု
တစ်နေရာ၊ ကျန်လူများက နှစ်နေရာကို ခွဲပြီး သတ်မှတ်လိုက်ကြသည်
စုစုပေါင်း သုံးစုခွဲကာ သတ်မှတ်လိုက်ကြသည်။ ကုလားဖြူများသည်
မြန်မာများက သူတို့ကို သစ္စာဖောက်မှာ စိုးရိမ်နေမိကြသည်။ ထို့ကြော
သူတို့အထဲတွင် နိုင်ငံခြားမှမှာယူထားသည့် မုဆိုးကျော်များပါလာ
သည်ဖြစ်၍ အထူးအားကိုးကြသည်။ မုဆိုးကျောက်ခဲက ကုလားဖြူ
ချည်းပဲ သပ်သပ်ရှိနေကြသည်ကို သဘောမတွေ့။

"သခင်ကြီး…ရွာခံမုဆိုးတစ်ယောက်နဲ့ ရွာသားနှစ်ယောက်
ဒီမှာ ထားပါရစေ။ ဒီနေရာက သားကောင်တွေရဲ့အကြောင်းကို သခင်
တို့ မသိကြဘူး။ သူတို့က သိပ်ရဲတင်းကြပြီး အလစ်မှာ ဝင်ဆွဲတတ်
တယ်။ အန္တရာယ်ရှိနိုင်တယ်"





"ငါတို့အထဲကို မင်းတို့ရဲ့လူထည့်ဖို့ မလိုဘူး။ အရည်အချင်း
ပြည့်ဝတဲ့မုဆိုးတွေကို ဘီလပ်ကတောင် မှာယူထားတာ။ သူတို့က သား
ကောင်တွေရဲ့အကြောင်းကို သိကြတယ်။ မောင်မင်းတို့ မြန်မာမုဆိုးတွေ
ထက်တောင် နားလည်ကြသေးတယ်။ ဟိုမှာ စာတွေ့လက်တွေ့အကုန်
သင်ထားတာ။ မောင်မင်းတို့သာ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ကြပါ"

ဂျိမ်းက မုဆိုးကျောက်ခဲ၏စကားကို လက်မခံ။ ပယ်ချသည်။
ကျောက်ခဲ၏စိတ်ထဲမှာ တင်းခန့်ဖြစ်သွားခဲ့ရလေသည်။

"အင်း . . . လက်မခံလည်းနေပေါ့။ ဘာတတ်နိုင်မှာတဲ့လဲ"

ကျောက်ခဲသည် မိမိ၏လူများရှိရာကိုသာ ပြန်လာပြီး နှစ်စုခွဲ
ထားသည်ကို တစ်ခုတည်းဖြစ်အောင် ပေါင်းလိုက်သည်။ ထို့နောက်
ကင်းတာဝန်ကို ချလိုက်သည်။ ဤနယ်မြေတွင် မုဆိုးကျောက်ခဲ၏ ကျွမ်း
ကျင်မှု၊ လိမ္မာပါးနပ်မှု၊ သားကောင်များနှင့် ပတ်သက်ပြီး နားလည်မှုကို
အားလုံးက သိထားကြသည်။ သူ့ကို မည်သည့်မုဆိုးကမှမမီ။ ဒီလိုနှင့်
ညသည် တဖြည်းဖြည်းနှင့် နက်လာခဲ့သည်။ ကင်းသမားများသည် ထင်း
မီးမပြတ်စေရန် ဂရုစိုက်ကြသည်။ မီးတောက်များက အရှိန်ကောင်း
ကောင်းနှင့် တောက်လောင်နေကြလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

မီးပုံမှ တောက်လောင်နေကြသော ထင်းများမှာ တဖျစ်ဖျစ်နှ[…] မြည်နေကြသံများ၊ တစ်ချက် တစ်ချက်မှာ အော်မြည်လာကြသော ညှ[…] ပိုးကောင်လေးများ၏ အသံများကသာ ညဥ့်ကာလကို လွှမ်းခြုံထား[…] သည်။ ကင်းသမားအချို့သည်လည်း တစ်ချက် တစ်ချက်မှာ ငိုက်မြည်း[…] သွားလို့ သတိရပြီး ခေါင်းပြန်ထောင်လာလိုက်နှင့် ရှိနေကြသည်။ ယင်း[…] အချိန်တွင် သစ်ပင်များမှာ ချည်နှောင်ထားကြသော မြင်းများက ဂနာမငြိ[…] ဖြစ်လာကြသည်။

နှာမှုတ်သံများ ပြင်းထန်လာကြသည်။ မြေပြင်ကို ခွာများဖြ[…] ပေါက်ချလာခဲ့ကြသည်။ ငိုက်မြည်းနေကြသော ကင်းသမားများသ[…] ဂနာမငြိမ်ဖြစ်နေကြသော မြင်းများကြောင့် လန့်နိုးလာခဲ့ကြရသည်။ သူ[…] လှမ်းပြီးတော့ကြည့်လိုက်သောအချိန်တွင် မြင်းတွေက ပုံမှန်အတိုင်း[…] ငြိမ်သက်နေကြသည်။

စိတ်ထင်တာပဲဟု လက်ခံလိုက်ကြသည်။ ထို့နောက် တဖြ[…] ဖြည်းနှင့် အိပ်ငိုက်လာခဲ့ကြပြန်သည်။ ထိုအခါ မြင်းများ၏ နှာတရှူးရှူးမှ[…] သံများ၊ တွန်းထိုးလှုပ်ရှားသံများကို ကြားလိုက်ကြရပြန်သည်။ ကင်းသ[…] များက ခေါင်းထောင်လာကြပြန်ကာ ကြည့်လိုက်ကြပြန်သည်။ သို့သေ[…] မြင်းများက ပုံမှန်အတိုင်းပင်။ ကင်းသမားများကလွှဲပြီး မည်သူမှ မနိုး[…]





ဂျိမ်းနှင့်ကုလားဖြူအရာရှိအချို့သည် ရွက်ဖျင်တဲများထဲမှ တခူးခူး တခေါခေါနှင့် အိပ်မောကျနေကြသည်။

ထိုစဉ် . . .

"ဟီး . . . ဟီး . . . ဟီး . . . ဟီး"

မြင်းဟီသံများက ရုတ်တရက်ထွက်ပေါ်လာခဲ့သည်။ လွန်စွာပင် ကျယ်လောင်လှသောကြောင့် ရုတ်တရက် လန့်နိုးသွားခဲ့ကြလေသည်။ ကုလားဖြူအရာရှိများသည်လည်း လန့်နိုးလာကြပြီး သေနတ်များကို ဆွဲကိုင်ကာ ရွက်ဖျင်တဲထဲမှ မဆင်မခြင်ပြေးထွက်လာခဲ့ကြလေသည်။ ယင်းအချိန်တွင် မီးတောက်များ၏အလင်းရောင်အောက်မှာ တွေ့လိုက်ကြရသည်ကား အကောင်အထည်ကြီးမားသော မည်းမည်းသတ္တဝါကြီးအချို့သည် မြင်းများကို မ,ကာ ပခုံးထက်မှာ ကုပ်ကိုစွပြီးတော့ ထမ်းထားကြသည်။ မြင်းများက မြေပြင်နှင့် ခြေထောက်များ လွတ်ထွက်သွားခဲ့ကြပြီး အော်ဟစ်ရုန်းကန်နေကြသည်။ မြင်းတစ်ကောင်လုံးကိုပင် ထမ်းထားနိုင်သည့်ခွန်အားမျိုးရှိသော သတ္တဝါသည် တော်ရုံဗလမျိုးမဟုတ်။

အားလုံးသည် မှင်တက်မိကာ ကြောင်ပြီးတော့ ကြည့်နေကြသည်။ ဂျိမ်းသည် နောက်တော့မှ သတိရလာခဲ့ပြီး . . .

"ဟော့ . . . ဟော့ . . . ပစ်, ပစ်ကြစမ်း"


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပစ်လို့ရမှာလဲ။ ပစ်လိုက်ရင်မြင်းတွေကိုထိမှန်ကုန်မှာ ပေါ့။ မပစ်နဲ့ . . . မပစ်နဲ့။ တော်ကြာ လူတွေကိုပါ ရန်ရှာကုန်ကြလိမ့်မယ်"

မုဆိုးကျောက်ခဲက သတိပေးသည်။ ထိုသတ္တဝါကြီးများသည် ကြီးမားသောကိုယ်လုံးကိုယ်ထည်ကြီးနှင့် မြင့်မားသော အရပ်အမောင်း ကြီးများကို ပိုင်ဆိုင်ထားကြသည်။ မီးရောင်အောက်မှာ မြင်နေရသော မျက်နှာကြီးသည် လူ့ဝံနှင့်လည်း မတူ၊ မျောက်ဝံနှင့်လည်း မတူ။ မည်သည့် အကောင်ကြီးလဲဟု မသိနိုင်လောက်အောင်ပင် စဉ်းစားရခက်လှသည်။ အားလုံးသုံးကောင်ဖြစ်သည်။ လူတွေက သူတို့ကိုကြည့်နေကြစဉ်မှာ အစွယ်ဖွေးဖွေးပေါ်လာကြသည်အထိ သွားကြီးတွေကိုပင် ဖြီးပြလိုက်ကြ သေးသည်။ ရှေးဦးစွာ သတိရလာလိုက်သူက ဂျိမ်း။

"ဟော့ . . . ဟော့ကောင်တွေ . . . ပစ် . . . ပစ်"

"မပစ်နဲ့ . . . မပစ်နဲ့"

မုဆိုးကျောက်ခဲက တားဆီးလိုက်သည်။ သို့သော် မမီတော့ပါ ချေ။

"ဒိုင်း . . . ဒိုင်း"

❖ ❖ ❖



# အခန်း ( ၁၆ )
## ရွှေလျှားရူလား

ကုလားဖြူဂျိမ်းက မဆင်မခြင်ပစ်ထည့်လိုက်သည်။ တစ်ပြိုင် တည်းမှာပင် ဝိုင်းပြီးတော့ ပစ်ခတ်ကြရာ တစ်တောလုံး ဆူညံသွားခဲ့ကြ လေသည်။

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း"

သို့သော် ပစ်မှတ်တွေက လွဲချော်သွားခဲ့ကြသည်။ ပစ်မှတ် တစ်နေရာတည်းကို ဝိုင်းပြီးတော့ ပစ်ခတ်ကြသည့်တိုင် ထိုအကောင်ကြီး များကိုလည်း မထိ၊ မြင်းတွေကိုလည်း ချော်ချက်ပြီးတော့ မထိ။ ကျည်ဆံ တွေက ဘယ်ကိုရောက်သွားကြမှန်းပင် မသိလိုက်ကြ။ ထိုအခါ ကောက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



နှင့် သူလူများကလည်း ထိုသတ္တဝါကြီးများကို လေးမြား၊ ဒူးလေးနှင့် မပစ်ခတ်ဘဲရှိကြသဖြင့် အခြေအနေက တစ်မျိုးပြောင်းသွားခဲ့လေသည်။

ယင်းကား . . .

ထိုထူးဆန်းသောသတ္တဝါကြီးများသည် မုဆိုးကျောက်ခဲတို့အပေါ် အာရုံစိုက်မလာကြဘဲ ကုလားဖြူဂျိမ်းနှင့် သူလူများအပေါ်မှာသာ အာရုံစိုက်လာကြသောကြောင့်ပင်တည်း။

"ဂူး . . . အီး . . . ခွီး"

နှုတ်မှ ထူးခြားသောအသံများ ထွက်ပေါ်လာခဲ့ကြသည်။ ပါးစပ်ကြီးတွေပြဲဟက်လာခဲ့ကြသည်မှာ နားရွက်အထိပင် ရောက်သည်။ ဒေါသထွက်လာကြသော လက္ခဏာများပင်တည်း။

"ဟော့ . . . ဟော့ကောင်တွေ။ ဒီအကောင်ကြီးတွေ ဒေါသထွက်လာကြပြီ။ ငါတို့ကို တစ်ခုခုလုပ်လိမ့်မယ်ထင်တယ်။ ပစ် . . . ပစ် . . . ပစ်ကြလေ။ ဘာလုပ်နေကြတာလဲ"

ဂျိမ်းက အော်ဟစ်ပြီးတော့ သတိပေးလိုက်သည်။ ထိုအခါကျမှ သတိပြန်ရသွားခဲ့ကြပြီး သေနတ်နှင့်ပစ်ခတ်ရန် လှုပ်ရှားလိုက်ကြစဉ်မှာပင် မည်းမည်းကောင်ကြီးများသည် သူတို့စီးမထားသော မြင်းများကို အားနှင့် ပစ်ပေါက်လိုက်ကြလေတော့သည်။





"ဝိုး" "ဘုန်း" "ဘုန်း"

"အား . . . အား"

အရှိန်ဖြင့်လွင့်ထွက်လာခဲ့ကြသော မြင်းများသည် ကုလားဖြူများ၏ ကိုယ်ပေါ်ကို လာ၍ကျကြသည်။ အလန့်တကြားအော်ဟစ်လိုက်ကြသံများ၊ မြင်းများ၏ နာကျင်စွာ အော်ဟစ်လိုက်ကြသံများက ဆူညံသွားခဲ့ကြသည်။

ထိုအကောင်ကြီးများသည် ဤမျှလောက်နှင့် မပြီးသေး။ ကုလားဖြူများဆီကို ခုန်ပေါက်ပြီးတော့ ဝင်လာခဲ့သည်။ အနားကိုရောက်လာကြတော့မှ အရပ်ကြီးတွေက ခြောက်ပေကျော်ကျော်ခန့်မြင့်နေကြပြီး ကိုယ်ခန္ဓာကြီးတွေမှာလည်း ရာဝင်အိုးကြီးလောက်ကို ကြီးထွားနေကြသည်ကို တွေ့လိုက်ကြရလေတော့သည်။

ကုလားဖြူတစ်ဦးသည် ထိုသတ္တဝါကြီးကို သေနတ်နှင့်ပစ်သည်။

"ချောက် . . . ချောက်"

"ဟင် . . . ကျည်မထွက်ဘူး"

ကျည်ကမထွက်။ သေနတ်က ဂျမ်းဖြစ်သွားလေသလား၊ သုံးလေးချက် ဆက်ပစ်သော်လည်း တချောက်ချောက်နှင့်သာ။ ထို့ကြောင့် ဆက်မကြိုးစားတော့ဘဲ ထွက်ပြေးရန် ကြံသည်။ သို့သော် နောက်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေပြီ။ မည်းမည်းကောင်ကြီးသည် ထိုသူ့ကို ကုပ်မှလှမ်းပြီးဆွဲလိုက်သည်။ ထို့နောက် တစ်ချက်တည်း ကိုင်မြှောက်ကာ ပစ်ပေါက်လိုက်လေတော့သည်။ အဝေးကို လွင့်ထွက်သွားခဲ့လေရာ . . .

"အား"

အခြားသောမည်းမည်းကောင်ကြီးနှစ်ကောင်သည်လည်း သူတို့ကို သေနတ်နှင့်ပစ်ခတ်ကြသည့် ကုလားဖြူများကို လိုက်လံပြီး တိုက်ခိုက်ကြသည်။ ကုလားဖြူများသည် ထိုသတ္တဝါကြီးများ၏ ပုံပန်းသဏ္ဍာန်ကိုကြည့်ပြီး ဆက်ပြီးတိုက်ခိုက်ချင်စိတ်မရှိကြတော့။ အလိုလိုနေရင်းနှင့် ကြောက်စိတ်တွေ ဝင်လာခဲ့ကြရသည်။ ထို့ကြောင့် ထွက်ပြေးကြသည်။ သို့သော် သတ္တဝါကြီးများက အမွေးစုတ်ဖွားခန္ဓာကိုယ်ကြီးနှင့် ခုန်ပေါက်ပြီးတော့ ဝင်လာခဲ့ကြသည်။

လျင်မြန်လွန်းလှ၍ ပြေးမလွတ်ကြ။ မည်းမည်းကောင်ကြီးတခြေထောက်နှစ်ချောင်းမှ ဆွဲကိုင်ပိသွားကာ တအားလွှဲပြီးတော့ လွှင့်ပစ်လိုက်လေသည်။

"အား"

ဂျိမ်းသည် ယခုအခါကျမှ ထိတ်လန့်ရကောင်းမှန်းသိလာခဲ့ရသည်။ ကျည်မတိုးတာမဟုတ်။ ကျည်မထွက်သည်သာ။ ကုလားဖြူများ





အိပ်ကြသော ရှက်ဖျင်တဲများကို ဆွဲဆုတ်ဖြဲကာ ဖျက်ဆီးပစ်သည်။ ရှက်ဖျင်များကိုပင် ဆုပ်ဖြဲနိုင်သော စွမ်းအားက မသေးကြပါပေ။ ကုလားဖြူဂျိမ်းမှာ မည်မျှပင် တင်းထား တင်းထား နဂိုကြောက်ကြီးဖြစ်သည့်အားလျော်စွာ ယခုအချိန်မှာ ကြောက်ဒူးတုန်လျက်ရှိသည်။ သေနတ်ကိုပင် ကိုင်နိုင်စွမ်းမရှိတော့။ ရဲကြီးတစ်ခု၏အကွယ်မှာ ပုန်းအောင်းနေရသည့် အဖြစ်သို့ ရောက်သွားခဲ့ရလေသည်။

ထိုမည်းမည်းကောင်ကြီးများသည် ကုလားဖြူများကိုသာ ရွေးပြီးတော့ လိုက်လံရှာဖွေသည်။ ကြောက်ပြီး ဦးတည်ရာကို ထွက်ပြေးသူက ပြေး၊ ပုန်းသူက ပုန်းနှင့် တစ်တောလုံး ဝေသောလီသို့ ဘီလူးများဝင်သည့်ပမာ ထိန်းမနိုင် သိမ်းမရဖြစ်နေလျက် မည်းမည်းကောင်ကြီးများသည် စိတ်ထင်တိုင်းခြေမွှန်းပြီးသကာလ ထိုနေရာမှ လျင်မြန်စွာပင် ထွက်သွားခဲ့ကြလေသည်။

■

ဥဒေါင်းတောကြီးထဲ ခြေတစ်လှမ်းပြီးတစ်လှမ်း ခရီးနှင်နေသော လူတစ်ယောက်။ သူကတော့ ပုတ္တလေးပင်။ ကျောထက်မှာ အဝတ်စ နှင့်ထည့်ထားသော ဓားတစ်ချောင်းကလွဲပြီး ဘာမှမပါ။ ခါးတိုင်း သူ့



www.burmeseclassic.com

www.burmeseclassic.com



မြေလှမ်းနှင့်ဆိုလျှင် ဂူဆီကိုရောက်ရန် တစ်နာရီပင် မကြာ။ ဘိုးစကြာက သူ့ကို ဂူမှာ စောင့်နေမည်ဟုဆိုသည်။ အိပ်မက်ဆိုတာက အိပ်မက်ပါပဲ။ မက်ချင်ရာမက်တတ်သည်။ မကျိန်းသေ။

သို့သော် ဘိုးစကြာက တကယ်ပင် စောင့်နေမှာလားဟု ဟုတ်လိုဟုတ်ငြား ထွက်လာခဲ့ခြင်းပင်။ အိမ်ကိုတော့ မပြောခဲ့။ ပြောမိလျှင် တားကြလိမ့်မည်။ ပုတ္တလေးကို တစ်နေကုန်မတွေ့ရင်လည်း စိတ်ပူနေကြဦးမည်။ မိမိသွားနေကြလမ်းကို လျှောက်ကာ သွားရင်း သွားရင်းနှင့် ဂူဆီကို မှန်မှန်ရောက်။ တစ်နေရာကို ရောက်နေသည်ကို သတိထားမိလာခဲ့သည်။

"ငါ ဘယ်ကိုရောက်လာတာလဲ။ သွားနေကျဖြစ်မ်းလည်း မဟုတ်ပါလား"

ထိုစဉ် . . .

"ဖလပ် . . . ဖလပ် . . . ဖလပ်"

တောင်ပံခတ်သံများကို မမျှော်လင့်ဘဲ ကြားလိုက်ရသည်။ အသံထွက်ပေါ်လာရာဆီကို လှမ်းကြည့်လိုက်ရာ ဥဒေါင်းကြီးတစ်ကောင်သည် မနီမှဲ့မမြင့်မှ ပျံသန်းသွားသည်ကို တွေ့လိုက်ရသည်။ ပင်ကိုင်းကြီးတစ်ခုပေါ်မှာ နားလိုက်သည်။ မတွေ့ရသည်မှာ ကြာပြီဖြစ်သော ဥဒေါင်းငှက်ကြီး။ သူ့တစ်ကောင်တည်းကိုပဲ တွေ့သည်။ အခြားသော အကောင်





များကို မတွေ့ရ။ အံ့အားသင့်မိသွားသည်။

"ဥဒေါင်းငှက်တစ်ကောင်ပါလား"

သူ ကြည့်နေရင်းကပင် အခြားသစ်ပင်ကြီးတစ်ပင်၏ ပင်ကိုင်းဆီကို ကူးသွားကာ နားလိုက်သည်။ ဥဒေါင်းငှက်တစ်ကောင်က ဤမျှအထိမြင့်မြင့် ဝေးဝေး ပျံသွားတတ်သည်ကို တစ်ခါမှ မမြင်ဖူးခဲ့။

ထိုစဉ် . . .

"လိုက်ခဲ့"

နားထဲသို့ အမှတ်မထင်ဝင်ရောက်လာသောစကား။ တစ်ယောက်ယောက်ကများ ပြောလိုက်လေသလားဟု လိုက်ကြည့်မိသည်။ အနားမှာ မည်သူမှမရှိ။ မတွေ့ရ။ နားဝမှာကပ်ပြီး ကြားလိုက်ရသည်က စိတ်အထင်လား၊ တကယ်လား၊ ကြည့်လိုက်တော့လည်း သက်ရှိသတ္တဝါဟူ၍ ဥဒေါင်းငှက်ကြီးတစ်ကောင်ပဲ ရှိသည်။ ဥဒေါင်းငှက်ကြီးက သစ်ပင်တစ်ပင်ပြီးတစ်ပင် ကူးသွားခဲ့သည်။

"ကောင်းပြီ . . . သူ့နောက်ကိုပဲ လိုက်မယ်"

နောက်မှနေ၍ လိုက်သွားခဲ့လေသည်။ သူလိုက်သွားခဲ့စဉ်မှာ တောလမ်းလိုလိုအရာများက ပေါ်ပေါက်လာခဲ့ကြသည်။ ချုံမတိုး၊ ချုံနွယ်ပင်များကို ရှောင်ကွင်းမနေရဘဲ သက်သောင့်သက်သာပင် သွားနေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တော်တော်ကလေးလျှောက်လာပြီးသောအခါ ဥဒေါင်းငှက်ကြီးသည် သစ်ပင်ထက်မှနေ၍ လူတစ်ရပ်မက မြင့်မားသော ချုံကြီးတစ်ခု၏အပေါ်မှ ခုန်ကာ အောက်ကိုဆင်းသွားခဲ့သည်။

ပုတ္တလေးသည် ယင်းချုံကြီး၏ဘေးမှ ကပ်ကျော်ကာ တစ်ဖက်ကို လျှောက်သွားသည်။ ထိုအခါသူ တွေ့လိုက်ရသည်ကား များပြားလှစွာသော ဥဒေါင်းငှက်များပင်။ ယင်းတို့၏အလယ်မှာရှိနေသူကတော့ ဘိုးစကြာပင်တည်း။

"ဘိုးဘိုး"

ပုတ္တလေးက ဝမ်းသာအားရပင် ခေါ်လိုက်သည်။

"လာ . . . လာ . . . လူလေး"

ဥဒေါင်းများ၏အလယ်ကို ပုတ္တလေးရောက်သွားသည်။

ပုတ္တလေးမှာ ဝမ်းသာနေတာကိုပဲခံစားနေရသည်။ အိပ်မက်မက်ပြီးတော့ ရောက်လာခဲ့သည်။ ဘာညာအကြောင်းများကိုတော့ မပြော။ မေးလည်းမမေး။

"လူလေး . . . ဒီကိုရောက်လာလိမ့်မယ်ဆိုတာ ဘိုးဘိုးက သိလို့ ဒီကနေ စောင့်နေတာကွယ့်"

ဘိုးစကြာက လက်နှင့်ဝေ့ယမ်းလိုက်ရာ ဒေါင်းတစ်အုပ်သည်





အလိုက်သိစွာဖြင့် တစ်နေရာကို ပျံသန်းသွားခဲ့ကြလေသည်။

"ကဲ . . . လာ . . . လူလေး"

ဘိုးစကြာသည် ပုတ္တလေး၏လက်ကိုဆွဲကာ ခေါ်သွားသည်။ တစ်ချက်တော့ တွေးမိသည်။ ဤနေရာသည် ဥဒေါင်းတောကြီးပဲလား။ သင်းမှလွန်မြောက်လာခဲ့ပြီလား . . . ဟူ၍

"လူလေး . . . ဒါ . . . ဥဒေါင်းတောကြီးနဲ့ ရိုးမကြီးရဲ့အဆက်အစပ်ကြားပဲကွယ့်"

"ဟုတ်ကဲ့ . . . ဘိုးဘိုး"

သူ့စိတ်ထဲမှ သိချင်နေသည့်အဖြေစကားကို ရသွားသည့်အတွက် အံ့အားသင့်သွားမိခြင်းမဖြစ်မိ။ ဘိုးစကြာက သူ့ကို မည်သည့်နေရာသို့ခေါ်သွားမလဲ ဆိုသည်ကိုလည်း သိချင်စိတ်မရှိ။ မကြာမီ တသွင်သွင်နှင့် စီးဆင်းနေသော စမ်းချောင်းကြီးတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

"ဘိုးဘိုး . . . ရေသောက်ချင်တယ်"

"ခဏနေဦးကွယ့်"

ရေငတ်သည့်စိတ်ကို မျိုသိပ်ပြီးတော့ လိုက်သွားသည်။ စမ်းချောင်းကြီး၏ဘေးမှ ကွေ့ဝိုက်ကာ လျှောက်သွားရသည်။ တစ်ဖြောင့်



www.burmeseclassic.com

www.burmeseclassic.com



တည်းစီးဆင်းနေခြင်းမဟုတ်။ မြွေလိမ်မြွေကောက်ကွေ့ဝိုက်ကာ စီးဆင်းနေခြင်းပင်ဖြစ်သည်။

အနိမ့်ပိုင်းဆီကို မသိမသာဆင်းသွားရသည်။ အောက်ကိုရောက်သွားသောအခါ စမ်းချောင်းကြီးသည် အပေါ်မှာ ကျန်ရစ်ခဲ့သည်။ ဂူကြီးတစ်လုံးကို တွေ့လိုက်ရသည်။

"ဒါ . . . ဘိုးဘိုးနေတဲ့နေရာလား"

"အေး . . . ဟုတ်တယ်"

ဤဂူကြီးသည် ဥဒေါင်းတောကြီးထဲရှိ ဂူနှင့်ခပ်ဆင်ဆင်တူနေသည်ဟုထင်သည်။ နေရာ၊ ဝန်းကျင်သည်လည်း တူနေကြသလို ဤနေရာကိုပဲ ပြန်ရောက်လာခဲ့လေသလားဟု ဇဝေဇဝါဖြစ်သွားခဲ့လေသည်။

"လူလေး . . . ဘိုးဘိုးပေးခဲ့တဲ့ ဆေးပြာမှန်မှန်လျက်ရဲ့လား"

"ဟုတ်ကဲ့။ ကျွန်တော် နေ့တိုင်းလျက်ပါတယ် ဘိုးဘိုး။ ခုထ ထိ ကုန်ကိုမကုန်နိုင်သေးဘူး"

"အေးပေါ့ကွယ်။ ဆက်သာလျက်ပါ။ နောက်တော့ ငါ့သား ရ တောသူတောထဲကို တိုးနိုင်တော့မှာပါ"

"ဟုတ်ကဲ့"





ပုတ္တလေးက ဟုတ်ကဲ့လိုက်သည်။ ဘိုးစကြာဆိုလိုသည်ကို သူ နားမလည်။ ဘိုးစကြာကတော့ ပုတ္တလေးကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့် ရှိနေသည်။ ပုတ္တလေးကို ငှက်ပျောသီးတစ်လုံး ကျွေးသည်။ ရေ တစ်ခွက်တိုက်သည်။

"အား . . . တစ်ခါတည်းကို ဝိုက်ပြည့်သွားတာပဲ ဘိုးဘိုး။ ဒါနဲ့ ဒီဂူကြီးဟာ ကျွန်တော်တို့အရင်ကရောက်ဖူးခဲ့တဲ့ ဂူကြီးနဲ့ ဆင်ဆင်တူ သလားလို့နော်"

"သိပ်ဟုတ်တာပေါ့။ အဲဒီနေရာကဂူကြီးက အခု ဒီကိုရောက် နေတာလေ။ ရွှေ့ထားတာ"

"ဗြော်"

ပုတ္တလေးက ဗြော်ဟုဆိုပြီး ကြောင်စီစီဖြစ်သွား၏။

ဘိုးစကြာ၏စကားကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိ။

"ဒီမှာ လူလေးကို စကားတစ်ခွန်းပြောမယ်"

"ဟုတ်ကဲ့"

"ဟိုဆင်ဖြူလေးကို ဝံအော်နွံကြီးထဲက သားကယ်တင်ခဲ့တယ် ဟုတ်လား"

"ဟုတ်ကဲ့။ ဘိုးဘိုးက ဘယ်လိုသိနေသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီနေရာမှာ ဘာတွေဖြစ်ပျက်နေသလဲ၊ ဘယ်သူတွေ ရောက်နေကြပြီး ဘယ်လိုအကြံအစည်မျိုးနဲ့ အားထုတ်နေကြသလဲဆို တာ အကုန်သိတယ်။ ဘိုးဘိုး မသိတာ ဘာမှမရှိဘူး"

"ဟုတ်ကဲ့"

"အေး . . . ဘိုးဘိုး အစပြောချင်တာက ကုလားဖြူတစ်စုဟာ အဲဒီဆင်ဖြူလေးကို လိုချင်လို့ တောထဲကိုရောက်နေကြတယ်"

"ဟင် . . . ဟုတ်လား ဘိုးဘိုး"

"ဟုတ်တယ်ကွယ့်။ သူတို့ဟာ မကြာခင်မှာ ဆင်ရိုင်းအုပ်ကြီး[illegible] ပက်ပင်းတိုးကြလိမ့်မယ်။ ကြီးမားတဲ့အန္တရာယ်ကို ကြုံတွေ့ကြရ[illegible] မယ်။ ဒါပေမဲ့ ဘိုးဘိုးကတော့ သတိပေးတားဆီးရမှာပဲ"

"ကုလားဖြူတွေရဲ့လက်ထဲမှာ မီးပေါက်သေနတ်တွေပါတယ် သွားတားလို့ ဖြစ်ပါ့မလား ဘိုးဘိုး"

"မီးကျိုးမောင်းပျက်တွေပါကွယ်။ တကယ်တမ်းကျတော့ [illegible] မရကြပါဘူး။ သူတို့ဆီကို သွားရင် ဘိုးဘိုးနဲ့လိုက်ရဲရဲ့လား"

"ဟာ . . . ဘိုးဘိုးကလည်း ဘာလို့မလိုက်ရဲရမှာလဲ"

"အေး . . . ကောင်းပြီ။ ဒီစကားပဲလိုချင်တယ်၊ ယောက်ျားဆို[illegible] ဒီလိုမာကျောတဲ့စိတ်ဓာတ်မျိုး ရှိရတယ်"



## အခန်း ( ၁၇ )
## ဘိုးစကြာက တားမြစ်ခြင်း

ကုလားဖြူဂိုမ်းနှင့် သူ့လူအရှို့တို့သည် အမည်မသိ ကြောက် [illegible]ရာသတ္တဝါကြီးသုံးကောင်၏ တိုက်ခိုက်မှုကို ခံလိုက်ကြရသောကြောင့် [illegible]သွေးပျက်မတတ်ဖြစ်သွားခဲ့ကြရသည်၊ အထိလည်း နာသွားခဲ့ကြရလေ [illegible]သည်။ ထို့နောက် တစ်စုလုံး ဆက်ပြီးမအိပ်ရဲကြတော့။ ယင်းမည်းမည်း [illegible]ကောင်ကြီးများ နောက်တစ်ဖန်ရောက်လာကြလေဦးမလားဟု ထိတ်လန့် [illegible]ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အတူပါလာကြသူတွေအထဲမှ မျက်နှာဖြူမှဆိုးတစ်ယောက်နှင့် ဂေါ်ရာစစ်သားတစ်ဦးလည်း ပျောက်ဆုံးလျက်ရှိသည်၊ မျက်နှာဖြူတစ်ယောက်ကတော့ ကိုင်အပေါက်ခံရသည့်အတွက် ကြီးကျယ်စွာဒဏ်ရာမရသော်လည်း သတိမေ့လျက်ရှိသည်။ ဒါလောက်နှင့် ကံကောင်းသည်ဟု ဆိုရပေမည်။

ကုလားဖြူဂျိမ်းသည် ထိုကြောက်စရာသတ္တဝါကြီးများကို မိမိတို့ကသာ တိုက်ခိုက်ကြရပြီး မှဆိုးကျောက်ခဲတို့ဘက်မှ လုံးဝမတိုက်ခိုက်ကြသည့်အတွက် ဒေါသူပုန်ကန်လျက်ရှိသည်။ ထိုအခါ ညတွင်းချင်းပင် မအောင့်အည်းနိုင်တော့ဘဲ . . .

“မောင်မင်းတို့က ဒီသတ္တဝါတွေကို ဘာဖြစ်လို့မတိုက်ခိုက်ကြတာလဲ။ မောင်မင်းတို့မြန်မာတွေ သတ္တိကြောင်သွားခဲ့ကြတာလား။ ဒီမှာ ကျုပ်တို့လူတွေ ဒုက္ခရောက်ကုန်ကြပြီ။ ပစ္စည်းတွေလည်း အဖျက်အဆီးခံရတယ်။ မြို့ကိုပြန်ရောက်ရင် အရေးယူခံရမယ်။ ထောင်ထဲပို့ပစ်မယ်”

မုဆိုးကျောက်ခဲက ထင်းမီးထိုးနေရင်းက နေရာမှထလာသည်။ ကုလားဖြူဂျိမ်း၏ရှေ့မှာ ရဲတင်းစွာပင် ရပ်လိုက်သည်။

“သခင်ကြီးကို ကျွန်တော် သတိပေးသားပဲ၊ သူတို့ကို မပစ်ပါနဲ့လို့။ ခုလို သူတို့က အတိုက်ခိုက်ခံလိုက်ကြရလို့ တုံ့ပြန်ကြတာ၊ ပြော





တိုင်းမလုပ်တော့ ခုလိုခံကြတာပေါ့”

“ဘာပြောတယ်။ ကျုပ်က မောင်မင်းရဲ့အမိန့်ကို နာခံရမှာလား။ ဒီတောထဲကို ကျုပ်က ဦးဆောင်ပြီးတော့လာတာ။ မောင်မင်းကို ငွေပေးပြီးတော့ ခေါ်လာတာ၊ ဒါကို သိပါ။ ကျုပ်ရဲ့အမိန့်ကိုသာ အားလုံးက နာခံကြရမယ်”

“ဒီလိုဆိုရင် သခင်ကြီးတို့ပဲ ဆင်ဖြူနောက်ကိုဆက်ပြီးတော့ လိုက်ကြပါ။ ကျွန်တော်တို့ ပြန်မယ်”

“ဘာ . . . ဘယ်လိုစကားမျိုးပြောလိုက်တယ်။ မောင်မင်းက ကျုပ်ရဲ့အမိန့်ကို အာခံတာလား။ နောက်တစ်ခါ ပြန်မယ့်စကားမျိုးပြောကြည့် မောင်မင်းရဲ့ခေါင်းထဲကို ဟောဒီသေနတ်ထဲက ကျည်တစ်တောင့် ပစ်သွင်းခံရမယ်မှတ်”

ကုလားဖြူဂျိမ်းသည် သူ့လူတွေထိခိုက်ကုန်ကြသည်ဖြစ်၍ ဒေါသထွက်ကာ မဲမိမဲရာကို မဲလေတော့သည်။ မှဆိုးကျောက်ခဲလည်း သွေးနည်းသူမဟုတ်။ သူ့ကို ဤသို့ခြိမ်းခြောက်စကားဆိုလာခဲ့သည့်အတွက် မကျေမနပ်ဖြစ်သွားခဲ့ရလေသည်။ ပြန်ပြောမည်ပြုစဉ် . . .

ထိုအခိုက် . . .

“ဝိုး”



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသောပင်စည်ပိုင်းကြီးတစ်ခုသည် အမှောင်တွင်း တစ်နေရာကနေ လွင့်စင်ကာ ထွက်လာပြီး ကုလားဖြူဂျိမ်း၏ခေါင်းထက်ကကပ်ပြီး ကျော်ထွက်သွားခဲ့သည်။

"ဘုန်း"

သစ်ပင်ကြီးတစ်ပင်ကို အရှိန်ပြင်းစွာထိမှန်သွားသည်။

"ဖြောင်း" "ဝုန်း"

သစ်ပင်ကြီးလည်း အမြစ်မှကျွတ်ထွက်သွားကာ လဲကျသွားခဲ့လေတော့သည်။

"အလို ... ဘုရားသခင်"

ကုလားဖြူဂျိမ်းသည် အကြောက်ကြီးကြောက်သွားကာ ဘုရားတမိလိုက်လေတော့သည်။ မည်သူက မည်သည့်နေရာကပစ်လိုက်သည်မှန်း မသိလိုက်ကြ။

■

မနက်မိုးလင်းသော် ...

မြင်မြင်ထင်ထင်ရှိလာခဲ့ပြီဖြစ်၍ ပျောက်ဆုံးသွားသော လူနှစ်ယောက်ကို လိုက်ရှာကြသည်။ သိပ်ဝေးဝေးအထိ မရှာကြရပါ။ ကိုက်





ငါးဆယ်အကွာလောက်မှာ မျက်နှာဖြူမုဆိုးနှင့် ဂေါ်ရာစစ်သားနှစ်ယောက်ကို တွေ့လိုက်ကြရသည်။ သစ်ပင်ခွကြားများတွင် တင်နေကြသည်။ သေဆုံးနေကြလေပြီ။

စိတ်ဓာတ်အနည်းငယ် ကျဆင်းစပြုနေပြီဖြစ်သော ကုလားဖြူဂျိမ်းသည် သူ့လူနှစ်ယောက်ကို စိတ်မကောင်းခြင်းကြီးစွာဖြင့် ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်သည်။ သတိမေ့နေသောသူသည်လည်း ညပိုင်းကတည်းက သတိရလာခဲ့သည်။ သို့သော် မနက်မိုးအလင်းမှာ ကြောင်တောင်တောင်အမူအရာဖြင့် တွေ့လိုက်ကြရသည်။ ညက သူ့ကိုယ်သူဘာဖြစ်လို့ဖြစ်သွားမှန်းပင် မသိလိုက်။

ဤနေရာသည် မြေကြမ်းသည်။ မကောင်းသောအကြံအစည်တစ်ခုခုနှင့် ရောက်လာခဲ့လျှင် သိသာစွာ တုံ့ပြန်တတ်သည်။ မုဆိုးကျောက်ခဲက ကိုယ်တွေ့မကြုံဖူးသော်လည်း ကြုံဖူးကြသူများက ပြောပြကြ၍ သိထားသည်။ ထို့ကြောင့် ညကတည်းက သတိထားနေမိသည်။ သူတို့ကို တိုက်ခိုက်ကြသော အမွေးစုတ်ဖွားနှင့် သတ္တဝါကြီးသုံးကောင်သည် ဘယ်ကနေ ဘယ်လိုရောက်လာကြမှန်းမသိကြ။ ဘီလူးသဘက်များပမာ ကြမ်းတမ်းကြသည်။

မြင်းများသည်လည်း အရိုးလန့်ပြီးတော့ ထွက်ပြေးကုန်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အချို့ကတော့ သေဆုံးကုန်ကြလေပြီ။ သတ္တဝါကြီးများ၏ ကိုင်အပေါက်ခံကြရ၍ အချို့ခြေကျိုးကာ ဒဏ်ရာရနေကြသည်။

"သုံးမရတဲ့မြင်းတွေ။ အားလုံးထွက်ပြေးကုန်ကြပြီ။ ကျန်တဲ့အကောင်တွေကလည်း ကျိုးတွေဖြစ်ကုန်ကြပြီ။ ဘာလုပ်လို့ရမှာလဲ"

"ဒိုင်း" "ဒိုင်း" "ဒိုင်း"

ဂျိမ်းသည် မြင်းများ၏ခေါင်းကိုတေ့ကာ ကျည်တစ်တောင့်စီ ပစ်သွင်းလိုက်သည်။ ခရီးတစ်လျှောက်လုံး တာဝန်ကျေပွန်စွာ ထမ်းဆောင်လာသော ရဲဘော်ရဲဘက်မြင်းများမှာ ဂျိမ်း၏လက်ချက်ကြောင့် ကျဆုံးသွားခဲ့ကြလေသည်။

"တော်တော်ရက်စက်တဲ့ ကုလားဖြူပဲ"

ကုလားဖြူဂျိမ်းကို အားလုံးကရွံ့မုန်းသွားကြသည်။ ခရီးဆက်ကြသည်။ ဘိလပ်ကခေါ်ထားသော မုဆိုးတစ်ယောက်လည်း ဘာကောင်ကြီးမှန်းမသိရသည့် အကောင်ကြီး၏လက်ချက်ဖြင့် အနိစ္စရောက်သွားခဲ့ရပြီ။ ဂျိမ်း အားလျော့သွားသည်ကတော့ အမှန်။

"ကျောက်ခဲ ... ဆင်ရိုင်းတွေနောက်ကို ဆက်လိုက်ကြမယ်"

မုဆိုးကျောက်ခဲက ခေါင်းညိတ်လိုက်သည်။ ဂျိမ်းက ကျောက်ခဲကို မကျေနပ်။ ကျောက်ခဲကလည်း ဂျိမ်းကို မကျေနပ်။





"ငါလူနှစ်ယောက်သေသွားကြပြီ။ အဲဒါ မင်းတို့ကြောင့်ပဲ။ နောက်တစ်ခါဒီလိုမဖြစ်ပါစေနဲ့။ မောင်မင်းတို့ရဲ့အသက်ဟာ ငါ့လက်ထဲမှာ ရှိနေတယ်ဆိုတာ သိထား"

ခြိမ်းခြောက်လိုက်သေးသည်။ နေထားဦးပေါ့။ ရှေ့ဆက်ကြုံတွေ့လာရဦးမည့် အန္တရာယ်ကို မခန့်မှန်းနိုင်။ ညက ပစ်ခတ်လိုက်သည့် သေနတ်သံများကို ဆင်ရိုင်းများကြားလောက်ကြသည်။ နလောက်ဆိုလျှင် သတိထားနေလောက်ကြပြီ။ အန္တရာယ်ကို ခန့်မှန်းစောင့်စားနေလောက်ပေပြီ။

"မြန်မာတွေသတ္တိကြောင်တယ်လို့ ပြောရဲတဲ့ ကုလားဖြူစုတ်။ ငါနဲ့ ရှေ့ဆက်တွေ့ကြဦးမှာပေါ့ကွာ"

မုဆိုးကျောက်ခဲက စိတ်ထဲမှာ တေးပြီးတော့ မှတ်ထားလိုက်သည်။ ဆင်ဖြူလေးကိုရှာရင်း ရိုးမတော်ကြီးထဲမှာ ပျောက်ဆုံးသွားခဲ့ကြသည့် ကုလားဖြူတစ်သိုက်၏သတင်းဆိုးကို ဂျိမ်းဆိုသည့်လူ မကြားမရှိနေလိမ့်မည်မဟုတ်။

မြင်းများမရှိကြတော့၍ ကုလားဖြူတွေ ခြေကျင်လျှောက်ကြရပြီ။ တောကိုနင်းရသည့်အလုပ်က ပင်ပန်းသည်ကို သူ မသိလေရော့သလား။ ပျော်ပွဲစားထွက်သလို အပျော်ခရီးမျိုးမဟုတ်သည်ကို နားလည်



www.burmeseclassic.com

www.burmeseclassic.com



ကြလျက်နှင့် . . .

"ကိုကျောက်ခဲ ဒီကုလားဖြူတွေဟာ ဆင်ဖြူလေးတစ်ကောင်ကို အရှင်ဖမ်းချင်တာနဲ့ ကောင်ရေသုံးရာလောက်ရှိတဲ့ ဆင်ရိုင်းအုပ်ကြီးကို ရင်ဆိုင်ကြမယ်ဆိုတာ သတ္တိလို့ပဲခေါ်မလား၊ မိုက်ကန်းတယ်ပဲခေါ်မလား"

"ဆင်ရိုင်းတွေနဲ့တွေ့တော့ ဒီမျိုးမစစ်တွေ ဘယ်လို ရင်ဆိုင်ကြမလဲဆိုတာ စောင့်ကြည့်ကြရုံပေါ့ဗျာ။ သေနတ်အားကိုးပြီး ဘာအတွေ့အကြုံမှမရှိဘဲ ထင်ရာလုပ်လို့ကတော့ တော်တော်ကြည့်ကောင်းမယ့်ပွဲဖြစ်လာမှာပဲ"

အဖော်တစ်ယောက်က မေးသည်ကို မယုတ်မလွန် ဖြေလိုက်သည်။ ရင်လေးစရာလည်းအမှန်ပင်ဖြစ်သည်။ တော်တော်လေး လျှောက်လာကြသောအခါ တောသည် ပိုပြီးတော့နက်ရှိုင်းလာသည်။ တစ်နေရာကို အရောက်တွင် တောသည် ပိုပြီးတော့နက်ရှိုင်းလာသည်။ တစ်နေရာကို အရောက်တွင် မြေပြင်ထက်မှာ မြင်လိုက်ရသည့်အခြင်းအရာများကြောင့် မုဆိုးကျောက်ခဲ မျက်လုံးပြူးသွားခဲ့ရသည်။

ဆင်ချေးများ။ ပါချထားခဲ့ကြသည်မှာ ပူပူနွေးနွေးပင် ရှိကြသေးသည်။ အံ့အားသင့်မိသွားရုံမက တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။





"ဆင်ရိုင်းတွေဟာ မကြာမတင်သေးကာလကမှ ဒီနေရာက ထွက်သွားကြတာပါလား။ ဒါဆိုရင် သူတို့ဟာ တစ်ညလုံး ဒီမှာပဲရှိနေခဲ့ကြတဲ့ လက္ခဏာပဲ"

သူတို့စခန်းချခဲ့ကြသည့်နေရာနှင့် ဘယ်လောက်မှလည်းမဝေးဟု သိရသည်။ အတူပါလာသော မြန်မာမုဆိုးတစ်ဦးကလည်း အခြေအနေကိုကြည့်ပြီး သဘောပေါက်သွားခဲ့ရသည်။

"ကိုကျောက်ခဲ . . . ခုအတိုင်းဆိုရင် ညက စခန်းမှာဖြစ်ပျက်ခဲ့ကြတာတွေကို ဆင်ရိုင်းတွေက သိကြ ကြားကြမှာပဲ။ ကျွန်တော်တို့ကိုဝင်ပြီးတော့ တိုက်ခိုက်ကြရင်တောင် ရတယ်။ ဒါနဲ့တောင် မတိုက်ခိုက်ကြဘဲ ငြိမ်နေကြတာ ဘာသဘောလဲမသိဘူး"

"ဟုတ်တယ်. . . ကျွန်တော်လည်း အဲဒါကိုပဲ စဉ်းစားနေတာ။ ဆင်ရိုင်းတွေမှာ အကြံအစည်ရှိပုံရတယ်၊ ခုအချိန်ကစပြီးတော့ သတိထားကြရတော့မယ်ဗျို့"

သူတို့နှစ်ဦး တိုးတိုးစကားပြောနေကြသည်ကို ကုလားဖြူ ဂျိမ်းက သက်သာမကောင်းဖြစ်သွားသည်။

"မောင်မင်းတို့နှစ်ယောက် ဘာတွေတိုင်ပင်နေကြသလဲ။ ထွက်ပြေးဖို့တော့ မစဉ်းစားကြနဲ့နော်။ ကျုပ်က ညာမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထွက်ပြေးဖို့မဟုတ်ဘူး။ ထွက်ပြေးစရာမလည်း မလိုဘူး။ ညက ကျွန်တော်တို့စခန်းချနေကြတဲ့နေရာနဲ့ ဆင်အုပ်က နီးနီးကလေးရှိနေတယ်။ တကယ်လို့သာ တောဆင်ရိုင်းတွေသာ ဝင်ပြီးတိုက်ခိုက်ကြရင် ညကတည်းက အားလုံးကိစ္စချောကုန်ကြလောက်ပြီ"

ဂျိမ်း၏မျက်နှာ ဖြူရော်ရော်ဖြစ်သွားခဲ့သည်။ သို့သော် . . .

"မောင်မင်းပြောတဲ့ တောဆင်ရိုင်းတွေက ကျုပ်တို့ရဲ့သေနတ်သံတွေကိုကြားပြီး ကြောက်လန့်သွားကြလို့ဖြစ်မှာပေ့ါ။ ဒါကြောင့်မို့ အနားမကပ်ရဲကြတာ။ ဘာမှပြောမနေနဲ့၊ ဒီဆင်ရိုင်းတွေနဲ့ မြန်မြန်တွေ့ဖို့က အရေးကြီးတယ်။ သွားကြမယ်"

"အင်း . . . ပြောလိုက်တဲ့စကား၊ ငှက်ပျောသီးအခွံနွှာစားတာ ကျနေတာပဲ။ လွယ်လိုက်တာ"

မုဆိုးကျောက်ခဲမှာ မိုက်ရူးရဲဆန်သော မျက်နှာဖြူတစ်ယောက်၏ အရည်အချင်းကို လုံးဝအထင်မကြီးတော့။ ထို့ကြောင့် သတိနှင့်ဆက်ပြီး ချီတက်လာခဲ့သည်။ ဆင်သွားလမ်းတစ်လျှောက် ဆင်များ နင်းထားသော မြက်ပင်များကပိပြားနေကြကာ မြေကြီးနှင့် တစ်သားတည်းရှိနေကြဆဲ ပြန်မထောင်နိုင်ကြသေး။ ထို့ကြောင့် ဆင်ရိုင်းတွေဝေးဝေးကို မရောက်နိုင်သေး။ သို့ရှိစဉ် . . .





သူတို့ရှေ့တောတွင်းတစ်နေရာက အမှတ်မထင် ထွက်လာကြသူနှစ်ယောက်။ သူတို့ကတော့ ဘိုးစကြာနှင့် ပုတ္တလေး။ ထိုအခါ အားလုံးသည် မှင်တက်မိသွားခဲ့ကြရလေသည်။

"ဟော့ . . . ဟိုရှေ့က ဘယ်သူတွေလဲ၊ ရပ်လိုက်ကြစမ်း"

ကုလားဖြူဂျိမ်းက သေနတ်ဖြင့် ထိုးချိန်ကာ ပြောလိုက်သည်။

"အေး . . . ငါတို့ရပ်နေကြတာပဲလေ။ မင်း မမြင်ဘူးလား"

"ငါ့ကိုမလေးမစားမပြောနဲ့၊ မောင်မင်းတို့က ဘယ်သူတွေလဲ"

"ဟိတ် . . . ငါတို့ကို မင်းက စစ်လား မေးလားလုပ်ဖို့မလိုဘူးကွ။ မင်းတို့အားလုံးကို သတိပေးဖို့လာတာ၊ ရှေ့မှာ ဆင်ရိုင်းအုပ်က နီးနီးလေးရယ်၊ မင်းတို့ဆက်ပြီးသွားရင် အန္တရာယ်ပြုခံကြရလိမ့်မယ်။ ငါ လာပြီးသတိပေးတာ"

ထိုအခါ ကုလားဖြူဂျိမ်းသည် ဘိုးစကြာကို ပိုပြီးတော့ မသင်္ကာဖြစ်သွားခဲ့ရသည်။

"ဒီမှာ . . . မောင်မင်းတို့က ဒီဆင်ဖြူလေးကို ငါတို့ဖမ်းမှာစိုးလို့ အစ်ဇက်လှည့်နဲ့လာတာဖြစ်တာ။ သိတယ်။ မလိုချင်ဘူး . . . ထွက်သွား။ မသွားရင် ငါ ပစ်ထည့်လိုက်မယ်"

"သေမင်းဆီကို စောစောစီးစီး ဒူးထောက်ပြီးတော့ သွားချင်ကြ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကုလားဖြူတွေ နင်တို့ထိုက်နဲ့ နင်တို့ကံပဲ။ ဟော့ . . . မင်းတို့လည်း သတိထားကြ။ ကုလားဖြူတွေကို အားပေးအားမြှောက်လုပ်ကြတဲ့ကောင်တွေ အသက်ဉာဏ်စောင့်သတဲ့ကွယ့်။ ကိုယ့်အသက်ကို တန်ဖိုးထားတယ်ဆိုရင် ဆင်ခြင်ကြ"

ဘိုးစကြာသည် ပုတ္တလေးနှင့်အတူ နေရာမှပြန်လှည့်ထွက်သွားခဲ့လေ၏။ မုဆိုးကျော်ခဲသည် ဘိုးစကြာတို့ပြန်ဝင်သွားသောနေရာကို ကြည့်မိလိုက်သည်။ တောဆင်ရိုင်းများဦးတည်ပြီး ထွက်ခွာသွားသည့် လမ်းကြောင်းနှင့် တစ်ထပ်တည်းကျနေသည်ကို တွေ့လိုက်ရသည်။ မှန်းဆမိသည်က သူတို့နှစ်ယောက်သည် တောဆင်ရိုင်းများ၏နောက်ကို လိုက်သွားကြသလိုပင်။

❖ ❖ ❖



## အခန်း ( ၁၈ )
## စိန်ခေါ်သံကြီး

မျက်နှာဖြူဂိုမ်းသည် ဘိုးစကြာတို့ ထွက်သွားကြသည်ကို မှင်တက်မိပြီးတော့ ကြည့်နေမိသည်။ တစ်ခဏအကြာမှ ချက်ချင်းပင် သတိဝင်လာခဲ့ပြီး . . .

"ဟော့ . . . ဟော့ . . . ဒီကောင်တွေကို ငါတို့ဖမ်းထားရမှာကွ။ ဘယ့်နှယ်ကြောင့် လွှတ်ပေးမိလိုက်ရပါလိမ့်။ လိုက် . . . လိုက်ကြစမ်း"

မုဆိုးကျော်ခဲနှင့် ရွာသားများက တုတ်တုတ်မျှပင်မလှုပ်ကြ။



www.burmeseclassic.com

www.burmeseclassic.com



ကုလားဖြူမှုဆိုးနှစ်ဦး၊ ဝေါ်ရာပုလိပ်များနှင့်အတူပါလာကြသော ကပြား အရှိုက သခင်အားရ ကျွန်ပါးဝ ဆိုသည့်အတိုင်း နောက်မှနေ ပြေးလိုက် သွားကြသည်၊ ထိုအခါ ခြေသံများက ရှုည့်လျက်ရှိနေကြကာ တဖြောင်း ဖြောင်း တဝုန်းဝုန်းနှင့်သာ ရှိနေကြလေတော့သည်။

မှုဆိုးကျော်ခဲသည် သူတို့ကို တားဆီးရန် ဘယ်လိုမှမမီ တော့၊ အထိတ်တလန့်ဖြစ်သွားခဲ့ရသည်။ အကြောင်းမှာ ယင်းဆူညံသံ များကို တောဆင်ရိုင်းများက ကောန်မှုချကြားနိုင်ကြသည်ဖြစ်သောကြောင့် ပင်တည်း။

"ဗို့...ဒုက္ခတော့ရောက်ကုန်ကြတော့မှာပဲ။ တောဆင်ရိုင်းတွေ ဟာ သိပ်မဝေးကြတော့ဘူးဗျ။ သတိသာထားကြပေတော့၊ အရေးကြုံရင် ဘယ်လိုပြေးရမယ်ဆိုတာ သိကြတယ် မဟုတ်လား။ တောဆင်ရိုင်းမကြီး ဟာ သူ့သားဆင်ဖြူလေးကို ကုလားဖြူတွေရဲ့လက်ထဲ ဘယ်နည်းနဲ့မှ အရောက်ခံမှာ မဟုတ်ဘူး"

"ဒီလိုမှန်းသိရင် ခင်ဗျားက ဆင်ဖြူလေးနဲ့ပတ်သက်ပြီး သူတို့ကို ဘာဖြစ်လို့ သတင်းပေးခဲ့ရတာလဲ"

တစ်ယောက်က မကျေမနပ်နှင့်မေးရာ...

"ကျုပ်မှားပါတယ်ဗျာ။ ဝန်ခံပါတယ်။ ဒါပေမဲ့ ဘယ်လိုမှ နောက်





ဆုတ်လို့မရတော့ဘူး။ ကံတရားကိုပဲ တိုင်တည်ရမှာပဲ"

မုဆိုးကျော်ခဲက နောင်တရသည့်အသံမျိုးဖြင့် ပြောသည်။

"ကဲ...ပြီးခဲ့ပြီးတာတွေထားတော့၊ ဟိုကုလားဖြူတွေ စောစော က လူကြီးကို လိုက်ဖမ်းဖို့ ထွက်သွားကြလေရဲ့၊ ဆင်ရိုင်းအုပ်နဲ့တိုးပြီး ပြဿနာတော့ တက်ကုန်တော့မှာပဲ"

သူတို့သည် ကုလားဖြူဂိုမ်းတို့ ထွက်သွားရာဆီကို စိုးရိမ်တကြီး နှင့် လှမ်းပြီးတော့ ကြည့်လိုက်ကြသည်၊ တစ်ချိန်က မုဆိုးကြီးဦးဖိုးခက် နှင့်အတူ ဆင်ဖြူဖမ်းရန်ထွက်လာသော ကုလားဖြူဗိုလ်မှူးနှင့် သူ့လူများ သည်လည်း ဤသို့ မဆင်မခြင်ပြုခဲ့ကြသည်၊ ကိုယ်ထင်ရာစိုင်းကာ တော ဆင်ရိုင်းကြီးများ၏နောက်ကို လိုက်ခဲ့ကြသည်၊ ထိုအခါ ကုလားဖြူအရှို့ သည် ပြန်မလာနိုင်ကြတော့ဘဲ ပျောက်ချင်းမလှ ပျောက်သွားခဲ့ကြလေ သည်၊ မည်သည့်အကြောင်းကြောင့် မည်ကဲ့သို့ ပျောက်သွားကြသည်ကို မည်သူမှ မသိနိုင်ကြတော့ပေ၊

■

တောတွင်းတစ်နေရာ...

နက်ရှိုင်းသော တောအုပ်ကြီးထဲတွင် ထူးခြားမှုမရှိဟု ထင်ရ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မည်သူမှမထင်မှတ်နိုင်သော အခြေအနေတစ်ခုက ရပ်တည်လျက်ရှိနေသည်။ များပြားလှသော တောဆင်ရိုင်းကြီးများသည် ကိုယ်ယောင်ဖျောက်နေကြသောကြောင့်ပင်။ ယင်းတောဆင်ရိုင်းများရှိရာကို မကြောက်မရွံ့နှင့် သွားနေကြသူများကတော့ ကုလားဖြူများပင်တည်း။ သူတို့သည် အခြေအနေကို မသုံးသပ်ကြဘဲ စောစောကထွက်သွားခဲ့ကြသော ဘိုးစကြာနှင့် ပုတ္တလေးတို့ကို လိုက်ရှာနေကြခြင်းပင်။

"ဟာ . . . ဟော . . . ဟိုမှာ သွားနေကြတုန်းပဲ။ တွေ့လား"

ဘိုးစကြာနှင့်ပုတ္တလေးတို့ကို မျက်ခြည်ပြတ်သွားပြီးကာမှ ရုတ်ခြည်းပင် ပြန်ပြီးတော့တွေ့လိုက်ကြရသည်။ ထို့ကြောင့် အံ့အားသင့်သွားခဲ့ကြလေသည်။

ဘိုးစကြာတို့သည် ဆင်ရိုင်းများ ကိုယ်ယောင်ဖျောက်နေကြသော တောနက်ကြီးထဲကို ဝင်သွားခဲ့ကြလေ၏။

"မျက်ခြည်ပြတ်သွားလိမ့်ဦးမယ်၊ မြန်မြန်လိုက်ကြဟေ့"

ကုလားဖြူဂိုမ်းပါ တောက်လျှောက်လိုက်ပါလာသည်ဖြစ်၍ ခပ်လောလောလေး ပြောလိုက်သည်။ ထိုစဉ် သူတို့၏ခြေလှမ်းကို မထင်မှတ်ဘဲ တန့်သွားစေသောအကြောင်းကား ဆင်ဖြူလေးတစ်ကောင်သည် အမှတ်မထင် တောထဲက ထွက်လာခဲ့သောကြောင့်ပင်ဖြစ်သည်။





"ဟာ . . . ဟို . . . ဟိုမှာ ဆင်ဖြူလေး"

ကုလားဖြူဂိုမ်းသည် ဆင်ဖြူလေးကို မြင်လိုက်ရသည်နှင့် တုန်တုန်ယင်ယင်ဖြစ်သွားခဲ့ရသည်။ ပါးစောင်နှစ်ဖက်မှ မည်းနက်နေသော အစွယ်နှစ်ချောင်းသည်လည်း သိသာစွာပင် ပြူထွက်နေပြီဖြစ်သည်။ ကုလားဖြူအရာရှိသည် ထူးခြားရှားပါးသော ဆင်ဖြူလေးကို တွေ့လိုက်ရသောအခါ . . .

"ဟော့ . . . ဟော့ကောင်တွေ ပိုက်နဲ့ပစ် . . . ပိုက်နဲ့ပစ်"

ပိုက်များပါလာခဲ့ကြသည်ဖြစ်၍ ဆင်ဖြူလေးဆီကို မဆင်မခြင် ပြေးသွားခဲ့ကြသည်။ ယင်းအခြေအနေကို မြင်သွားသောသူကား ပုတ္တလေးပင်။

"ဟာ . . . ဆင်ဖြူလေးကို ဟိုလူတွေဖမ်းကြတော့မယ်။ ဟော့ မလုပ်နဲ့ . . . မလုပ်နဲ့"

ပုတ္တလေးက အော်ဟစ်ပြီးတော့ ပြေးဝင်သွားခဲ့သည်။ ထိုအခါ ကုလားဖြူများသည် မထင်မှတ်ဘဲ ဝင်လာခဲ့သော ပုတ္တလေးကြောင့် ဒေါသထွက်သွားခဲ့ကြရသည်။

"ဒီကောင် ဘမင်ဝင်ရှုပ်တာပဲ၊ ရှုပ်နေသလား . . . ဟော့ . . . ဒီကောင်ကို ပိုက်နဲ့အုပ်ပြီးအရှင်ဖမ်း။ ဆင်ဖြူလေးကိုလည်း ဖမ်း။ မမွတ်



www.burmeseclassic.com

www.burmeseclassic.com



စေနဲ့"

ကုလားဖြူဂျိမ်းက အော်ဟစ်ပြီးတော့ အမိန့်ပေးလိုက်သည်။ တပည့်လက်ပါးစေများသည် လူခွဲပြီး ပုတ္တလေးနှင့် ဆင်ဖြူလေးဆီကို ပြေးဝင်သွားခဲ့ကြသည်။ သို့သော် ပုတ္တလေးကလည်း လေ၏လျင်မြန်ခြင်းနှင့်အတူ မျက်နှာချင်းဆိုင် ရင်ဆိုင်ကာ ပြေးဝင်သွားခဲ့သည်။

"ဖြောင်း" "အင့်" "အား" "ခွပ်"

လေထဲတွင် မြောက်တက်သွားသော ခုန်ဝင့်သွားခဲ့ပြီး ခြေရာလက်ပါ ပါသွားကာ တိုက်ခိုက်ပစ်လိုက်လေတော့သည်။ ကုလားဖြူများသည် ပိုက်များကိုပင် မမြှောက်လိုက်နိုင်ကြ။ မျက်နှာရင်ဘတ်များဆီသို့ တရစပ်ဝင်လာခဲ့သော လက်သီး၊ ဒူး၊ တံတောင်၊ ခြေများကြောင့် အထိနာသွားကြသည်။ မြိုးမြိုးမြက်မြက်ကလေး ခံစားသွားခဲ့ကြရလေသည်။ အစုလိုက်အပြုံလိုက် ပစ်လဲပြီးတော့ ကျကုန်ကြသည်။

ဆင်ဖြူလေးသည် ပုတ္တလေးကို မြင်သော် စိန်းစိန်းကြီးကြည့်နေသေး၏။ နောက်တော့မှ မှတ်မိသွားဟန်ဖြင့် ပြေးချလာခဲ့သည်။ ပုတ္တလေး၏အနားကို ရောက်သော် ကိုယ်လုံးနှင့်ပွတ်တိုက်သည်။ နှာမောင်းနှင့် ပုတ္တလေး၏ကိုယ်ကိုထိကာ နမ်းသည်။ ဆင်ဖြူလေးကို ကြည့်ရသည်မှာ ပုတ္တလေးနှင့် မမျှော်လင့်ဘဲ ဆုံမိလိုက်ရ၍ ပျော်သွားပုံရသည်။ မြူးထူး





လျက်ရှိသည်။

ကုလားဖြူဂျိမ်းသည် ပုတ္တလေးနှင့်ဆင်ဖြူလေးတို့၏ ရင်းနှီးကျွမ်းဝင်နေကြပုံကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ လူသားတစ်ဦးနှင့် ဆင်ရိုင်းကလေးတို့ ဤသို့ချစ်ခင်နေကြသည်မှာ သူ့အတွက်တော့ မယုံနိုင်စရာပင်။

သူ့လူများကို ပုတ္တလေးက တိုက်ခိုက်လိုက်သည်ကိုလည်း မျက်ဝါးထင်ထင်ပင် မြင်တွေ့လိုက်ရသည်။

"ဒီကောင် တော်တော်သတ္တိကောင်းတာပဲ။ ဆင်တစ်ကောင်လောက်နီးပါး ခွန်အားဗလရှိတယ်။ ဆင်ဖြူလေးနဲ့ ဘယ်လိုပတ်သက်နေသလဲ။ ဟေ့ . . . ဒီကောင်ဝင်နှောင့်ယှက်လို့ ငါ့လူတွေ ဒုက္ခရောက်ကုန်ကြပြီ။ ဒီကောင့်ကို မမိ မိအောင်ဖမ်း။ ဆင်ဖြူလေးကိုလည်း ထွက်မပြေးနိုင်အောင် ခြေထောက်ကိုပစ်။ ဒါမှ ဒဏ်ရာရပြီး မပြေးနိုင်မှာ"

ကုလားဖြူဂျိမ်း၏ပက်စက်သော အကြံအစည်ပင်ဖြစ်သည်။ ယင်းအချိန်တွင် ပုတ္တလေးသည် . . .

"လာ . . . မင်းအတွက် အန္တရာယ်ရှိတယ်"

ဆင်ဖြူကလေးကိုခေါ်ကာ တောနက်ထဲသို့ ပြန်ပြေးပြီးတော့ ဝင်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ပြေးပြီ . . . ပြေးပြီ။ ပစ် . . . ပစ် . . . တောထဲကို ရောက်သွားရင် ပျောက်သွားလိမ့်မယ်။ လွတ်သွားလို့မဖြစ်ဘူး"

ကုလားဖြူမုဆိုးများက ပုဏ္ဏလေးနှင့်ဆင်ဖြူလေးကို ပစ်ခတ်ရန် ကြိုးစားလိုက်ကြသည်နှင့် . . .

"အူး . . . ဝူး . . . အူး"

တောဆင်ရိုင်းကြီးများ၏ အော်ဟစ်ကြွေးကြော်သံများက အမှတ်မထင် ထွက်ပေါ်လာခဲ့ကြလေသည်။ စပြီးတော့ အော်ဟစ်လိုက်သူမှာ တောဆင်ရိုင်းမကြီးပင်တည်း ကြွေးကြော်သံများသည် တစ်နေရာတည်းမှ ထွက်ပေါ်လာကြခြင်းမဟုတ်၊ တောပတ်ပတ်လည်မှ ထွက်ပေါ်လာခဲ့ကြခြင်းပင်။

မြေပြင်သည်လည်း သိမ့်သိမ့်တုန်သွားခဲ့သည်၊ သစ်ပင်ကြီးငယ်တို့ပင်လျှင် လှုပ်ခါယမ်းသွားခဲ့ကြလေသည်။ မုဆိုးကျောက်ခဲနှင့် ရွာသားများသည် တောဆင်ရိုင်းကြီးများ၏အသံများကို ကြားလိုက်ကြရသည်နှင့် စိန်ခေါ်သံကြီးဟု သဘောပေါက်သွားခဲ့ကြလေပြီ။

"ဒါ . . . ဒါဟာ . . . တောဆင်ရိုင်းမကြီးက စစ်ကြေညာလိုက်တာပဲ။ လက်စသတ်တော့ သူတို့က ဒီနေရာကနေ စောင့်နေကြတာကိုး။ တစ်ယောက်မှ ရှေ့ကိုမတိုးကြနဲ့တော့၊ ကုလားဖြူတွေကို ဆင်ရိုင်းတွေက ဝိုင်းထားကြပြီးပြီ"





မုဆိုးကျောက်ခဲသည် သူနှင့်ပါလာကြသူအားလုံးကို တားမြစ်လိုက်သည်။

"ကိုကျောက်ခဲ . . . တောဆင်ရိုင်းကြီးတွေသာ တကယ်လို့ တိုက်ခိုက်ကြမယ်ဆိုရင် ကျွန်တော်တို့လည်း ပြေးလွတ်ကြမှာမဟုတ်ဘူး။ ကောင်ရေသုံးရာလောက်ရှိကြတဲ့ တောဆင်ရိုင်းကြီးတွေဟာ သူတို့ကိုယ်သူတို့ ဖျောက်ထားကြတာ လုံးလို့၊ တွေ့ချင်ပါတယ်ဆိုတာတောင် မတွေ့နိုင်ဘူး။ ထွက်လာကြတဲ့အသံကြီးတွေကလည်း တစ်ပြိုင်တည်းလိုလို၊ အားလုံးက တညီတညွတ်တည်း ဒါဟာ ဆင်ကောင်ရေသုံးရာက တစ်တောလုံးကြွေထွက်သွားအောင် မြိမ်းခြောက်လိုက်တာပဲ"

"ဟုတ်တယ် . . . သူတို့အားလုံးထွက်ပြီးတော့ လိုက်ကြရင် ကျွန်တော်တို့ဘက်အထိ ရောက်လာနိုင်တယ်။ ခုနေရှောင်တိမ်းထားနိုင်မှ အန္တရာယ်ကင်းမယ်"

မုဆိုးကျောက်ခဲကလည်း သဘောတူလိုက်သည်။ ထို့ကြောင့် အားလုံး ချက်ချင်းပင်ရှောင်ထွက်သွားခဲ့ကြသည်။ သူတို့ဆုတ်ခွာ၍ မပြီးသေးမီမှာပင် . . .

■



www.burmeseclassic.com

www.burmeseclassic.com



တောဆင်ရိုင်းကြီးများသည် တခဲနက်အော်ဟစ်လိုက်ကြပြီး သည့်နောက် တောနက်ကြီးထဲမှ အလျှိုအလျှိုပင် ထွက်လာခဲ့ကြလေတော့သည်။ ကုလားဖြူကျိမ်းသည် ဤမျှများပြားလှသော ဆင်ရိုင်းများကို အမှတ်မထင်တွေ့လိုက်ရသည့်အတွက် မျက်လုံးပြူးထွက်သွားခဲ့လေတော့သည်။

"ဟာ . . . ဆင် . . . ဆင်ရိုင်းတွေ ဒါလောက်တောင် များပြားရသလား။ ဟော့ . . . ဟော့ကောင်တွေ ငါတို့ကို တိုက်ခိုက်တော့မည်။ အနားကို အကပ်မခံကြနဲ့ . . . ပစ် . . . ပစ်"

အော်ဟစ်ပြီးတော့ အမိန့်ပေးလိုက်သည်။ သူလည်း ဖြောင်းရှည်သေနတ်ကြီးကို ပခုံးထက်မှာ ထောက်ကာ ဆင်အုပ်ကြီးထဲကို ထိုးချိန်လိုက်သည်။ ခလုတ်ကို ဆွဲချလိုက်လေ၏။

"ဒိုင်း"

"အူး . . . အောင်း"

တောဆင်ရိုင်းကြီးတစ်ကောင်ကို ထိမှန်သွားဟန်တူသည်။

သို့သော် ဆင်ရိုင်းကြီးက နားရွက်ကို ဖတ်လိုက်စဉ်မှာ . . .

ကျည်ဆန်က နားရွက်ကိုဖောက်ပြီးတော့ ဝင်သွားသည်။ ဆင်ရိုင်းကြီးမှာ နာကျင်ဒေါသဖြင့် အော်လိုက်ခြင်းပင်ဖြစ်သည်။





"မှန်သွားတယ်။ မှန်သွားတယ်။ ထပ်ပစ် . . . ထပ်ပစ်။ ဒါမှ ကြောက်လန့်ပြီးတော့ ထွက်ပြေးကြမှာ"

"ဒိုင်း" "ဒိုင်း" "ဒိုင်း"

သေနတ်သံများက တစ်တောလုံးဆူညံသွားခဲ့ကြသည်။

[တောဆင်ရိုင်းကြီးများ၏ တစ်ပြိုင်တည်းကြွေးကြော်အော်ဟစ်လိုက်ကြသံများကို ရိုးမနှင့် မနီးမဝေးရှိ ကျေးရွာများမှ ကြားလိုက်ကြရသည်။ သူတို့တစ်သက်တွင် ဤကဲ့သို့သောအသံကြီးမျိုးကို ဤတစ်ကြိမ်ပဲ ကြားဖူးကြသေးသည်ဟုဆိုကြ၏။ နှစ်အတန်ကြာသည်အထိ ထိုအကြောင်းကို လူတွေက အမှတ်ရရပြောနေကြဆဲပင်ဖြစ်ကြသည်။]

ကြောက်ကြောက်လန့်လန့်နှင့် ပစ်ခတ်ကြခြင်းပင်။ ထို့ကြောင့် ပစ်မှတ်တွေကလွဲချော်သွားခဲ့ကြပြီး ထိချင်ရာကိုထိ၊ မှန်ချင်ရာကိုမှန်ကြသည်။ ထိုအခါ တောဆင်ရိုင်းကြီးများမှာ နာကျင်ဒေါသဖြင့် လူတွေကို အပြိုးတကြီးတိုက်ခိုက်ကြလေတော့သည်။

"ဝူး . . . အူး"

နှာမောင်းကြီးတွေကို ဦးကင်းထက်မှာ မြှောက်ကာ ပြေးဝင်လာကြသည်။ ကုလားဖြူများကို အစွယ်ကြီးများဖြင့် ထိုးကြသည်။

"အား"



www.burmeseclassic.com

www.burmeseclassic.com



ယခုလိုအချိန်မျိုးတွင် သေနတ်သည် မထိရောက်တော့၊ အသက်ကိုလုပြီးတော့ ပြေးကြဖို့ရန်သာ ရှိကြတော့သည်။ တောဆင်ရိုင်းကြီးများသည် ကုလားဖြူများကို ခြေထောက်များနှင့် တိုက်ခိုက်ကြသည်၊ လဲကျသွားသောအခါတွင် ခြေထောက်နှင့် နင်းချပစ်လိုက်သည်၊

"အား"

ကုလားဖြူ မုဆိုးတစ်ယောက်က ယောင်ယောင်နနဖြင့် သေနတ်ကို တချိန်ချိန်နှင့်ရှိနေလေရာ နောက်မှ အမှတ်မထင်ရောက်လာသော တောဆင်ရိုင်းကြီးတစ်ကောင်က နှာမောင်းကြီးနှင့် ရစ်ပတ်လိုက်သည်။ ထို့နောက် ဆတ်ခနဲဆွဲယူကာ သစ်ပင်ကြီးတစ်ပင်နှဲ့ ရိုက်ထည့်လိုက်လေသည်၊

"ဖြောင်း" "အား"

တောဆင်ရိုင်းကြီးများက ကြောက်ခမန်းလိလိများပြားလာနေကြ၍ ဆင်ခြေထောက်တွေကြားထဲမှာ အသက်လုပြီးတော့ ပြေးနေကြရသည်။ သို့သော် လူနည်းစုဖြစ်သော ကုလားဖြူများမှာ ပြေးရင်းလွှားရင်းနှင့် ဆင်ရိုင်းတွေကြားထဲမှာ ပျောက်ကွယ်သွားခဲ့ကြသည်၊

"အား" "အား"

တောဆင်ရိုင်းကြီးတွေ၏ အော်ဟစ်သံများ၊ လူအော်သံများက





လုံးထွေးသွားခဲ့ကြလေသည်၊ ကုလားဖြူဂျိမ်းသည် တောဆင်ရိုင်းတွေကြားထဲမှာ ဆင်ဖြူကလေးကို လိုက်ရှာနေသေး၏။

"တွေ့ရင် ... အဓိသေသတ်ပစ်ခဲ့မယ်။ ငါ မရမယ့်အတူတူ ဘယ်သူ့လက်ထဲကိုမှ အရောက်မခံတော့ဘူး"

ယုတ်မာပတ်စက်သော အကြံပင်ဖြစ်သည်၊ သူသည် ယခုထက်ထိ ဆင်အနင်းမခံရသေး၊ ကံကောင်းနေသေးသည်။ ဆင်ဖြူလေးကား ဘယ်ပျောက်သွားမှန်း မသိ၊

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )
## ဇာတ်သိမ်းမကောင်းကြသူများ

မျက်နှာဖြူဂျိမ်းသည် ဆင်ဖြူလေးကိုသာ သဲကြီးမဲကြီးနှင့် လိုက်လံရှာဖွေလျက်ရှိသည်။ တစ်နေရာတွင် ထူးခြားမှုတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ သူ၏မျက်စိအောက်မှာ တောဆင်ရိုင်းတွေ အားလုံး ပျောက်သွားခဲ့ကြသည်။ တစ်ကောင်မှမတွေ့ရတော့။ မည်သည့် အကြောင်းကြောင့် ဤကဲ့သို့ဖြစ်သွားခဲ့ရသလဲဆိုသည်ကို မသိနိုင်။

နားထဲတွင် အသံဗလံများသည်လည်း တိတ်ဆိတ်သွားကြ





သည်။ တောဆင်ရိုင်းများ၏ ဖော်ဟစ်သံများ၊ လူတွေ အထိတ်တလန့်နှင့် ပြေးလွှားနေကြသံများ၊ သေနတ်သံများ၊ ဘာသံကိုမှ မကြားကြရတော့။ ဘယ်လိုထင်သွားသလဲဆိုသည်ကို သူ့ဘာသာသူ နားမလည်နိုင်တော့။

"ငါဘယ်ကိုရောက်လာခဲ့တာလဲ။ တောဆင်ရိုင်းတွေ ငါ့လူတွေ ဟိုလူတွေ ဘယ်ကိုရောက်ကုန်ကြပြီလဲ"

သူသည် သေနတ်တရမ်းရမ်းနှင့် ပတ်ချာလှည့်ပြီးတော့ လိုက်ကြည့်နေသည်။ တောပရိယာယ်လား၊ ဆင်ပရိယာယ်လား၊ တောခြောက်သည်ဆိုသည်ကို သူမသိ၊ နားမလည်၊ မယုံကြည်။

ထိုစဉ် . . .

သူ့ဆီကို ခြေသံတဖပ်ဖပ်နှင့် ပြေးလာသူတစ်ယောက်။ ရုတ်တရက် လှည့်ပြီးတော့ သေနတ်နှင့် ထိုးချိန်လိုက်သည်။

"သ . . . သခင်ကြီး . . . ကျွန် . . . ကျွန်တော်ပါ။ မှားမယ်"

သေကံမရောက်သေးသည့် ကုလားဖြူမုဆိုးတစ်ယောက် ဖြစ်နေသည်။ သူ့နောက်ကို မည်သို့လိုက်လာမှန်းမသိ။ တစ်ယောက်တည်း ဖြစ်နေသည့် ကုလားဖြူဂျိမ်း အားတက်သွားခဲ့သည်။

"မင်း . . . မင်းတစ်ယောက်တည်းလား။ တို့လူတွေကော"

"သူ . . . သူတို့နောက်မှာ ဆင် . . . ဆင်ရိုင်းတွေနဲ့ . . . ဟင်



www.burmeseclassic.com

www.burmeseclassic.com



ကုလားဖြူမုဆိုး အံ့အားသင့်သွားခဲ့ရသည်။ သူ့လူအချို့ကော တိုက်ခိုက်ရန်ပြေးလိုက်လာနေကြသည့် တောဆင်ရိုင်းတွေကော မတွေ့ရတော့။

"ဘယ်ရောက်ကုန်ပြီလဲ၊ မရှိကြတော့ပါလား"

"မင်းနောက်က လိုက်လာကြတာ သေချာရဲ့လား"

"သေချာပါတယ် သခင်ကြီး။ ဒါလောက်များပြားလှတဲ့ တောဆင်ရိုင်းတွေ တစ်ကောင်မှ မရှိကြတော့ဘူး"

နှစ်ဦးစလုံး တစ္ဆေအခြောက်ခံကြရသလို ခံစားသွားခဲ့ကြသည်။ စိတ်ဓာတ်တွေလည်း ချောက်ချောက်ချားချား။

ထိုစဉ် . . .

ဆင်ဖြူလေးသည် သစ်ပင်ကြို သစ်ပင်ကြား လျှောက်သွားနေ သည်ကို တွေ့လိုက်ကြရသည်။

"ဟာ . . . ဟို . . . ဟိုမှာ ဆင်ဖြူလေး။ ဒီအနားမှာ ဘယ်သူမှလဲ မရှိကြဘူး။ ငါတို့နှစ်ယောက်တည်း။ ဟန်ကျတာပဲ။ ဘုရားသခင်က ငါ့တို့ ကို ဆင်ဖြူလေးနဲ့ တမင်ဆုံပေးလိုက်တာ။ လာ . . . ငါတို့နှစ်ယောက် ဖမ်းကြမယ်"

ကုလားဖြူဂိုမ်းမှာ ဆင်ဖြူကလေးဆီကို အဆောတလျင် ပြေ





သွားခဲ့သည်၊ မုဆိုးလည်းလိုက်သွားသည်။ သို့သော် အနားကိုရောက် သည်နှင့် . . .

"ဟင်"

ဆင်ဖြူလေးကို မတွေ့ရတော့။ နှစ်ဦးစလုံးတွေ့လိုက်ရသည်က အတုတု။ ခု ဘယ်ကိုရောက်သွားပြီလဲ။ စိတ်ဇောတွေကပ်ပြီး မြင်ချင်ရာ မြင်၊ ထင်ချင်ရာ ထင်နေကြသည်လား။

ထိုစဉ် . . .

လေထဲမှာ ရိပ်ခနဲဆိုရောက်လာသောသဏ္ဍာန်တစ်ခု။

"ဖြောင်း" "ဘုတ်" "အင့်"

သူတို့ကိုဝင်ပြီး တိုက်ခိုက်သွားသည်။ နှစ်ယောက်စလုံး ပစ်လဲ ပြီးတော့ ကျသွားခဲ့ကြသည်။ အရှိန်က ပြင်းသည်။ သေနတ်တခြား လူတခြားနှင့်၊ မြေပြင်ထက်မှာ တလိမ့်ခေါက်ကွေးဖြစ်သွားခဲ့ကြသည်။ ကြောက်ကြောက်လန့်လန့်နှင့် ထပြီးတော့ရပ်လိုက်ကြသည်။

သို့သော် . . .

ရိပ်ခနဲဆို သူတို့ကျောဘက်မှ ရောက်လာခဲ့ပြန်သည်။

"ဝိုး"

"ဖြောင်း" "ဘုတ်" "အား"



www.burmeseclassic.com

www.burmeseclassic.com



ဝင်တိုက်ချသွားသည်။ ပစ်လဲကျသွားခဲ့ကြပြန်သည်၊ နွယ်ကြိုး ကြိုးကို လွှဲပြီး တိုက်ချသွားသောသဏ္ဍာန်သည့် ဆင်ကြီးတစ်ကောင်၏ အပေါ်ကို ရောက်သွားခဲ့သည်၊ ထိုသူက ပုတ္တလေး၊ ဆင်ရိုင်းမကြီး၏ ကိုယ်ပေါ်မှာ မတ်တတ်ရပ်လျက်သား။

"ဟင် . . . ဟင် . . . ဆင်ရိုင်းမကြီး"

ကုလားဖြူဂိုမ်းက ချောက်ချားသောအသံကြီးဖြင့် ပြောလိုက်သည်။ အခြားသောဆင်ရိုင်းများထက် အကောင်အထည်ပိုပြီးတော့ ကြီးမား၍ ခေါင်းဆောင်ဆင်ရိုင်းမကြီးပဲဆိုသည်ကို သိလိုက်ရသည်၊ တောဆင်ရိုင်းမကြီး၏ ကိုယ်ပေါ်မှာ ပုတ္တလေးတစ်ဦးတည်း မဟုတ်၊ ဘိုးစကြာလည်းပဲ ရှိနေသည်။

"ဟင် . . . ဒီ . . . ဒီကောင်တွေ ဒါလောက်ရိုင်းစိုင်းတဲ့ ဆင်ရိုင်းကြီးရဲ့ကိုယ်ပေါ်မှာတောင် နေနိုင်ကြတယ်။ လူ . . . လူမဟုတ်နိုင်ဘူး။ စေတန် . . . စေတန်နတ်ဆိုးတွေ၊ မကောင်းဆိုးရွားတွေ"

သို့ရှိနိုက် . . .

"ဝူး . . . အူး . . . ဝူး . . . အူး"

ဆင်အော်သံများက တစ်တောလုံး ဟိန်းကာ ထွက်ပေါ်လာခဲ့ကြသည်။ မြေပြင်သည်လည်း သိမ့်သိမ့်တုန်ခါသွားခဲ့ရလေ၏။





"ဟင် . . . ဆင် . . . ဆင်ရိုင်းတွေ ပြန်ရောက်လာကြပြန်ပြီ။ ဘယ်လိုလဲ၊ စောစောကတော့ တစ်ကောင်မှမတွေ့ဘူး။ ဘယ်လိုက ဘယ်လိုရောက်လာခဲ့ကြတာလဲ"

ဆင်အော်သံများကိုသာ ကြားနေရသည်။ တစ်ကောင်မှ မတွေ့ရသေး။ သို့ရှိနိုက် . . .

"ဒုန်း . . . ဒုန်း . . . ဒုန်း . . . ဒုန်း"

ခြေဆောင့်သံများကလည်း တဒုန်းဒုန်းဖြင့် ထွက်ပေါ်လာခဲ့ကြသည်။ ကုလားဖြူဂိုမ်းနှင့် တပည့်မှုဆိုးသည် စိတ်ဓာတ်တွေ ချောက်ချားလာခဲ့ကြသည်။

"တောဆင်ရိုင်းတွေ ငါတို့ကိုအလုံးအရင်းနဲ့ဝင်ပြီး တိုက်ခိုက်ကြတော့မယ်။ ပြေး . . . ပြေး"

ဦးတည်ရာကို စွတ်ရှုတ်ပြီးတော့ ပြေးကြလေတော့သည်။

"ဝူး . . . အူး . . . ဝူး"

"ဒုန်း . . . ဒုန်း . . . ဒုန်း"

တောဆင်ရိုင်းများ၏ အော်ပြီးပြေးလိုက်လာကြသံများက ကြောက်ခမန်းလိလိပင် ထွက်ပေါ်လာနေကြဆဲ။ သို့သော် အကောင်များတို့တော့ မမြင်ကြရ။ ထို့နောက် နောက်ကိုလှည့်မကြည့်စတမ်းပွတ်လို



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပြား ပြေးနေကြသည်။ တောကလည်း မှောင်နေသည်။ ပြေးရင်းနှင့် မသက်ာ၍ နောက်ကိုလှည့်ကြည့်မိကြရာ . . .

"ဒုန်း . . . ဒုန်း . . . ဒုန်း . . . ဒုန်း"

နောက်မှ ပြေးလိုက်လာကြသော သတ္တဝါကြီးများသည် မည်းမည်းကောင်ကြီးများ။ တောဆင်ရိုင်းကြီးများ၊ မာန်ဇီကာ ဒေါသထွက်နေကြကာ မမိ မိအောင်လိုက်နေကြသည့်အသွင်များပင်တည်း။

"ဟာ . . . ဟိုညက မည်းမည်းကောင်ကြီးတွေလည်း ပါ . . . ပါလာကြတယ်။ ဆင် . . . ဆင်ရိုင်းတွေလည်း အ . . . အများကြီးပဲ။ ပြေးပြေး။ လွှတ်မှလွှတ်ပါ့မလား"

ကုလားဖြူရိုမ်းသည် ယခုမှပင် အကြောက်ကြီးကြောက်ကာ ဇောချွေးများပျံလျက်ရှိနေသည်။ ထူးဆန်းသည်မှာ သူတို့ပြေးသည့်နောက်ကို လိုက်နေကြသော မည်းမည်းကောင်ကြီးသုံးကောင်နှင့် တောဆင်ရိုင်းကြီးများသည် မမိနိုင်ကြသေးဘဲ လိုက်မြဲလိုက်နေကြလျက်ပင်။

တစ်နေရာကိုအရောက်တွင် မျက်လုံးထဲမှာ တစ်ချက်မိုက်ခနဲဆို ဖြစ်သွားခဲ့ကြသည်။ ရှေ့မှာ ပြန့်ပြူးညီညာသော မြေပြင်ကြီးတစ်ခု၊ ယင်းကွက်လပ်ကြီးဆီကိုအရောက်တွင် ခြေချမိလိုက်ကြသည်နှင့် . . .

"အ . . . အ . . . အား"





ခြေထောက်များက အောက်ကိုကျွံကျသွားခဲ့ကြသည်။ မလှုပ်နိုင်၊ မရုန်းနိုင်ကြတော့၊ တကယ်တော့ နွံတောကြီးပမာဖြစ်သည်။ အထိတ်တလန့်ဖြင့် ကြည့်နေရင်းက . . .

"ဘွပ် . . . ဘွပ် . . . ဘွပ် . . . ဘွပ်"

အသံတွေမြည်လာသည်။ လှုပ်ရှားကာ လှိုင်းထလာသည်။ ရွှံ့နွံလိုလိုအရာများက မြွေဟောက်ကြီးများပမာ ပါးပျဉ်းထောင်လာခဲ့ကြသည်။

"ဟာ . . . ဟာ . . . လုပ် . . . လုပ်ကြပါဦး။ ကယ်ကြပါဦး"

မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် အော်ဟစ်ရုန်းကန်နေကြသည်။ သို့သော် သားရဲတွင်းကြီးက သူတို့ကိုမညှာ။ တဖြည်းဖြည်းနှင့် အောက်ကိုအဆုံးထိရောက်အောင် ဆွဲချသွားလေတော့သတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂၀ )
## ဆင်ဂူကြီးထဲက

အချိန်ကား ညနေစောင်းကာလ။

နေဝင်ချိန်တွင် ရိုးမတောကြီးကို ပုစွန်ဆီရောင်အသွေးဖြင့် ဟပ်ဖြန်းလာသလိုရှိနေသည်။ ကောင်ရေ သုံးရာကျော်ပါသော ဆင်အုပ်ကြီး တစ်အုပ်သည် ရိုးမ၏တောနက်ကြီးထဲသို့ တရွေ့ရွေ့ဖြင့် လှမ်းနေကြသည်။ တောဆင်ရိုင်းမကြီး၏ ကိုယ်ပေါ်မှာ လိုက်ပါလာသူကတော့ ဘိုးစကြာ၊ အခြားသောဆင်ရိုင်းကြီးတစ်ကောင်ထက်မှာ ပုတ္တလေး။

တောဆင်ရိုင်းကြီးများသည် လူသားနှစ်ဦးအပေါ်မှာ ယဉ်ကျေးသိမ်မွေ့စွာဖြင့် ဆက်ဆံကာ ကိုယ်ပေါ်တင်ဆောင်လာခဲ့သည့်အတွက်





ထူးဆန်းနေကြပေမည်။ တစ်ဦးမေတ္တာတစ်ဦးမှာဆိုသလို အပြန်အလှန်ထားကြသော မေတ္တာစေတနာစွမ်းအားကား တန်ဖိုးရှိလှစွာ၏။ တန်ခိုးထက်မြက်ကြပါသည်။ အထူးသဖြင့် လူထူးဆန်းကြီး ဘိုးစကြာသည် တောတွင်းသတ္တဝါအပေါင်းနှင့် တောဆင်ရိုင်းများအပေါ်မှာ မေတ္တာ၊ စေတနာ၊ ကရုဏာအပြည့်ထားကာ ကာကွယ်စောင့်ရှောက်နေသူပါတည်း။

မုဆိုးကျောက်ခဲနှင့် ရွာသားအချို့ကား တောဆင်ရိုင်းကြီးများ၏ ရန်မှလွတ်မြောက်ခဲ့ကြသည်။ နောက်ပိုင်းတွင် ကုလားဖြူအရာရှိ ဂျိမ်းနှင့် သူ့လူတို့ မည်ကဲ့သို့ဖြစ်ပြီး ကျန်ရစ်ခဲ့ကြလေသည်ကို မသိနိုင်ကြတော့။ ကုလားဖြူဂျိမ်းသည် သူ့ရှေ့က ကုလားဖြူတပ်များ၏ လမ်းစဉ်အတိုင်း မပြန်လမ်းဆီသို့ ဖြန်းခဲ့ကြပြီ ဖြစ်ကြောင်းကို သိခဲ့ ကြရပါလျှင် ...

ဆင်ဖြူကလေးသည် အစောင့်အရှောက် ဆင်ရိုင်းကြီးများ၏ ကြားထဲမှာ ပျော်ရွှင်မြူးထူးစွာဖြင့် လိုက်ပါလာသည်။ သူတို့သည် ပိုပြီး နက်ရှိုင်းသော တောနက်ကြီးထဲသို့ ဦးတည်ပြီးတော့ သွားနေကြသည်။ မြင့်မားသော သစ်ပင်ကြီးများ၊ တောင်ပို့ကြီးများ၊ ဂမူများက ပိုပြီးတော့ ပေါ်များလာသည်။ မှောင်စပျိုးသော အချိန်တွင် ဆီးပြီးတော့ မြင်လိုက်ရသည်ကား ... ကြီးမားသော ကျောက်ဂူကြီးတစ်လုံးပင် ...



www.burmeseclassic.com

www.burmeseclassic.com



ဆင်မကြီးက ဝပ်ချပေးလိုက်သည်။ ဘိုးစကြာက ဆင်ပေါ်မှ ဆင်းလိုက်သည်။ ထို့အတူ ပုတ္တလေးသည်လည်း ဆင်ရိုင်းကြီးပေါ်မှ ဆင်းလိုက်သည်။ တောဆင်ရိုင်းအချို့သည် ကျွန်ရစ်ခဲ့ကြပြီး ခပ်ဝေးဝေးမှ နေ၍ ကျောက်ဂူကြီးကို ဝန်းရံထားလိုက်ကြသည်။ အချို့ ဆင်ရိုင်းကြီးများက ထင်းခြောက်များကို ယူဆောင်လာခဲ့ကြသည်။ တစ်နေရာတွင် စုပုံထားလိုက်ကြသည်။

ဘိုးစကြာက ထင်းခြောက်ပုံကြီးကို မီးမွှေးလိုက်လေသည်။ တစ်ခဏအတွင်းမှာပင် မီးတောက်မီးလျှံကြီးများ တက်လာကာ မီးပုံကြီးတစ်ပုံအဖြစ်သို့ ပြောင်းလဲသွားခဲ့လေ၏။ ပတ်ဝန်းကျင်သည်လည်း မီးရောင်ကြောင့် ထိန်ထိန်လင်းသွားခဲ့လေသည်။ အားလုံးကို အလုံးစုံ ပြတ်သားစွာပင် မြင်နေရသည်။

ကြီးမားသော ဂူကြီးကိုကြည့်ပြီးတော့ အံ့အားသင့်နေသူက ပုတ္တလေး။ ဘိုးစကြာ အမှူးရသော ဆင်ရိုင်းကြီးများသည် ဤနေရာကို မည်သည့်အကြောင်းကြောင့် ရောက်လာခဲ့ကြပါသလဲ။ သူ့ကိုပါ ခေါ်ခဲ့သည်မှာ ဘာကြောင့်လဲ၊ တွေးတောနေမိသည်။

ထိုစဉ် . . .

တောဆင်ရိုင်းမကြီးသည် ပုတ္တလေး၏အနားကို တဖြည်းဖြည်း





နဲ့ တိုးကပ်လာခဲ့သည်။ ထို့နောက် ပုတ္တလေး၏ လက်ကောက်ဝတ်ကို နှာမောင်းနှင့် ရစ်ပတ်လိုက်လေ၏။ ဂူဆီကို ဆွဲပြီးတော့ ခေါ်သွားသည်။ ဘာမှန်းမသိသော်လဲ အေးဆေးစွာပင် လိုက်သွားခဲ့လေသည်။ ဂူထဲကို ရောက်သွားခဲ့သည်နှင့် အလင်းရောင်တစ်မျိုးက ထွက်နေသည်။ သူ တွေ့လိုက်ရသည်ကား များပြားလှစွာသော ဆင်အရိုးစုများပင်တည်း။

နာမကျန်းဆင်များ၊ အိုမင်းရင့်ရော်နေကြသော တောဆင်ရိုင်းကြီးသည် မိမိတို့၏ နောက်ဆုံးအချိန်တွင် ဤနေရာမှာ လာရောက်သေဆုံးကြသည်။ ဆင်သချိုင်းဟု အများကခေါ်တွင်ကြသည့် နေရာ။

ဆင်အရိုးစုကြီးများသည် အချို့ကတစ်ခုစီ၊ တစ်ချောင်းစီ ပြုတ်ကျနေကြသည်၊ အချို့ကတော့ ဝပ်လျက် အနေအထား၊ လဲလျောင်းနေလျက်အနေအထားများနှင့် ဖြုတ်မကျ၊ ကြွေမကျကြသေး၊ အကောင်ပျက်ရှိနေကြသေးသည်။

တစ်နေရာတွင် ဆင်အရိုးစုများအားလုံးထက် ပိုပြီးတော့ ကြီးမားသောအရိုးစုတစ်ခုကို တွေ့လိုက်ရသည်။ ယင်းသည် ဂူပေါက်ဝ တည့်တည့်ကို မျက်နှာမူကာ ဝပ်လျက် အနေအထားဖြင့်ရှိနေသည်၊ ဆင်ဖြူကြီးတစ်ကောင်၏ အရိုးစုပင်တည်း။

ထူထဲသောနဖူးပြင်ရိုးထဲတွင် နစ်မြုပ်ကာဝင်နေသော လင်း



www.burmeseclassic.com

www.burmeseclassic.com



လင်းလက်လက်အရာတစ်ခု။ မည်သည့်အရာမှန်းမသိသော်လည်း ဆင်အမြူတေလိုမျိုးပဲဖြစ်မည် ထင်သည်။ ပုတ္တလေးအနားကိုရောက်ကာမှ ပိုပြီးတော့ တောက်ပလာသည်။ လင်းလက်လာသည်။ ရောင်စဉ်တွေလိုလိုဖြာထွက်လာကြကာ ပုတ္တလေး၏မျက်နှာ၊ ကိုယ်ပေါ်ကို ဖြာပြီးတော့ ကျသွားခဲ့ကြလေတော့သည်။

ထိုအခါ ပုတ္တလေး၏တစ်ကိုယ်လုံး အေးခနဲ ကျင်ခနဲဖြစ်သွားခဲ့ရသည်။ မျက်လုံးများထဲမှတစ်ဆင့် ဝင်ရောက်သွားခဲ့သော အလင်းတန်းများကြောင့် ခေါင်းထဲမှာ မိုက်ခနဲဖြစ်ကာ ယိုင်လဲမတတ်ဖြစ်သွားခဲ့ရသည်။ သို့သော် ဆင်ရိုင်းမကြီးက ပုတ္တလေး၏လက်မောင်းကို နှာမောင်းနှင့် ရစ်ပတ်ကာ ထိန်းထားလေသည်။

မျက်လုံးထဲမှာလည်း ပျာဝေသွားခဲ့သည်။ သည့်နောက် အနီအဝါ၊ အပြာ စသည့်အရောင်မျိုးစုံတို့က မျက်လုံးထဲမှ ပြန်ပြီးတော့ထွက်သွားခဲ့ကြသည်။ နားထဲမှာလည်း လေတဟူးဟူးနှင့်တိုက်ခတ်နေသလို အသံမျိုးစုံကြားနေရသည်။ ခြေအစုံသည်လည်း မြေပြင်မှ ကြွတက်သွားသလို ခံစားလိုက်ရသည်။

သည့်နောက်မှာတော့ မျက်လုံးတွေက တဖြည်းဖြည်းနှင့်ပြန်ပြီးတော့ မြင်လာခဲ့သည်။ သူ့ရှေ့ရှိမြင်ကွင်းကတော့ စောစောကအတိုင်း





မပြောင်းလဲဘဲရှိနေကြသည်။ ဆင်အရိုးစုကြီး၏ နဖူးမှ ဝင်းဝင်းလက်နေသော အရာလေးသည်လည်း တဖြည်းဖြည်းနှင့် မှိန်ကျသွားခဲ့သည်။ ထို အရိုးပကတိသာရှိသော ဆင်ကြီး၏အစွယ်နှစ်ချောင်းသည် အစွယ်နက်များသာတည်း။

ပုတ္တလေး သတိပြုမိလိုက်သည်မှာ သူ့ဘေးတွင် ဘိုးစကြာ ရောက်နေခြင်းပင်တည်း။

"ဟင် . . . ဘိုးဘိုး"

ပုတ္တလေးသည် ဘိုးစကြာကို ဖက်ထားမိလိုက်သည်။ ဘိုးစကြာကလည်း ပြန်ပြီးတော့ ဖက်ထားလိုက်လေ၏။

"လူလေး . . . မင်း ဘာတွေသိသလဲ။ ဘယ်လိုခံစားနေရသလဲ။ မင်းကိုယ်မင်းကော သိနေပြီလား"

"ဘိုးဘိုး . . . ကျွန်တော် ဘယ်သူလဲဆိုတာ သိပါပြီ။ စိတ်ထဲမှာ အမိုက်မှောင်တွေကင်းရှင်းပြီး ကြည်ကြည်လင်လင်ရှိနေပါတယ်။ ဒီနေရာဟာ ကျွန်တော့်ရဲ့ဘဝတစ်ခုလုံးကို ခဝါချပေးလိုက်တဲ့နေရာ။ လူစဉ်မီတဲ့ ပုတ္တလေးအဖြစ် တွန်းပို့ပေးလိုက်တဲ့နေရာဆိုတာ နားလည်လိုက်ပါပြီ။

ပုတ္တလေးက လှိုက်လှဲစွာပင် ပြောလိုက်လေသည်။ ထို့နောက် ဆင်အရိုးစုကြီးကို ကျေးဇူးတင်စွာဖြင့် စိုက်ကြည့်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . . သူတို့ရဲ့ ဘိုးဘေးတော်စပ်တဲ့ ဆင်ဖြူကြီးရဲ့အရိုးစုပဲ။ ဒီတောဆင်ရိုင်းကြီးတွေဟာ ဒီနေရာကိုရောက်ရောက်လာတတ်ပြီး ဂါရဝပြုကြတယ်။ မင်းက ဆင်ဖြူလေးရဲ့အသက်ကို ကယ်ဖူးခဲ့တဲ့အတွက် ဆင်ဆွေအားလုံးက ကျေးဇူးတင်နေကြတယ်၊ ဒါကြောင့် ကျေးဇူးဆပ်တဲ့အနေနဲ့ မင်းရဲ့ဘဝကို ပြောင်းလဲပေးခဲ့တာပဲ။

ပြီးတော့ ဒီနေရာကို ဘယ်သူမှမသိအောင် တားဆီးကာကွယ်ထားကြတယ်။ ဒါ သူတို့ရဲ့အထွတ်အမြတ်ထားတဲ့ ဆင်သင်္ချိုင်းကြီးတစ်ခုပဲ"

ဘိုးစကြာက ရှင်းပြလေသည်။

သည့်နောက် . . .

ဆင်ရိုင်းမကြီးနှင့်အတူ ပြန်ထွက်လာခဲ့ကြသည်။ အပြင်ဘက်တွင် မီးပုံကြီးမှ မီးတောက်များက အားကောင်းစွာ တောက်လောင်နေဆဲ။ ဆင်ရိုင်းတော်တော်များများသည် တစ်ထပ်ပြီးတစ်ထပ် ကင်းချကာ ဝန်းရံထားကြသည်ကို တွေ့လိုက်ကြရသည်။ လွန်စွာမှ စနစ်ကျလှပေသည်။

ထိုစဉ် . . .

ဆင်ဖြူလေးသည် တစ်နေရာမှထွက်လာခဲ့သည်။ သူ၏ နှာမောင်းဖျားတွင် ငွေသေတ္တာလေးတစ်လုံးကို ကွင်းမှနေ၍ ချိတ်ပြီးတော့ ယူလာသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ပုတ္တလေးဆီကို လှမ်း





လာနေသည်။ နှာမောင်းလေးကို မြှောက်ကာ ပုတ္တလေးကိုပေးလိုက်လေ၏။

"ခင်ဗျားကို ကျေးဇူးဆပ်တာပါ"

ဟု ပြောနေသယောင်ယောင်၊

"ယူလိုက်လေ . . . လူလေး။ ဒါ ဆင်ဖြူလေးရဲ့တတ်သိနားလည်မှုပဲ သူ့အသက်ကို ကယ်ထားတဲ့အတွက် ကျေးဇူးတုံ့ပြန်တာဖြစ်မှာ"

ထိုအခါကျမှ ပုတ္တလေးလည်း နှာမောင်းမှ သေတ္တာလေးကို ဆွဲယူလိုက်ရသည်။

"ငါ မင်းကို ကူညီခဲ့တာ ဒီကျေးဇူးကို အဆပ်ခံချင်လို့ မဟုတ်ပါဘူးကွာ၊ ကျေးဇူးလို့လည်း သဘောမထားပါဘူး။ ငါ့ဘဝကို လူတောသူတောထဲဝင်နိုင်အောင် ပြောင်းလဲပေးခဲ့တဲ့ ဒီဆင်မိသားစုအပေါင်းကိုပဲ ငါ ပြန်ပြီးတော့ ကျေးဇူးတင်ရမှာပါ။ လူဖြစ်ရုံးနေတဲ့ ငါ့ဘဝကို မင်းတို့က ကယ်တင်လိုက်တာပါကွာ"

ပုတ္တလေးက လိုက်လှဲသောအသံဖြင့် ပြောလိုက်သည်။ ဆင်ဖြူလေး၏နှာမောင်းလေးကိုလည်း တယုတယဖြင့် ကိုင်ထားလေသည်။

"ကိုင်း . . . ငါတို့ ဒီနေရာကနေ ထွက်သွားဖို့အချိန်တန်ပြီ"

ဘိုးစကြာက ပုတ္တလေးကို သတိပေးလိုက်သည်။ ထိုအခါ တော ဆင်ရိုင်းမကြီးသည် ပုတ္တလေး၏ခေါင်းပေါ်ကို နှာမောင်းဖြင့် တရှုံ့ရှုံ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



နမ်းနေမိသည်။ ဆင်ဖြူကလေးကလည်း ထို့အတူပင်။ ပုတ္တလေး၏ခါးကို ဖက်ထားသည်။ သည့်နောက် တစ်ခဏအကြာမှ လွှတ်လိုက်သည်။ ပုတ္တလေး၏ရင်ဘတ်ကို နှာမောင်းဖြင့် တွန်းလွှတ်လိုက်လေသည်။ ဆင်ဖြူလေး၏မျက်လုံးများမှာ မျက်ရည်များကလည်း တွေတွေစီးကျလျက်ရှိသည်။

"ခင်ဗျားသာ ကျွန်တော့်ကို မကယ်ရင် ခုလောက်ဆို ဝံအော်အိုင်ကြီးထဲမှာ အရိုးဆွေးနေလောက်ပါပြီဗျာ။ ကျွန်တော် တစ်သက်လုံး အသက်ရှင်ခွင့်ရသွားနိုင်တာ ကိုပုတ္တလေးရဲ့ကျေးဇူးပါဗျာ"

ဟုပြောနေသယောင်ယောင်၊ နှာမောင်းများလေးဖြင့် ရင်ဘတ်ကို တွန်းနေပြန်သဖြင့် ...

"အေးပါကွာ ... ငါသွားမှာပါ။ မင်း ငါ့ကို မနှင်ပါနဲ့"

ပုတ္တလေးက အက်ကွဲသောအသံဖြင့် ပြောလိုက်လေသည်။ ဆင်ရိုင်းမကြီးလည်း သံယောဇဉ်အယဉ်စိတ်ဖြင့် မျက်ရည်များ စီးကျလျက်ရှိသည်။

ဘိုးစကြာနှင့်ပုတ္တလေးတို့ ထိုနေရာမှ ထွက်ခွာလာခဲ့ကြသည်။ ဆင်ရိုင်းမကြီးနှင့် ဆင်ဖြူလေးတို့သည် နောက်မှလိုက်လာခဲ့ကြသေးသည်။ တစ်နေရာအရောက်တွင် ရပ်တန့်လိုက်ကြ၏။





"သွားပြီ ... သွားပြီ ... အားလုံးပဲ"

ပုတ္တလေးက လက်ကိုဝှေ့ယမ်းကာ နှုတ်ဆက်လိုက်သည်။ ထိုအခါ တောဆင်ရိုင်းမကြီးနှင့် ဆင်ဖြူလေးတို့သည် နှာမောင်းကို ဦးကင်းထက်မှာတင်ကာ ...

"ဗူး ... အူး ... အူး"

တစ်ပြိုင်တည်းအော်မြည်လိုက်ကြလေတော့သည်။ ထွက်ပေါ်လာသောအသံသည် ဆွဲဆွဲငင်ငင်နှင့် ဝမ်းနည်းကြေကွဲဖွယ်ရာ ကောင်းလှ၏။ ပုတ္တလေး၏နှလုံးသားကိုလည်း ဆတ်ဆတ်ခါသွားစေခဲ့လေသည်။

မနေနိုင်၍ နောက်ကိုတစ်ဖန်ပြန်ပြီးတော့ လှည့်ကြည့်လိုက်ရာ မီးရောင်အောက်မှာ ဆင်သားအမိသည် နှာမောင်းများကို မြှောက်ကာ ဦးကင်းထက်မှာ တင်ထားကြဆဲ။ ပုတ္တလေးသည် နောက်ကို တစ်ဖန် လှည့်မကြည့်။ မကြည့်ဝံ့တော့။ သံယောဇဉ်ကို ဖွတ်မိတ်ကာ ဖြတ်တောက်လိုက်သည့်သဘော။

ယခုတော့ လူသစ် စိတ်သစ်ဖြင့် ထိုဘဝကို မိမိလွန်မြောက်ခဲ့ပြီ။ ကံတရား၏အကျိုးပေးဆန်းကြယ်လှပုံကို ယခုမှပင် တွေးတောဆင်ခြင်တတ်သူတစ်ယောက်၊ မပြည့်ဝသောသူအဖြစ်မှ ပြည့်ဝသောသူတစ်ယောက်ဖြစ်လာခဲ့ပြီ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )
## ဥဒေါင်းတောကြီးထဲကလွမ်းသံစဉ်

နှစ်အတန်ငယ်အကြာ . . .

ပုတ္တလေးတစ်ယောက် အိမ်ကြီးရခိုင်နှင့် အေးချမ်းသာယာသော ဘဝတစ်ခုကို ပိုင်ဆိုင်လျက်ရှိနေလေပြီ။ လူလည်း တည်ငြိမ်လာသလို ထက်မြက်သောစိတ်ကူးစိတ်သန်းတို့ဖြင့် မိဘများနှင့်အတူ နေထိုင်လျက်ရှိသည်။ လယ်၊ ယာ၊ ဥယျာဉ်များကို ဝယ်ယူပိုင်ဆိုင်သော လုပ်ငန်းရှင်ဘဝကို ကူးပြောင်းသွားသည့်အတွက် လူအများမှာ အံ့အားသင့်နေကြသည်။





"ဒီကောင်လေးဟာ ရွာမှာ အတက်ကြွဆုံးနဲ့ အထက်မြက်ဆုံးလူငယ်တစ်ယောက်ဖြစ်လာခဲ့တယ်။ မွေးရာပါ စိတ်ဝေဒနာသည်တစ်ဦးက ခုလိုလူကောင်းတွေရဲ့စိတ်အတိုင်းပြောင်းလဲသွားခဲ့တာ ထူးဆန်းတယ်"

ပုတ္တလေးကို ထိုအကြောင်း အစ်အောက်ပြီးတော့ မေးကြသော်လည်း . . .

"အတိတ်ကံမကောင်းခဲ့လို့ ခုဘဝမှာ ရူးနှမ်းသူ့ဘဝရောက်ခဲ့ရတာ။ အဲဒီအတိတ်ကံဆိုတာကလည်း ကျွန်တော်က သူတစ်ပါးကို သေရည်သေရက်တိုက်ခဲ့လို့။ ဖျက်ဆီးခဲ့လို့။ ရူးနှမ်းစေခဲ့လို့ပေါ့။ အဲဒီဝဋ်လိုက်တာ။ ခုတော့ ဝဋ်ကြွေးကြေခဲ့လို့ လူစည်မိဘဝရောက်ခဲ့တာ။ စိတ်ထားကောင်းမှ ကံကောင်းနိုင်မယ်။ စိတ်ထားမကောင်းရင် ကံလည်း မကောင်းဘူး။ ဒီတော့ ဝဋ်ကြွေးကိုကြောက်တဲ့အတွက် သည်ဘဝမှာ မကောင်းမှုမှန်သမျှ ဘာမှမလုပ်တော့ဘူးဗျာ"

သူ့စိတ်ကူးထဲမှာရှိတာကိုပဲ ပြောပြသည်။ ဆင်ဖြူလေးနှင့် ပတ်သက်၍သော်လည်းကောင်း၊ ဆင်ဂူကြီးထဲမှ ထူးဆန်းသော ဆင်အရိုးစုကြီး၏အကြောင်းကိုသော်လည်းကောင်း၊ ဆင်ဖြူလေးပေးလိုက်သော သေတ္တာလေးထဲက ပစ္စည်းများကိုသော်လည်းကောင်း ပြောမပြချေ။ သို့ အပြင် ဘိုးစကြာနှင့်ရင်းနှီးကျွမ်းဝင်ခဲ့သည်ကိုသော်လည်းကောင်း မည်သူ



www.burmeseclassic.com

www.burmeseclassic.com



မှ မသိစေရ။

ဆင်ရိုင်းအပေါင်းတို့သည်လည်းကောင်း၊ ဆင်ဖြူလေးသည်လည်းကောင်း၊ ဆင်ဂူကြီးသည်လည်းကောင်း၊ အနှောင့်အယှက်ကင်းကင်းနှင့် နေနိုင်သွားကြပါစေ။ သူတို့အတွက် အန္တရာယ်ဖြစ်စေမည့် မည်သည့်အကြောင်းအရာများမှ မပေါ်ပေါက်ပါစေနှင့်ဟု ဆုတောင်းမိသည်။ တစ်သက်တာပတ်လုံး လျှို့ဝှက်ထားရပေမည်။

"ပုတ္တလေး . . . နင်က ခုလိုအခြေအနေမျိုးရောက်လာတော့ ငါ့ကို မေ့နေပြီပေါ့လေ"

"လှလှ . . . ငါ့ကို နင်က အစစအရာရာ ဂရုစိုက်ခဲ့တာ၊ မခွဲခြားဘဲ ဆက်ဆံခဲ့တာ။ ငါ တစ်သက်လုံး အမှတ်ရနေမှာပါဟာ။ နင်သာမဟုတ်ဘူး။ ကိုဩဘာလည်းပဲ ငါ့ကို ကြင်ကြင်နာနာနဲ့ ဆက်ဆံခဲ့တာ၊ ဒီရွာမှာ အဲဒီနှစ်ယောက်ပဲ ငါ့အပေါ်မှာ နွေးထွေးမှုရှိခဲ့တယ်။ ငါ ဘယ်တော့မှ မမေ့ဘူး"

"နင့်စိတ်တွေ ပြောင်းပြောင်း မပြောင်းပြောင်း အရင်အတိုင်းပဲရှိနေလည်း ငါက နင့်ကို ခင်နေမှာပါဟာ"

"အမလေး . . . အရင်လို ဥမ္မတ္တကဘဝမျိုးကိုတော့ ပြန်ပြီးတော့ မရောက်ပါရစေနဲ့ လှလှရယ်။ နင် ငါ့အပေါ်မှာ ကမ္ဘာတည်သရွေ့မပြောင်းလဲ





ဘူးဆိုရင်ပဲ ငါ ဝမ်းသာလှပါပြီ"

"အံ့မယ် . . . နင်က ဒီလိုစကားမျိုးတွေတောင် ပြောတတ်နေပြီ"

လှလှက ပုတ္တလေးကို ပြုံးစစနှင့်ကြည့်ပြီးတော့ ပြောလိုက်သည်။ ပုတ္တလေးကလည်း အဓိပ္ပာယ်ပါသော အကြည့်ဖြင့် ကြည့်နေလိုက်လေသည်။

■

ယခင်ကဆိုလျှင် ပုတ္တလေးကို ဥမ္မတ္တက အရူးတစ်ယောက်ဟုဆိုကာ ကျပ်မပြည့်သူဟု သတ်မှတ်ထားကြသော လှလှ၏မိဘနှစ်ပါးအခုတော့ သူတို့ပြောသည့်စကားကြောင့် တစ်ရွာလုံး အံ့အားသင့်သွားခဲ့ကြရသည်။

"ဒီကောင်လေးက တော်ပါတယ်။ လိမ္မာရေးခြားရှိတယ်။ မိဘအပေါ်မှာလည်းကောင်းတယ်။ တစ်ရွာလုံးကလည်း ချစ်ကြတယ်။ ဒီလိုလူ့အဖိုးတန်လေးကို သမီးက စုံမက်နေတယ်ဆိုရင်လည်း ကျုပ်တို့က မကန့်ကွက်ပါဘူး။ ပေးစားရမှာပေါ့"

ဟူသတည်း။ သူတို့အကြောင်းကို သိထားကြသူများကတော့

"သင်းတို့က ပုတ္တလေးနဲ့လှလှကို ပေးစားတော့မှာပေါ့သမက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ့်သူက သူတို့ထက်ပိုပြီးတော့ ချမ်းသာသွားခဲ့ပြီကိုး"

"ဒါပေမဲ့ လှလှလေးကလည်း ပုတ္တလေးကို ဟိုးအရင်ကတည်းက စိတ်ရင်းကောင်းကောင်းနဲ့ ဆက်ဆံခဲ့တာပါ။ သူ့မေတ္တာက စစ်မှန်ပါတယ်။ သူများတကာ ဆေးဖော်ကြောဖက်မလုပ်တဲ့သူကို အလေးထားပြီး လူရာသွင်းခဲ့တာ။ ထိုက်တန်ပါတယ်"

မည်သို့ပင်ဆိုစေ...

ပုတ္တလေးနှင့် လှလှတို့သည် အကြောင်းဆက်ပေါင်းဖက်ကာ တင့်တောင်းတင့်တယ် မင်္ဂလာဆောင်ဖြစ်ခဲ့ကြလေသည်။ ပုတ္တလေးသည် သူ့အပေါ်မှာ ကောင်းခဲ့သော ကိုသြဘာကိုလည်း ပစ်မထား။ အိမ်တစ်ဆောင် မီးတစ်ပြောင်ဖြစ်ခဲ့သည်အထိ ပေးကမ်းထောက်ပံ့ကူညီခဲ့လေသည်။

တစ်ညတွင်...

ရွာအပြင်ဘက် ဥဒေါင်းတောကြီးဘက်ဆီက ထူးခြားသော အသံများကို ကြားလိုက်ရသည်။

"ဝူး...အူး...အူး...ဝူး"

အိပ်ပျော်နေသော ပုတ္တလေးသည် ရုတ်တရက်လန့်နိုးသွားခဲ့မိသည်။ ဆင်ရိုင်းတစ်ကောင်၏ ဆွဲဆွဲငင်ငင် အော်လိုက်သံပင်တည်း။





ယင်းအသံကို ပုတ္တလေး ကောင်းကောင်းမှတ်မိသည်။

"ဒါ...ဒါ...ဆင်ဖြူလေးရဲ့အသံပဲ"

"ပုတ္တလေး...ဘာဖြစ်လို့လဲ"

လှလှသည် နိုးလာသည်ဖြစ်၍ မီးထွန်းကာ ပုတ္တလေးကို အံ့အားတသင့်နှင့်မေးမိလိုက်သည်။

"လှလှ...သေသေချာချာနားထောင်စမ်း"

"ဝူး...အူး...အူး...ဝူး"

ဆင်တစ်ကောင်၏အော်သံက ထပ်ပြီးတော့ ထွက်ပေါ်လာခဲ့ပြန်သည်။

"ပုတ္တလေး...ဒါ...ဒါ...ဆင်အော်သံမဟုတ်လား"

"ဟုတ်တယ်...လှလှ။ ဆင်ဖြူလေးပဲဖြစ်မယ်။ သူ ရွာနားကို ရောက်နေတယ်ထင်တယ်"

ထပ်ပြီးတော့ နားစွင့်နေဆဲမှာပင်...

"ဝူး...အူး...အူး...ဝူး" "ဝူး...အူး...အူး...ဝူး"

ဆွဲဆွဲငင်ငင်အသံက လွမ်းဆွေးဖွယ်ရာ အော်မြည်ရင်း တဖြည်းဖြည်းနှင့် တိုးဝင်ကာ ပျောက်ကွယ်သွားခဲ့လေသည်။

"အင်း...ဟုတ်တယ်နော်။ ဒါ နင်ပြောပြောနေတဲ့ ဆင်ဖြူလေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အသံဆိုတာ အမှန်ပဲလား"

"ဟုတ်ပါတယ်။ သေချာပါတယ်။ သူ ငါ့ကို သတိရလို့ရောက်လာခဲ့တာဖြစ်မှာပါ"

"နင်တို့ တစ်နေ့နေ့တော့ ပြန်ဆုံနိုင်ကြပါသေးတယ်ဟာ"

ပုတ္တလေးက သက်ပြင်းတစ်ချက်ချကာ အိပ်ရာထက်မှာ ပြန်ပြီးတော့ လှဲလိုက်သည်။ ရင်ထဲမှာ မောနေသည်။

ယင်းအချိန်တွင် . . .

တောနက်ထဲကို တရွေ့ရွေ့နှင့်လှမ်းကာဝင်သွားနေကြသော တောဆင်ရိုင်းမကြီးနှင့် ဆင်ဖြူလေးတစ်ကောင်။ ညသည် တိတ်ဆိတ်ပြီးတော့ ကျန်ရစ်ခဲ့လေသည်။ နောင်နှစ်ပေါင်းများစွာကြာသည်အထိ ဆင်ဖြူလေး၏ သတင်းကို မရတော့။

ကြိုးစားပါဦးမည်

**မင်းစက္ကူ**

BURMESE CLASSIC .com



www.burmeseclassic.com